ချစ်စံနှုန်း

စိစစ်ကြီးကြပ်သူ

မော်လာနာ ဟာဖိဇ် မုဟမ္မဒ် အေလ်ယာစ်

(အရှ်ရဗီယာ+အဗီဗီယာ)

သွေယာအွလ်အုလူးမ်ဟာဖိဇ်သင်တန်းကျောင်း

အမှတ် (၇) - သာစည်မြို့။

ရှာဖွေစုဆောင်းတင်ပြသူ

ချမ်းမြေ့ကြည်သာ (သာစည်)

(သင်တန်းသူများအတွက် ကန့်သတ်)

ကိုယ့်အလှကိုယ်ဆင်

ယဉ်အောင်သာချယ်သ

သူ့အလှဂုဏ်သိန်ညှိုးအောင်

နှိမ်မချိုးရ

ကိုယ့်အစွမ်းကိုယ်မြှင့်တင်

ပီပြင်အောင်ပြ

သူ့စွမ်းအင် သူ့လုပ်ရပ်

မပုတ်ခတ်ရ

ပန်ကြားလွှာ

ချစ်နပီမိုဟမ္မဒ်(စွလ္လလ္လာဟုအလိုင်းဟေဝစလ္လမ်) အမည်ကို ဖတ်သောအခါ

(စွလ္လလ္လာဟုအလိုင်းဟေဝစလ္လမ်)

- ▶▶ နဗီတမန်တော်များ၏ အမည်ကိုဖတ်လျှင် (အလိုင်းဟစ္စလာမ်)
- ▶▶ စွဟာဘာ၏အမည်ကိုဖတ်လျှင် (ရဒွေယောလ္လာဟုအန်းနှ်ဟို)
- ▶▶ စွဟာဘီယာ၏အမည်ကိုဖတ်လျှင် (ရဒွေယောလ္လာဟုအန်းနှ်ဟာ)
- ▶▶ ဝလီသူတော်စဉ်တို့၏ အမည်ကိုဖတ်လျှင် (ရဟ်မတုလ္လာဟိအလိုင်းဟ်)

ဟု ဆက်တွဲ၍ ဖတ်ကြပါရန် ။ ပန်ကြားအပ်ပါသည်။

[ဆန်းသစ်စွာ

ဖတ်ရှုခံစားနိုင်ကြစေရန်အတွက်

ချစ်စံနမူ အား စကားပြောပုံစံဖြင့်

ရေးသားထားပါသည်]

بسم الله الرحمن الرحيم

'သနားကြင်နာတော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏'

ချစ်စံနမူ

ဤခေါင်းစဉ်အတွက် နိဒါန်းအနေနဲ့ **အချစ်** ဘာလဲ ?

ပထမသရုပ်ခွဲကြည့်ကြရအောင်...နော်...

" အမှန်တကယ်တော့ **အချစ်** ဆိုတာ... စွဲလမ်းခြင်းပါ..."

" တစ်ချို့က **အချစ်** ဆိုတာ ပေးဆပ်ခြင်းပါတဲ့..."

" တစ်ချို့ကတော့ **အချစ်** ဆိုတာ ရယူပိုင်ဆိုင်ခြင်းဖြစ်ပါတယ်တဲ့"

အချစ် နှင့်မကင်းကြတဲ့သူတွေရဲ့ စိတ်အားသန်ရာသုံးသပ်ချက်တွေပါ။

ဘယ်သူမှမမှားကြပါဘူး၊ ဒါပေမယ့် တယူသန်တဖက်သတ် မတွေးကြဘဲ ဒီသုံးသပ်ချက်(၂)ရပ်စလုံးကို အချစ်မှာ ထည့်သွင်းသုံးနှုန်းခဲ့ရင် ပိုမိုပြည့်စုံမှန်ကန် သွားပါလိမ့်မည်။

ချစ်သူ အတွက် မိမိရဲ့ဘဝကိုစတေးရင်း ပေးဆပ်ခြင်းဖြင့် "ချစ်သူရဲ့ **အချစ်** (တနည်းအားဖြင့်) ချစ်သူရဲ့ကျေနပ်နှစ်သက်မှု" ကို ရယူခြင်းဟာ **အချစ်** ပဲဖြစ်ပါတယ်။

တကယ်တော့ ဒီကမ္ဘာကြီးကို **အချစ်** နဲ့ ထုံမွှမ်းတည်ဆောက်ထား တာပါ။ ဒါကြောင့်လဲ လူသားတွေဟာ **အချစ်** နဲ့ ဆက်နွယ်ပတ်သက်လျက် ရှိနေကြပါတယ်။

မိဘတို့ရဲ့ **အချစ်**၊ သား/သမီး **အချစ်**၊ ဆွေမျိုးသားချင်း **အချစ်**၊ သူငယ်ချင်းမိတ်ဆွေ **အချစ်** ၊ ဆရာ့ **အချစ်** ၊ တပည့် **အချစ်** ၊ လက်အောက်ငယ်သားတို့ **အချစ်** စသည်ဖြင့် ပြောက်များစွာသော **အချစ်** တွေကရှိနေကြပါတယ်။ ယုတ်စွအဆုံး မိမိရဲ့အိမ်မှာ မွေးမြူထားတဲ့ တိရိစ္ဆာန်တွေရဲ့ အပေါ်မှာပင် **အချစ်** တွေထားတတ်ကြပါတယ်။ **အချစ်** အတွက်စတေးခြင်း၊ ပေးဆပ်ခြင်းတို့ကို ပြုလုပ်နေကြပါတယ်။ အဲဒီလို ပြုလုပ်ရင်းနဲ့ မိမိတို့ချစ်သူတွေရဲ့ **အချစ်** ကို ပြန်လည်ရယူတတ်ကြပါတယ်။

အချစ် နဲ့တည်ဆောက်ထားတဲ့ ဒီကမ္ဘာကြီးမှာ ကမ္ဘာဦးအစက ယခုထိတိုင် **အချစ်** ဇာတ်လမ်းပေါင်းများစွာ ရှိခဲ့ကြပါတယ်။ ယခုလည်းပဲ ရှိနေဆဲပါ။ ရှေ့သို့ ဆက်၍ ဆက်၍လည်း ရှိနေဦးမှာပါ။

အဲဒီလိုချစ်ဇာတ်လမ်းပေါင်းများစွာ၊ မျိုးစုံထဲကပဲ ဂန္ထဝင်ချစ်ဇာတ်လမ်းလား၊ ဒဏ္ဍာရီချစ်ဇာတ်လမ်းလားမသိရတဲ့ **အချစ်** ဇာတ်လမ်းလေးတစ်ပုဒ်ကတော့ဖြင့် မွတ်စ်လင်မ်များရဲ့ ပါးစပ်ရာဇဝင်မှာ အထင်ကရကျန်ရစ်နေခဲ့ ပါတယ်။ အဲဒါကတော့ "လိုင်လာ" နဲ့ "မဂျွန်" တို့ရဲ့ချစ်ဇာတ်လမ်းလေးပါ။

"လိုင်လာ" နဲ့ "မဂျွန်" ဆိုရင်ပဲ ကြားလိုက်ရတဲ့ မွတ်စ်လင်မ်များဟာ ခေါင်းထောင်ထလာတတ်ကြပါတယ်။ မျက်လုံးတွေ ကျယ်လာတတ်ကြပါတယ်။ နားတွေစွင့်လာတတ်ကြပါတယ် . . ။ အဲဒီလို စိတ်ပါဝင်စားကြရ လောက်အောင်ကိုပဲ "လိုင်လာ" နဲ့ "မဂျွန်" ဟာ မွတ်စ်လင်မ်များနဲ့ ရင်းနှီး ကျွမ်းဝင်လှပါပေတယ်။

တစ်ချိန်တစ်ခါက ဒီကမ္ဘာမှာ "လိုင်လာ"ဆိုတဲ့ အမျိုးသမီးလေး တစ်ဦးကို "မဂျနွန်" ဆိုတဲ့ အမျိုးသားတစ်ယောက်က အရူးအမူး စွဲလန်းပြီး အရူးအမူးချစ်ခဲ့ဖူးပါတယ်။

စာရေးသူကြား/မှတ်ခဲ့ရသလောက် အဲဒီချစ်သူနှစ်ဦးရဲ့အကြောင်းကို ဤစာစဉ် ချစ်စံနမူ ရဲ့ နိဒါန်းအဖြစ် ပြန်လည်တင်ပြရေးချပါရစေ။

မဂျနွန်ဟာ လိုင်လာ့အပေါ်မှာ ငယ်စဉ်ကာလ ဓာလေးဘဝ ကျောင်းနေစဉ်ကတည်းကပင် ချစ်ခင်နှစ်သက် စွဲလန်းခဲ့တာပါ။ မဂျနွန်ရဲ့အချစ်က စွဲလန်းချက် နက်ရှိုင်းသလောက် ခံစားချက်ကလည်း ပြင်းထန်လှပါတယ်။ စာမရလို့ လိုင်လာ့ကိုဆရာက လက်ဖဝါးမှာ (၃)ချက်ရိုက်လိုက်တော့ မဂျနွန် ခမျာမှာ ကိုယ်တိုင်အရိုက်ခံရသလိုပဲ ခံစားခဲ့ရရှာပါတယ်။

မဂျနွန်ရဲ့ လက်ဝါးပြင်မှာ ရိုက်ချက်ဒဏ်ရာ(၃)ချက် အရှိုးရာ အဖြစ်နဲ့ ထင်ကျန်နေရစ်ခဲ့ပါတယ်။ အရိုက်ခံရသူက "လိုင်လာ"၊ "လိုင်လာ"နဲ့ထပ်တူ ထပ်မျှ ခံစားလိုက်ရသူက မဂျနွန်ပါ။ လက်ဝါးပြင်မှာ အရှိုးရာ(၃)ခုကို မဂျနွန်က လိုင်လာမြင်သာအောင် ဖြန့်၍ပင်ပြခဲ့ ရှာပါတယ်။

ဒါကတော့ စွဲလန်းမှုတွေနဲ့ အရူးအမူးဖြစ်နေတဲ့ အချစ်ကြီးတတ်သူတို့ရဲ့ သက်သေခံပြယုဂ်တစ်ခုပါပဲ ဖြစ်နိုင်ချေ ရှိ/မရှိ ဆိုတာကတော့ ချစ်တတ်လွန်း သူတွေရဲ့ စိတ်ခံစားချက်ကိုသာလျှင် အရင်းခံပြီး သက်သေပြုကြရမှာပါပဲ။

အဲဒီလို ငယ်ကကျွမ်းဝင် ချစ်ခင်စွဲလန်းလာခဲ့တဲ့ မဂျနွန်ရဲ့အချစ်ကို လိုင်လာရဲ့လူကြီးမိဘတွေက သိကုန်ခဲ့ကြတော့ သူတို့သမီးနဲ့ သဘော မတူနိုင်ခဲ့ကြလို့ လိုင်လာကို တစ်မြို့တစ်ရွာကို ပို့ပစ်လိုက်ကြပါတယ်။

ချစ်သူနဲ့ခွဲခွာရခြင်းကြောင့် ကျန်ရစ်သူမဂျူနွန်ခမျာမှာ ဝမ်းနည်းကြေကွဲစွာ ခံစားခဲ့ရပါတယ်။ နလုံးသားဝေဒနာကို ပြင်းပြနာကျင်စွာ ခံစားပြီး အရူးပမာဖြစ်ခဲ့ရ ပါတယ်။ မဂျူနွန်ဆိုတဲ့ အဓိပ္ပါယ်ကိုက "အရူး" ဖြစ်နေပါတယ်။ လိုင်လာ့အချစ်နဲ့ ရူးနေတဲ့မဂျူနွန်ကို ပတ်ဝန်းကျင်က ပေးထားတဲ့အမည်ပါ။ ဒီအမည်နဲ့ပဲ ကျော်ကြားလူသိများခဲ့ပြီး မိဘပေးထားတဲ့အမည်ရင်းပင် မပေါ်လွင်တော့ပါ။

မဂျူနွန်ဟာ လိုင်လာ့ကိုလယ်လိုတယ်နည်းနဲ့ ပြန်လည် ဆုံတွေ့ရလေမလဲဆိုတာ အမြဲတွေးလို့ဆွေးနေခဲ့ရရှာတယ်။

တစ်နေ့တော့လိုင်လာနေတဲ့မြို့မှာ လိုင်လာရဲ့ မိဘတွေ အလှူကြီးပေးမယ့်သတင်း ပေါ်ထွက်လာပါတယ်။ အလှူပွဲမှာ အလှူခံလာသူတွေကို လိုင်လာ ကိုယ်တိုင် လောင်းလှူမယ့်သတင်းတွေက မဂျူနွန်တို့ရဲ့မြို့မှာ ရောက်လာခဲ့တယ်။ မဂျူနွန်အတွက် ဒီသတင်းတွေကြောင့် ဝမ်းမြောက်မှု အထွင့်အထိပ်ကို ရောက်ရှိ ခဲ့ရတယ်။

ဒီတော့ အချစ်ကြီးလှတဲ့မဂျူနွန်ဟာလုပ်သလဲ မိမိမြို့ကအလှူခံစားတဲ့ သူတောင်းစားအဖွဲ့ထဲမှာ ပါဝင်ရောနှောလိုက်ပါတော့တယ်။ သိပ်ချစ်တတ်တဲ့ မဂျူနွန်အတွက်ကတော့ ဒါဟာစွန့်စားမှု အသေးအဖွဲလေးပမာပါပဲ။ မဂျူနွန်က အချစ်နဲ့သိက္ခာကို ဒီလိုပဲလဲလှယ်ပစ် လိုက်ပါတယ်။

ချစ်တဲ့သူလိုင်လာနဲ့တွေ့ဆုံဖို့ရာအတွက် ချစ်သူလိုင်လာရဲ့ မျက်နှာလေးကို တွေ့မြင်နိုင်ရန်အတွက် မဂျူနွန်ဟာ သူတောင်းစားအဖွဲ့နဲ့ ရောနှောကာ လိုင်လာတို့မြို့ကို ခြေလျင်ခရီးပြင်းနှင်ခဲ့ရှာတယ်။ ကြည်နူးဝမ်းသာ ပီတိဖြစ်မှုတွေကြောင့် မဂျူနွန်ဟာ မောရမှန်း/ပန်းရမှန်းပင် အလျဉ်းမသိခဲ့ရှာပါ။ ဒါဟာအရူးအမူး ချစ်တတ်ကြတဲ့ အချစ်ရူးသူတို့ရဲ့ အသွင်ဓလေ့တစ်ခုပဲဖြစ်ပါတယ်။

လိုင်လာတို့မြို့ကို မရောက်ခင်မှာ လွင်ပြင်(ကွင်းပြင်)တစ်ခုကို ဖြတ်သန်းကြရပါတယ်။ အဲဒီအချိန်မှာ ရင်ထဲမှာ လိုင်လာ၊ မျက်ဝန်းထဲမှာ "လိုင်လာ"၊ အသွေးအသားထဲမှာ "လိုင်လာ"နဲ့ ဖြစ်နေအောင်ကိုပဲ စွဲလန်းနေတဲ့ 'မဂျနွန်ဟာ ကွင်းပြင်ထဲမှာ နမားဇ်ဝတ်ပြုနေသူ တစ်ယောက်ကို လုံးဝမမြင်မိဘဲ ထိုဝတ်ပြုသူရဲ့ ရှေ့မှောက်က ဖြတ်လျှောက်သွားခဲ့မိတယ်။ နမားဇ်ဝတ်ပြုသူက ဒေါသူပုန်ထကာ နမားဇ်ဝတ်ပြုနေတာကို မမြင်ရကောင်းလားဆိုပြီး ရန်တွေ့ပါတော့တယ်။

လိုင်လာရဲ့ချစ်စိတ်တွေနဲ့ "ဟုန်"နေတဲ့ မဂျနွန်က အံ့အားတသင့်နဲ့ (သူဟာ ချစ်သူလိုင်လာကို ချစ်ခင်စွဲလန်းစိတ်ကြောင့် သင်ပင်မက ဘာဆိုဘာကိုမှ မမြင်မိတဲ့အကြောင်း အသင့်ကိုလည်း မမြင်မိပါကြောင်း အကယ်၍သာ အသင်သည်လည်း ခိုဒါအသျှင်မြတ်၏ အပေါ်မှာ ကျွန်ုပ်ကဲ့သို့ ချစ်စိတ်/စွဲလန်းစိတ်' မျိုးအား အမှန်တကယ် ထားရှိခဲ့မည်ဆိုလျှင် သင်၏ရှေ့မှောက်မှ ဖြတ်လျှောက်သွားခဲ့သော ကျွန်ုပ်ကိုအသင်မြင်နိုင်ရန် အကြောင်းမရှိပါပေဟု ရှင်းပြပြောဆိုပြီး အာရုံစိုက်ခြင်း၊ စိတ်စွဲလန်းခြင်းမရှိတဲ့ နမားဇ်မျိုးကို ဝတ်ပြုနေသူခိုဒါ၏ ဗန္ဒာ တစ်ယောက်အား မဂျနွန်က သူနှင့်ပမာပြုနိုင်းယှဉ်ပြီး သွန်သင်ဆုံးမ လမ်းညွှန် ပြသခဲ့ပါသေးတယ်။

မဂျနွန်ရဲ့စကားရပ်တွေအပေါ်မှာ ထိုလူသားဟာ ပြန်လည်မချေပနိုင်ခဲ့ဘဲ မဂျနွန်ရဲ့သီအိုရီအပေါ်မှာ စဉ်းစားသုံးသပ်ကာ ကျန်ရစ်နေခဲ့ပါတယ် မဂျနွန်ရဲ့ စကားရပ်တွေကို အရူးစကားပဲဆိုပြီး ပယ်ချ၍မရပါ။ တကယ်တော့ မဂျနွန်ရဲ့ ကိုယ်ချင်းစာ ပမာပြုပြီး ပြောကြားခဲ့တဲ့ပုံစံမျိုး အတိုင်း မိမိတို့ရဲ့အသျှင်သခင်နဲ့ ဆက်သွယ်ကြတဲ့နေရာမှာ (နမားဇ် ဝတ်ပြုကြတဲ့နေရာမှာ) မဂျနွန်ရဲ့ ချစ်စိတ်မျိုး စွဲလန်းစိတ်မျိုးကို

အသုံးချကာ ကြိုးပမ်းသွားကြရမှာဖြစ်ပါတယ်။

မဂျုနွန်ဟာလိုင်လာနေထိုင်ရာမြို့ကို ဆက်လက်ချီတက်သွားခဲ့ရင်း လိုင်လာနေထိုင်တဲ့ မြို့ရိုးတံတိုင်းကိုပင် လှမ်းကြည့်လျှင်မြင်နိုင်ပေပြီ။ ဒီမြို့ထဲမှာ ချစ်တဲ့သူ လိုင်လာရှိနေတယ်ဆိုတဲ့အသိနဲ့ အပြေးအလွှားသွားခဲ့ပြီး စိတ်ကို မထိန်းနိုင်တော့ဘဲ မြို့ရိုးတံတိုင်းကို မက်မောစွာပင်နမ်းရှုံ့မိခဲ့ပါတော့တယ်။

ကမ္ဘာ့ချစ်တတ်ကြသူတွေအားလုံးထဲမှာ ပိုချစ်တတ်လွန်းတဲ့ မဂျုနွန် အဖြစ် စံချိန်ချိုးခဲ့ပါတယ်။ မြို့ရိုးတံတိုင်းကို နမ်းရှုံ့တာကိုမြင်တော့ အတူပါလာခဲ့တဲ့ အဖော်သူတောင်းစားအဖွဲ့က ပြက်ရယ်ပြုပြီး ရယ်ကြတယ်။ ဒါပေမယ့် မဂျုနွန်က တော့ ဘာဆိုဘာကိုမှ ဂရုမစိုက်ခဲ့ဘူး အဲဒါ **အချစ်** ကြောင့်ပဲ ဖြစ်ပါတယ်။

ထိုအချိန်မှာပင် မြို့တွင်းကခွေးလေးတစ်ကောင်က မြို့ပြင်ကို ပြေးထွက်လာတာ ကို တွေ့မြင်ရတယ်။ အဲဒီအချိန်မှာလည်း မဂျုနွန်က လိုင်လာနေတဲ့မြို့ကခွေးလေးပဲ ဆိုတဲ့အသိနဲ့ ခွေးလေးကိုပြေးဖက်ပြီး နမ်းရှုံ့လိုက်ပြန်တယ်။ ဒီလုပ်ရပ်အပေါ်မှာ လည်း အဖော်သူတောင်းစားအဖွဲ့က ဟားတိုက်ပြီးရယ်ကြပြန်တယ်ပေါ့။ ဒါပေမယ့် မဂျုနွန်ကတော့ ဘာကိုမှဂရုမစိုက်ခဲ့ဘူး။ အဲဒါဟာလည်း **အချစ်** ကြောင့်ပဲဖြစ်တယ်။ ကမ္ဘာ့အချစ်တတ်ဆုံးလူသား မဂျုနွန်ပါ။ ရင်ထဲမှာ "လိုင်လာ"၊ မျက်ဝန်းထဲမှာ "လိုင်လာ"၊ တစ်ကိုယ်လုံးရဲ့ အသွေးအသားတွေထဲမှာ "လိုင်လာ"ပဲ ရှိနေခဲ့တယ်လေ။ တကယ်တော့ မဂျုနွန်ဟာ အချစ်ဆိုတဲ့ ယမကာနဲ့ယစ်မူးပြီး အချစ်ရူး ရူးနေခဲ့တာဖြစ်ပါတယ်။

အလှူခံသူတွေဟာ လိုင်လာတို့အိမ်ရှေ့မှာ ရှေ့နောက်တန်းစီပြီး အလှူခံကြတယ်။ လိုင်လာက လှူဘွယ်ရာပစ္စည်းများကို တစ်ယောက်

ချင်းစီ ပေးဝေလှူဒါန်းနေတယ်။ မဂျူနွန်က အလှည့်ကျပြီးသား အလှူပစ္စည်းများကို လက်ခံရယူပြီးသား ဖြစ်ပါလျက်နဲ့ ချစ်သူရဲ့မျက်နှာကို အကြိမ်ကြိမ် ကြည့်မြင်နိုင်ရန်အတွက် လှူတဲ့ ပစ္စည်းတွေကို သွန်ပစ်ကာ နောက်ဆုံးက ပြန်လည်၍တန်းစီခဲ့ပါတယ်။ အကြိမ်ကြိမ် အဲ့ဒီအတိုင်းပဲ လုပ်နေခဲ့မိတယ်။ ကြည့်မဝ/ရှုမဝချစ်သူ လိုင်လာရဲ့ မျက်နှာလေးကို အကြိမ်ကြိမ်ကြည့်ရှုနိုင်ရန်အတွက် မဂျူနွန်ရဲ့ကြိုးပမ်းချက်ပေါ့။

အကြိမ်ကြိမ်အခါခါ ဒီလိုလုပ်လာနေတော့ လိုင်လာရဲ့ မိဘတွေဟာ သူတောင်းစားပုံစံနဲ့ ရပ်ဖျက်ရောက်လာခဲ့တဲ့ မဂျူနွန်ဖြစ်ကြောင်းကို ရိပ်မိသိရှိသွားကြတယ်။ ဒီတော့အလှူပေးနေခြင်းကို ချက်ခြင်းပဲ ရပ်လိုက်ကြတယ်။ မဂျူနွန်နဲ့ သူတောင်းစားအဖွဲ့တို့ကလည်း မြို့ပြင်ဇရပ်မှာ သွားရောက်ကာ တည်းခိုနေထိုင်ခဲ့ကြပါတယ်။

လိုင်လာ့ကိုတွေ့မြင်ရပြီးကာမှ မဂျူနွန်ခမျာမှာ ပို၍ပင်စွဲလန်းမှု ချစ်စိတ်တွေက ရင်ထဲမှာပြည့်သိပ်၍လာခဲ့ရပေပြီ။ အများနည်းတူ ဇရပ်ပေါ်မှာပင် အေးဆေးစွာ မနေထိုင်နိုင်ရှာပါ။ ဇရပ်ပေါ်မှဆင်းပြီး ဇရပ်နဲ့မနီးမဝေး သဲသောင်ပြင်ပေါ်တွင် ချစ်သူလိုင်လာရဲ့ အမည်လေးများကို ရေးကာ ရေးကာဖြင့်နေခဲ့ရှာပါတယ်။

မိုးသက်လေပြင်းဝေ့ဝဲတိုက်ခတ်လို့ ချစ်သူရဲ့အမည်လေး သဲသောင်ပေါ်က ပျောက်ပျက်သွားခဲ့လျှင် ထပ်မံ၍ရေးပြီးရင်း ရေးရင်းနဲ့ပဲ လိုင်လာဆိုတဲ့ အမည်လေးထဲမှာပဲနစ်မွန်းကာ သံသရာလည်နေခဲ့ပါတယ်။ အဲဒီလို အချစ်ကြီးခဲ့တဲ့ စွဲလန်းမှုအထွဋ်အထိပ်ဖြစ်ခဲ့သူ မဂျူနွန်ပါ။ မကြာမီ မိုးရွာလာတော့ ရေးထားသမျှ လိုင်လာဆိုတဲ့အမည်တွေက ပျက်ယွင်းသွားပါတယ်။ မဂျူနွန်ကလည်း မိုးကြောင့် ပျက်ယွင်းခဲ့တဲ့ နာမည်တွေကို ထပ်ခါတလဲလဲပဲ ရေးနေခဲ့ပါတယ်။ မိုးရွာနေတာကိုပင်

သူဟာသတိမထား။ ဂရုမစိုက်နိုင်ခဲ့ပါဘူး။ အဲ့ဒီလိုအချစ်နဲ့ရူးနေတဲ့ အချစ်ရူး မဂျူနွန်ပါ။

အချိန်တွေကြာလာတော့ မိုးရေမိပြီး မဂျူနွန်ဖျားပါတော့တယ်။ မိုးရေထဲက မဂျူနွန်ကိုကြည့်ပြီး ဇရပ်ပေါ်ကအဖော်တွေက တစ်ချို့က ရယ်မောကြ၊ တစ်ချို့ကလည်း ကရုဏာဒေါသနင့်သတိပေးကာ ဇရပ်ရိပ် မှာလာနိုဖို့ အော်ဟစ်ပြောဆိုခဲ့ကြပါတယ်။ ဒါပေမဲ့အချည်းနှီးပါပဲ။ မဂျူနွန်ကတော့ မိုးရေကြောင့် ပျက်ယွင်းသွားတဲ့ လိုင်လာရဲ့ အမည်လေး တွေကိုပဲ ရေးရင်း ရေးရင်းနဲ့ လိုင်လာရဲ့ချစ်စိတ်တွေထဲမှာပဲ နစ်မျော ပျော်ရွှင်နေခဲ့ပြီး အရာရာကိုမေ့နေခဲ့ပါတယ်။

မဂျူနွန်ဟာ အစား၊ အအိပ်၊ အနေအထိုင်တွေချို့ယွင်းမှုနဲ့ မကျန်းမမာဖြစ်ပြီး ပိန်ချုံးချိနဲ့၍လာခဲ့တယ်။ သူတောင်းစားတစ်ချို့ရဲ့ သတင်းပေးမှုနဲ့ ဒီသတင်းကို လိုင်လာသိသွားခဲ့တယ်။ လိုင်လာဟာ မဂျူနွန်ရဲ့အချစ်ကို တန်ဖိုးထားတတ်သွားပြီး သနားစိတ်နဲ့ပြန်လည်၍ ချစ်စိတ်ဝင်လာခဲ့တယ်။

လိုင်လာက မဂျူနွန်နေကောင်းကျန်းမာအားရှိလာစေရန် လူယုံ အိမ်စေတစ်ယောက်နဲ့ မဂျူနွန်ထံကို နွားနို့များပို့စေခဲ့တယ်။ မြို့ပြင်ဇရပ်မှာ အိမ်စေက နွားနို့သွားပို့ရင်း "မဂျူနွန်ဘယ်မှာလဲ" မေးရင်း သူသူငါငါ သူတောင်းစားတွေက "မဂျူနွန်ဟာ ကျွန်တော်ပါ" ဆိုပြီး နွားနို့တွေကို လိမ်ညာပြီး သောက်ခဲ့ကြတယ်။

နေပူမရှောင်၊ မိုးရွာမရှောင် သဲသောင်ပြင်ပေါ်မှာ ချစ်သူရဲ့အမည်ကို ရေးသားပြီး အကျိုးမဲ့သိကျူးမှုတွေနဲ့ ကြည်နူးမှုပီတိတွေကိုသာ စားနေရ ရှာတဲ့အချစ်ရူး မဂျူနွန်အစစ်ကိုတော့ဖြင့် ဘယ်သူမှ "သူဟာမဂျူနွန်ပါ" လို့ မညွှန်ပြခဲ့ကြပါဘူး။ လိုင်လာရဲ့အစေခံ ပို့လာတဲ့နို့တွေကို ရက်အတော်ကြာ

အောင်ပဲ ဇရပ်ပေါ်ကလူတွေလိမ်ညာပြီး သောက်နေခဲ့ကြပါတယ်။ ကြာလာတော့အိမ်စေက သံသယနဲ့ရိပ်စားမိလာပြီး မိမိရဲ့သခင်မ လိုင်လာကို အသိပေးတိုင်ကြားလိုက်တယ်။ လိုင်လာကလည်း မဂျနွန်အစစ်ကိုတွေ့ရန် ကြံဖန်လိုက်ပုံက နို့သောက်သူထံက "သွေး" အလှူခံလိုက်ပါတယ်။ သူမကိုတကယ်ချစ်ရင် သက်သေအဖြစ် ချစ်သွေးများဖောက်ထုတ်ပေးပါရန် တောင်းခံပါတယ်။ အဲဒီတော့မှ နို့လိမ်သောက်ခဲ့ကြတဲ့ မဂျနွန်အတုတွေက မဂျနွန်အစစ်ကို ညွှန်ပြ ခဲ့တော့တယ်။ မိုးရွာထဲက သဲသောင်ပြင်ပေါ်မှာ ပါးလျပိန်ချုံးကျနေတဲ့ လူတစ်ယောက်ကို မဂျနွန်ဟာသူပဲလို့ ညွှန်ပြခဲ့ကြပါတယ်။ ဇရပ်ပေါ်က လူတွေကို မသင်္ကာနေတာကြာပြီဖြစ်တဲ့အိမ်စေက သောင်ပြင်ထက်မှာ သဲတွေပေါ်စာရေးနေတဲ့လူဆီကို သွားရောက်ခဲ့တော့ သဲပြင်ပေါ်မှာ လိုင်လာဆိုတဲ့အမည်များကို ရေးလျက်သားတွေ့ရလေတော့မှ မဂျနွန်အစစ်ဟာ သူပဲဆိုပြီး ပါလာခဲ့တဲ့ နွားနို့ရည်ကို တိုက်ကျွေးကာ သွေးကို လိုင်လာက ချစ်သက်သေအဖြစ်လိုလားလို့ တောင်းခံလိုက်ပါကြောင်းကိုပြောပြခဲ့တယ်။ နို့ခွက်ထဲကို ချစ်သွေးဖောက်ထည့်ပြီး ချစ်သက်သေပြခဲ့ပါတယ်။

ချစ်သူရဲ့(ခစ်ဒ်မဒ်) ပြုစုတဲ့နို့ရည်ကို နောက်ဆုံးမှ တစ်ကြိမ်သာ လျှင် သောက်ခွင့်ရခဲ့သော်လည်း မဂျနွန်ဟာ လိုင်လာ တောင်းဆိုခဲ့တဲ့ ချစ်သွေးကို လက်မောင်းသွေးဖောက်ပြီး နို့ခွက်ထဲမှာထည့်ပေးရှာခဲ့တယ်။

မဂျနွန်ဟာချစ်သူတိုက်ကျွေးတဲ့ နို့ရည်ကိုသောက်သုံးပြီး အားအင်များ ပြည့်ဝလာသလိုခံစားရတဲ့အပြင် များစွာမှလည်း ပျော်ရွှင် ကြည်နူးမှုကိုရရှိခဲ့ပါတယ်။ ဒါပေမဲ့ မဂျနွန်အတွက် ဒီနို့ရည်ဟာ ပထမဆုံးအနေနဲ့ နောက်ဆုံးအဖြစ် သောက်ခဲ့ရတာပဲဖြစ်တယ်။ မဂျနွန်နဲ့လိုင်လာတို့ရဲ့ ဆက်သွယ်မှုတွေကို လိုင်လာရဲ့ မိဘတွေကရိပ်စား

မိကြပြီး အိမ်စေဟာလည်းနောက်ထပ်ပို့ခွင့် မရတဲ့အပြင် လိုင်လာ့ကိုလည်း ပို၍လုံခြုံစွာနဲ့ ထိန်းသိမ်းစောင့်ရှောက် ထားလိုက်ကြပါတော့တယ်။ ဘယ်ကိုမှလည်းထွက်ခွင့်မပေးတော့ပါ။ ဒီတော့လည်း မဂျနွန်နဲ့ လိုင်လာတို့ရဲ့အခြေအနေတွေက ဝေးသည်ထက်ဝေးစေတဲ့ အခြေအနေတွေမှာ ရောက်ရှိသွားခဲ့ရပါတယ်။

ချစ်သူတိုက်တဲ့ အဟာရန္တားနို့လေးကိုနောက်ဆုံးရက်မှာမှ သောက်ခွင့်ရခဲ့ရှာတဲ့ မဂျနွန်ဟာ အားအင်တွေ ပြည့်ဝသလို ခံစားပီတိဖြစ်ရှိရင်းနဲ့ နေ့စဉ် သောက်ရလေနိုးနိုး မျှော်ကိုး၍သာနေခဲ့ရှာတယ်။ ဒါပေမယ့်လည်း ရက်တွေသာကြာ မျှော်ရရှာသော်လည်း ပေါ်မလာလေတော့ မဂျနွန်ခမျာ ဇရပ်ကိုစွန့် အပေါင်းအသင်းများကိုကျောခိုင်းပြီး စိတ်လေလွင့်သရွေ့ ခြေဦးတည့်ရာကို လျှောက်သွား၍သာနေခဲ့ပါတယ်။

ဇာတ်သိမ်းခန်းမှာတော့ အချစ်ကြီးသူ၊ အချစ်ရူးသူတို့ရဲ့ ဇာတ်လမ်း နိဂုံးချုပ်ဂှာတော့ မိဘလက်ထဲမှာ ထွက်ရပ်လမ်းမရှိ အကျယ်ချုပ်နဲ့နေရရှာတဲ့ လိုင်လာဟာလည်း အသဲကွဲပြီး နလုံးသားဝေဒနာနဲ့ပဲ သေသွားရှာပါတယ်ပေါ့။

ကမ္ဘာပတ်ကာ ခြေဦးတည့်ရာကို အသည်းကွဲဝေဒနာခံစားပြီး လျှောက်သွားနေခဲ့တဲ့ မဂျနွန်ဟာ တစ်နေ့မှာ ချစ်သူလိုင်လာရဲ့ နာရေးသတင်းစကားကို ကြားသိလိုက်ရပါတယ်။

ချစ်သူရဲ့နာရေးသတင်းကို ကြားရလျှင်ကြားရချင်း ချစ်သူကို မြှုပ်နှံရာ သင်္ချိုင်းကဗရ်ကို အရောက်လာခဲ့မိပါတယ်။ ချစ်သူရဲ့ သေဆုံးကွယ်လွန်ခြင်းက မည်မျှတိုင်ကြာသွားခဲ့ပြီလည်းဆိုလျှင် မဂျနွန်ရဲ့ချစ်သူ လိုင်လာရဲ့ အုတ်ဂူလေးကတော့ ဟောင်းနွမ်း၍နေခဲ့လေပြီ။ သစ်ပင်ချုံနွယ်များမှုံးအုပ်၍နေခဲ့ပေပြီ။

မဂျနွှန်ဟာ ချစ်သူလိုင်လာထာဝရအိပ်စက်လဲလျောင်းရာ အုတ်ဂူလေးရဲ့ဘေးမှာ စိတ်ချလက်ချနဲ့ လဲလျောင်းလိုက်ရှာတယ်။ ချစ်သူလိုင်လာနဲ့ သူဟာအနီးကပ်ဆုံးဖြစ်သွားခဲ့ပြီ ဘယ်တော့မှ မကွဲကွာတော့ဘူး။ ဘယ်သူ တစ်ဦးတစ်ယောက်ရဲ့ အနှောင့်အယှက်မှ လည်း မရှိတော့ဘူးဆိုတဲ့ အသိတရားတွေက နှလုံးသားမှာ ဝင်ရောက် ခံစားလာခဲ့ရတယ်။ ခန္ဓာကိုယ်ရဲ့ ပင်ပန်းနွမ်းနယ်မှုတွေ ပပျောက်စေဖို့ ချစ်သူရဲ့ဂူဘေးမှာ မဂျနွှန်တိုးကပ်လိုက်တယ်။ အလွမ်းလည်းပြေ၊ အပန်းလဲပြေသွားခဲ့လေတယ်။ ချစ်စိတ်တွေနဲ့ မာန်တင်းထားခဲ့တဲ့ စိတ်စေတသိတ်တို့ကိုလည်း ဖြေလျော့လို့ချလိုက်မိတယ်။

"ချစ်သူ အနားမှာရှိတယ်" ဆိုတဲ့အသိနဲ့ မဂျနွှန်ရဲ့ စိတ်အစဉ် ဟာ ငှက်အတောင်ကျွတ်ကလေးပမာပေါ့ပါး၍ လေထဲမှာပျံဝဲနေရသလို ခံစားရမိတယ်။ ပီတိလေးတွေကို တစိမ့်စိမ့်အရသာခံစားရင်းနဲ့ပဲ ချစ်သူ လိုင်လာရဲ့ အုတ်ဂူလေးဘေးမှာ လဲလျောင်းခြင်းသည်ပင်လျှင် မဂျနွှန်အတွက် "ထာဝရ"လဲလျောင်းခြင်း ဖြစ်သွားခဲ့လေပြီ။

အချစ်ကြီးသူ မဂျနွှန်နဲ့ လိုင်လာတို့ရဲ့ ချစ်ဇာတ်လမ်းကတော့ ဒီမှာတင်ပဲ အဆုံးသတ် ပြီးဆုံးခဲ့ပါပြီ။ စာရေးသူကို ဒီဇာတ်လမ်းအား ပြောပြသွားခဲ့သူမှာ- *သာစည်မြို့နယ် ဦးပင်ပေါက်ကျေးရွာနေ (မရှိတော့သူ) ဆရာကြီးဦးကာစင်မ်ဖြစ်ပါတယ်။ အသက်(၂၅)နှစ်အရွယ်မှာ အိန္ဒိယနိုင်ငံတွင် (၃)နှစ် ကြာပညာရှာနေထိုင်ခဲ့သူဖြစ်၍ ဇာတိမှာ ယင်းတော်ရွာမှဖြစ်ပြီး ဦးပင်ပေါက်ရွာတွင် အိမ်ထောင်ကျကာ ထိုရွာ၌ပင် အစိုးရမူလတန်းပြ ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ထို့အပြင် လေ့လာသင်ယူ ဆည်းပူးလိုသူများကို (အူရ်ဒူ) ဘာသာရပ်အား မိမိအိမ်တွင်သင်ကြား ပေးခဲ့သည့် ဆရာကြီးလည်း ဖြစ်ပေတယ်။ (အူရ်ဒူ)အပြင် ဟင်ဒီနှင့် ဖါရစီတို့ကိုလည်း ပူးတွဲသင်ပြပေးနိုင်ခဲ့ပါတယ်။*

ဆရာကြီးထံတွင် အခြေခံသင်ယူပြီး အာလင်မ်ပညာရှင်အဖြစ်သို့ တက်လှမ်းအောင်မြင်ခဲ့ကြတဲ့ အာလင်မ်များကိုလည်း ယနေ့သာသနာ့ဝန်ထမ်းများအဖြစ်နှင့် တွေ့မြင်နေရပါတယ်။ ဆရာကြီးသည် (တပ်ကာဝါ)နှင့်တကွ အေဗာဒတ်စွဲမြဲသူဖြစ်ပြီးလျှင် အသက်(၇၃)နှစ်တွင် အရဲဖတ်နေ့၌ အသျှင်အမိန့်တော်ခံယူပြီး အီဒွလ်အသွာဟာ (ကုရ်ဗာနီအီးဒ်)နေ့နှင့် သောကြာ)ဥပုသ်မှာအာနေ့ ရက်ထပ်သည့် ရက်မြတ်မှာ ဒဖွာန်ပြုခဲ့ပါတယ်။ (ဆရာကြီး၏ ကုန်ဆုံးခဲ့သော သက်တမ်းအပေါ်မှာ အလ္လာဟ်အသျှင်မြတ် ကျေနပ်နှစ်သက် သဘောတူတော်မူပြီး ကဗရ်နဲ့ဟာရှရ်မှာ"ငြိမ်းချမ်းခြင်း"အတိ ရရှိပါစေသော်)

"လိုင်လာနဲ့မဂျနွန်ရဲ့အကြောင်းကို ဆရာကြီးသိသမျှပြောပြပေးပါ"ဟု စာရေးသူရဲ့တောင်းဆိုမှုအပေါ်မှာ အထက်ပါအတိုင်း ဆရာကြီးကပြောပြခဲ့ပါတယ်။ ယခုစာရေးသူမှ စာရှုသူတို့အား ထပ်ဆင့်တင်ပြလိုက်ရပေပြီ။

- ဒီရာဇဝင်အချစ်ဇာတ်လမ်းလေးကို ပြန်လည်သုံးသပ်ကြည့်ပါလျှင် စာရေးသူရဲ့အမြင်ကတော့ မဂျနွန်ရဲ့အချစ်မျိုး စွဲလန်းမှုမျိုးဟာ (မခ်လူးက်) အဖန်ဆင်းခံတွေအချင်းချင်းအတွက် မထိုက်တန်ဘဲ - (ခါလိက်)" ဖန်ဆင်းတဲ့အသျှင် "၊ (ရာဇိက်) "ကျွေးမွေးတဲ့အသျှင်" (မာလိက်) " စိုးပိုင်တဲ့အသျှင်"ရဲ့ အပေါ်မှာသာ ထားရှိကြရန်ထိုက်တန်တယ်လို့ ယူဆယုံကြည်မိပါတယ်။

- အဖန်ဆင်းခံအချင်းချင်းအတွက် ထားရှိအပ်တဲ့တာဝန်ဝတ္တရားများကိုလည်း ထားသင့်/ချစ်သင့်တဲ့ အတိုင်းအတာထက် ပိုမိုလွန်ကဲစွာ မထားမိ၊ မချစ်မိကြရန် အထူးလိုအပ်သကဲ့သို့ လောကရဲ့ အချစ်များကြားထဲမှာပဲ တဝဲလယ်လယ်နဲ့နစ်မျောပြီး အချစ်မမှားမိကြရန်လည်း အထူးလိုအပ်လှပါတယ်ဟူ၍ ထပ်မံအကြံပြုအပ်ပါတယ်။

အို- စာရှုသူ မဂျုန္နန်ရဲ့အချစ်ကဲ့သို့ အချစ်မျိုး/စွဲလန်း တမ်းတမှုမျိုးကို မိမိတို့ရဲ့အသျှင်သခင် (အောလ္လာဟု ဂျလ္လဂျလားလို့ဟူ) အသျှင်သခင်ရဲ့ အပေါ်မှာသာလျှင် ထားကြရမှာဖြစ်တယ်။

(မအ်ဘူးဒ်) ချစ်မြတ်နိုးခြင်းခံထိုက်တော်မူသော အသျှင်မှာ- (အလ္လာဟ်) သာလျှင်ဖြစ်ကြောင်းကို ကောင်းစွာနားလည်ထားကြရမှာ ဖြစ်ပါတယ်။

မဂျုန္နန်ရဲ့ ချစ်ဇာတ်လမ်းက မွတ်စ်လင်မ်များကို အကျိုးပြု နေတာ တွေ့မြင်နေရပါတယ်။ ဒီဇာတ်လမ်းကို မွတ်စ်လင်မ်အချင်းချင်း သိမှတ်ကြရသလောက်နှင့် ဖောက်သည်ချပြောပြကြရင်းနဲ့ပဲ ဒီဇာတ် ကြောင်းထဲက တရားရယူစရာတွေကို ရှာဖွေရယူကြတယ်၊ လိုက်နာကျင့် သုံးကြတယ်၊ အမြတ်ထုတ်အမလ်လုပ်ကြပါတယ်။ အာလင်မ်သာသနာ့ ပညာရှင်များကလည်း မဂျုန္နန်ဟာ အချစ်ရူးတစ်ယောက်ပဲဆိုပြီး ပေါ့ပေါ့ မတွေးကြဘဲ သူ့အချစ်မျိုး၊ သူ့စွဲလန်းမှုမျိုးနဲ့ မိမိတို့ရဲ့ "အသျှင်သခင့်" အပေါ်မှာ ချစ်မြတ်နိုးကြရန် အသျှင့်အမိန့်တော်များကို အချစ်နဲ့ နာခံကြရန်ကို မဂျုန္နန်ရဲ့အချစ်အား ပမာထားပြီး ဆုံးမလမ်းညွှန် သွန်သင် ခဲ့ကြပါတယ်။

မဂျုန္နန်ရဲ့ ချစ်ဇာတ်လမ်းနဲ့ ပါတ်သက်ပြီး တစ်ချို့က မဂျုန္နန်က လိုင်လာရဲ့အရင်ကွယ်လွန်ပါတယ်လို့ ဆိုကြပါတယ်။ မည်သူကအရင် သေဆုံး ကွယ်လွန်သည်ဖြစ်စေ၊ ဤအချက်က ဇာတ်လမ်းရဲ့ အဓိက အချက်(ကျောရိုး)မဟုတ်ပါလေ။ မည်သူအရင်သေသေ ယခုတော့ နှစ်ဦးစလုံးမှာ ကွယ်လွန်ပြီးသားဖြစ်နေပါပြီ။

အဓိကအချက်က (မဂျုန္နန်ရဲ့ချစ်ခင်စွဲလန်းမှု)သည်သာလျှင်

ဇာတ်လမ်းရဲ့ ကျောရိုးဖြစ်ပြီး ထိုအချစ်မျိုးကိုဖန်ဆင်းသော၊ ကျွေးမွေးသောအသျှင်၊ စိုးပိုင်သောအသျှင်ရဲ့အပေါ်မှာ ထားရှိကြရန်အတွက် သာလျှင် ဤဇာတ်လမ်းကြောင်းအား ပြန်ပြောင်း ရေးသားတင်ပြလိုက်ရခြင်းပါ။

စာရေးဆရာများ၊ ကဗျာအလင်္ကာဆရာများကလည်း မဂ္ဂနွန်ရဲ့ အချစ်မျိုးကို စံပြုအတုယူပြီး မိမိတို့ရဲ့အသျှင်သခင်အပေါ်မှာ အချစ်ထားကြရန်ကို စာညာဏ်ကဗျာညာဏ်များနဲ့ကွန့်မြူးကာ ပုံစံအမျိုးမျိုး၊ ရှုထောင့်အသွယ်သွယ်မှ ချယ်လှယ်ဖွဲ့ဆိုရေးသား တင်ပြတိုက်တွန်းခဲ့ကြပါတယ်။

အဓိကအချက်က စွဲလန်းစိတ်နဲ့အသျှင်မြတ်ကို ချစ်ကြရန်ဘဲ ဖြစ်ပါတယ်။ အချစ်မများမိကြစေရန်အတွက်ဘဲဖြစ်ပါတယ်။

ဒွန်နယာဤကမ္ဘာလောကထဲမှ မိမိနှင့်ပတ်သက်ရာ ချစ်သူများရဲ့ အပေါ်မှာ အသျှင်မြတ်ရဲ့ အမိန့်တော်ထက် "ပိုချစ်လွန်ကဲမှု" မပြုမိကြစေရန် အထူးသတိထားကြရမှာ ဖြစ်ပါတယ်။

မိမိတို့ရဲ့အသျှင်သခင်ထက် အခြားအရာများ/ချစ်သူများ အပေါ်တွင် "ပိုချစ်လွန်ကဲ"မိကြပါလျှင်ဖြင့် မိမိတို့သည်သာလျှင် နစ်နာဆုံးရှုံးကြပေမည်ဖြစ်ကြောင်းကိုလည်း အထူးသတိထားစဉ်းစား၍ ကိုယ့်အတွက် အကင်းပါးကြစေလိုပါတယ်။

တစ်ချိန်တစ်ခါက စာရေးသူရေးသားခဲ့ဖူးသော "ချစ်သူ" ဟူသည့် နံရံကပ်စာလွှာလေးအား ပြန်လည်အောက်မေ့သတိရမိ၍ ထပ်မံတင်ပြရေးသားလိုက်ရပါတယ်။ ဖတ်ရှုခံစား၍ ကြည့်ကြစေလိုပါတယ်။ အကျိုးရှိလိမ့်မည်ဟူ၍လည်း မျှော်လင့်မိပါတယ်။

□□□□□

ချစ်သူ

- မွေးကင်းစကတည်းက နလုံးသား၌ အမြဲစွဲတွယ်ခဲ့ရသည့် **ချစ်သူ**
- တွယ်တာနှောင်ဖွဲ့တတ်သော ကလေးဘဝအရွယ်တွင် မိဘနှစ်ပါးအား **ချစ်သူ** အဖြစ် သတ်မှတ်ထားကာချစ်ခဲ့မိရလေသည်။
- ကစားတတ်လာသည့်အရွယ်မှာတော့ ကစားဖော်က **ချစ်သူ** ပါ။
- ကစားချိန်လွန်မြောက်၍ အရွယ်ရောက်လာပြန်တော့လည်း အပေါင်းအသင်း ရောင်းရင်းသူငယ်ချင်းက **ချစ်သူ** ပေါ့။
- ထို့နောက်တဖန် သူငယ်ချင်းမိတ်ဆွေထက် သံယောဇဉ်ယှက်နွယ်ခဲ့ရသူကတော့ ချစ်သဒ္ဒါပိုကဲတဲ့ မေတ္တာပင်လယ်ထဲက **ချစ်သူ** (ရည်းစား) ပါပဲ။
- ထိုမှတဆင့်တက်၍ လက်ဆက်ထိမ်းမြားခဲ့ရတော့လည်း ဘဝဖေါ်လက်တွဲဖော် ခင်ပွန်း/ဇနီးက **ချစ်သူ** ပဲပေါ့။
- ဘဝ(၂)ခုကိုပေါင်းစပ်ပြီး အိမ်ထောင်ရေးတစ်ခုအား ဖန်တီးထူထောင်ကြရာမှ မွေးဖွား ထွန်းကားလာခဲ့ကြသော ရင်သွေးရတနာသားသမီးအဖြာဖြာတို့ကလည်း အချစ်ကြီး ချစ်ရလေသော **ချစ်သူ** တွေပါပဲ။
- ကိုယ့်ရဲ့ဘဝတစ်လျှောက်လုံးမှာ အပိုင်းပိုင်းအခြားခြားနဲ့ ချစ်လာခဲ့ရလေသည့် ထိုချစ်သူများကြားမှ မွေးကင်းစနလုံးသားတွင် အမြဲစွဲတွယ်ခဲ့သည့် **ချစ်သူ** ကတော့ မထင်ရှားသေးဘူးပေါ့။

သို့ပါသော်ငြား အချစ်ကြီးချစ်ရလေသော သားသမီးတို့ကြားမှ ထပ်ဆင့်၍ပေါက်ဖွား သံယောဇဉ်ပွားခဲ့ရသည့် "မြေး" ဟူသည့် အချစ်၏ အနှစ်ကလေးများမွေးဖွားထွန်းကား၍ လာချိန်မှာတော့ မိမိကိုယ်တိုင်က ဇရာပြိုယိုယွင်းလို့ အိုမင်းသည့်အရွယ်သို့တိုင် ရောက်၍လာခဲ့လေပြီ။

အိုပြီးလျှင် နာမည်၊ နာပြီးလျှင် သေမည်၊ သေပြီးလျှင်

ဘယ်ဗာနီ/ဘယ်စခန်းသို့ ပြန်းရလေမည်။ စသည် စသည်ဖြင့် ကိုယ်သွားရမည့် ရေခရီးအား အစဉ်အလိုက်မြင်ခဲ့ရလေတော့မှ မွေးကင်းစမှ အမြစ်တွယ်လာခဲ့ရလေသော နှလုံးသားရာဇပလ္လင်မှ အချစ်ငုံဖူးပုရစ်က အညွန့် တလူလူနှင့်ရင်ပြင်မှာ ထင်ရှားစွာပင် ပေါ်လွင်ဆန်းသစ်၍ လာခဲ့လေပြီ။ ခန်ပြားဝင့်ထယ်ကြီးကျယ်စွာဖြင့် ရှင်သန်ကြီးထွား၍ လာခဲ့လေပြီ။

စစ်မှန်သော ချစ်သူ အား မီးမောင်းထိုးပြလိုက်သည့်အလား ထင်လင်းပြတ်သားစွာ နှလုံးသားရင်ပြင်၌ သိမြင်ပေါ်လွင်၍ ထင်ရှားစေခဲ့လေပြီ။

ချစ်သူ...

- မိမိကိုမရှိရာဘဝမှ ရှိရာဘဝသို့ ဖန်ဆင်းပေးတော်မူသော "အသျှင်"
- မိမိ၏လိုအပ်ချက်များနှင့် လိုအင်ဆန္ဒအဝဝတို့အား ဖြည့်ဆည်းပေးသနားတော်မူသော "အသျှင်"
- မိမိနှင့် ထိုက်တန်သမျှ ရိဇ္ဇိရိက္ခာတို့အား ပေးသနားချီးမြှင့် ကျွေးမွေးတော်မူသော "အသျှင်"
- မိမိအား၎လောကီဒွန္ဒယာစမ်းသပ်ခန်းအတွင်း၌ အမိန့်တော်များကို နာခံဆောင်ရွက်ခိုင်းပြီး ဒုက္ခအနည်းငယ်(ထိုလူသားခံနိုင်ရုံ)အား ခံစားစေကာ ထိုဒုက္ခများအပေါ်မှာ ကြံ့ခိုင်စွာ စွဲမြဲပြသီးခံစေလျက် ဘန္ဒာတို့၏ အချစ်ကိုစမ်းသပ်နေသော "အသျှင်"
- မိမိ၏အမိန့်နာခံမှုများ စွဲမြဲပြသီးခံမှုများအတွက် ဂျန္နတ်ဟူသော သုခဘုံဖြင့် အစားပေးတော်မူမည့် "အသျှင်"
- မိမိ၏အမိန့်ဖီဆန်မှုများ၊ ကျေးဇူးကန်းခဲ့မှုများအတွက် ဂျဟန္နမ်ဟူသည့် ငရဲဘုံ၌ ပြစ်ဒဏ်ချမှတ်တော်မူမည့် "အသျှင်"

- ထိုအသျှင်မြတ်သည်သာလျှင် အဖန်ဆင်းခံအားလုံးတို့၏ (မအ်ဘူးဘ်)ချစ်မြတ်နိုးခြင်းကို ခံထိုက်တော်မူသော ချစ်သူ အစစ်အမှန်ဖြစ်ကြောင်း၊ ချစ်ရမည်ဖြစ်ကြောင်းများကို နှလုံးသား၏ အနက်ရှိုင်းဆုံးသောနေရာမှ ခံစားသိမြင်ပေါ်ပေါက်၍ လာခဲ့ရလေပြီ။
- နှလုံးသားရင်ပြင် ဥယျာဉ်အတွင်း၌ ချစ်သူ ၏ အချစ်ငုံအချစ်ဖူးများက ထင်ရှားပေါ်လွင်စွာဖြင့် သီးပွင့်ရင့်ကျက်ခိုင်မာ၍ လာခဲ့လေပြီ။
- ဤလောကီဒွန္နယာသို့ ထို ချစ်သူ က စေလွှတ်လိုက်ပြီးလျှင် သံယောဇဉ် အသေး/အမွှားချစ်သူများကြားအလည် စမ်းသပ်ခန်းအတွင်းမှာ အချစ်စမ်း ခံနေရခြင်းသာလျှင်ဖြစ်ပါကြောင်းကိုလည်း ထပ်ဆင့်၍ သိမြင်နားလည်ခံစားရမိလေသည်။
- ချိန်းဆိုထားသော ကေယာမတ်နေ့ကြီးတွင် မိမိတို့၏ အမိန့်နာခံခဲ့မှုများ စွန့်ရဲပြုသီးခံခဲ့မှုများ၏အစားကို ဂုဏ်ယူတင်သုခဘုံနှင့် လဲလှယ်ရန်အတွက် ထို ချစ်သူ က စောင့်ကြို၍နေပေမည်။
- လောကီနှင့်လောကုတ္တရာ(၂)ဌာန၌ အကျိုးပြုခဲ့သည့် အကျိုးပြုနေသည့်၊ အကျိုးပြုဦးမည့် ပိုင်ရှင်သခင်သည်သာလျှင် ချစ်သင့်ချစ်ထိုက်သော ချစ်သူ အစစ်အမှန်ဖြစ်ပေ၏။
- မွေးကင်းစကတည်းက ချစ်သူ၏သတင်းအား (အဇာန်အေကာမတ်)တို့ဖြင့် "ကွန်" မှာ စတင်နားဆင်ခဲ့ရပြီး စကားစတင်ပြောတတ်လာသောအခါ ဖ-မိ တို့၏ နှုတ်တိုက်သင်ပြပေးမှုဖြင့် နှလုံးသားကို သန့်ရှင်းစင်ကြယ်စေသော "ကလေမာပ်ဟော" သစ္စာစကားအမှန်တရား(လာအေလာဟ အစ်လလ္လာဟို မုဟမ္မဒုရ်ရစူလုလ္လာဟ်)ကို ဖတ်ရွတ်သရဇ္ဈာယ်သက်သေခံ၍ ချစ်သူ အစစ်အမှန်အား နှလုံးသားတွင် ကမ္ပည်းတင်ခဲ့ရလေသည်။

- ချစ်သူ နှင့်နီးကပ်စေရန်အရေး နည်းပေးလမ်းပြပေးခဲ့ပါလေသော ချစ်နဗီ(ﷺ)၏ အမွေစား သာသနာ့ပညာရှင် အာလင်မ်များ၏ ထံပါးမှလည်း ချစ်သူ ၏ သတင်းစကားများကို အကျယ်တဝင့် ထပ်မံ၍ ကြားနာသိရှိခဲ့ကြရလေသည်။
- ချစ်သူ ၏ အမိန့်စာ(ကျမ်းတော်မြတ်ကုရ်အာန်)အား အရသာနှင့် ရွတ်ဖတ်ကာ အဓိပ္ပာယ်ယတ္တတို့အား စဉ်းစားတွေးခေါ်လျက် အချစ်များစွာတို့မှာ ထပ်မံတိုးပွားဖြစ်ထွန်း၍လာခဲ့ရပြန်ပေ၏။
- ချစ်သူ ၏ အမိန့်တော်များကို တာဝန်ကျေပွန်စွာ နာခံဆောင်ရွက်ခြင်းအားဖြင့်လည်း မိမိတို့၏သက်သေခံယုံကြည်မှုတို့အား အခိုင်အမာပြသ တာဝန်ကျေပွန်ခဲ့ရလေသည်။
- ချစ်သူ ၏ ကိုယ်စားလှယ်တော် နဗီတမန်တော်မြတ်၏ ဟောပြောကျင့်ကြံ လမ်းညွှန်ပြသခဲ့သော စံပြကိုယ်ကျင့်တရားတို့ကိုလည်း မြတ်နိုးလေးစား တန်ဘိုးထားကာ မိမိ၏ခန္ဓာအတွင်း/အပြင်၌ ဆင်ယင်ခြယ်သ အမလ်များလည်း ပြုခဲ့ကြရလေသည်။
- ဤသို့ဖြင့်ပင် နှလုံးသားရာဇဝင်ပလ္လင်၌ ချစ်သူ က အကြီးကျယ် အမြင့်မြတ်ဆုံးဘုရင်အဖြစ် ထင်ရှားစွာ စိုးမိုးစံမြန်းလာခဲ့ပြီးလျှင် ယယ်ဘဝမှစ၍ အဆင့်ဆင့် ဆုံစည်းလာခဲ့ရလေသော (အပရိက) ချစ်သူများကတော့ဖြင့် တဖြည်းဖြည်းနှင့်မှုန်ဝါးမှေးမှိန် ပို၍ပင် သေးသိမ်၍ သွားခဲ့ကြလေပြီ။
- ချစ်သူ ပေးလာသော ဒုက္ခမျိုးစုံတို့အား ပျားရည်လို ချိုမြိန်စွာ သောက်သုံးပြီး စွဗရ်ပြုသီးခံကြကာ အသျှင့်အမိန့်တော်တို့အား နာခံဆောင်ရွက်ခြင်းအားဖြင့်လည်း ချစ်သူ ၏ ကျေနပ်နှစ်သက် ချင်ခင်မှုတို့အား တောင်းတရယူနေပါ၏။

- ချစ်သူ ၏ ကျေနပ်နှစ်သက်မှုက "ကျွန်" အတွက် ထာဝရသုခဘုံပ
- ချစ်သူ ၏ ချစ်ခင်ကြင်နာမြတ်နိုးမှုက "ကျွန်" အတွက် (ဒီဒါရီ)ပြ ဖူးမြင်ရခြင်းပါ။
- ချစ်သူ ကို အားလုံး(အားလုံး)ထက်ပို၍ ချစ်ကြရမည်မှာ "ကျွန်" တို့၏ တာဝန်ပါ။
- နှစ်ဌာနစလုံး၏ဘုရင်"စေ"တစ်လုံးပိုင်ရှင် (အောလ္လာဟုဂျလ္လ ဂျလားလုဟူ) အသျှင်သခင်သည်သာလျှင် ချစ်ထိုက်သည် ချစ်ရမည့်စစ်မှန်သော ချစ်သူ ဖြစ်ပါလေကြောင်းကို ကောင်းစွာ ဆင်ခြင်သုံးသပ်ကြပြီးလျှင် မိမိတို့၏ ကျန်ရှိနေသေးသည့် ဘဝသက်တမ်းတွင် မည်သူ၊ မည်သည့်အရာကိုသော်မှ ထိုအသျှင် သခင်မြတ်ထက် ပို၍မချစ်မိကြပါလေနှင့်။
- ပိုချစ်လွန်ကဲမှုပြုကြပါလျှင်ဖြင့် မိမိတို့ကိုယ်တိုင်သည်သာ နစ်နာ ဆုံးရှုံးကြပေမည်ဖြစ်လေသည်။

ချစ်ကြသူများသည်ကား ...

ချစ်သူ ၏ အချစ်အား ရှာဖွေနေကြသည်။

ချစ်သူ ၏ အချစ်အား မျှော်လင့်တမ်းတနေကြသည်။

ချစ်သူ ၏ နာမတော်အား တသရင့်ကျူးကြရာတွင် နှစ်လို ပျော်မွေ့၍ အရသာတွေ့နေကြလေသည်။

ချစ်သူ ၏အမိန့်စာလွှာတော် (ကျမ်းမြတ်ကုရ်အာန်)အား ထပ်ခါတလဲလဲ ဖတ်ရှုရ၍လည်းအားမရ။ မတင်းတိမ် နှုတ်လျှာတွင် ချိုမြိန်လျက်ရှိနေပေ၏။

ချစ်သူကလိုလားပါသော် မိမိ၏ပိုင်ဆိုင်မှု အခွင့်အရေးများ (ဥစ္စာပစ္စည်း၊ အချိန်၊ ခန္ဓာနှင့်တကွ အသက်ဝိဉာဉ်ကိုပါ) စွန့်လွှတ်ပေး ကြရန်အတွက် အဆင်သင့် ဖြစ်နေကြလေသည်။

ချစ်သူ၏ ကျေနပ်နှစ်သက်မှုတို့အား ရှာဖွေရယူပြီး ချစ်သူနှင့် နီးကပ်စေရန်အတွက် အမြဲတမ်းကြိုးပမ်းလျက်ရှိနေကြပေသည်။

ချစ်ကြသူတို့အသံ . . .

"အို-ချစ်သူ" ချစ်သူ၏နှစ်သက်ကြည်ဖြူခြင်းအား လိုလားတောင်းတပါ၏။

"အို-ချစ်သူ" ချစ်သူ၏ ဒေါသမျက်မာန်တော်ရှခြင်းအား လွန်မင်းစွာ ကြောက်ရွံ့စိုးရိမ်လှပါပေ၏။

"အို-ချစ်သူ" ချစ်သူ၏ကျယ်ဝန်းတော်မူသော ကြင်နာမှု ဂရုဏာတော် အရိပ်အောက်တွင် ခိုလှုံခွင့်လေးပေးသနားတော်မူပါ။

"အို-ချစ်သူ" ချစ်သူ၏ခွင့်လွှတ်မှု၊ ချမ်းသာပေးမှုတို့အား မျှော်လင့်၍ မက်ထားအသနားခံအပ်ပါသည်။

"အို-ချစ်သူ" ချစ်သူက မသနား၊ မကြင်နာပါသော် တစ်လောကလုံးမှ သနားကြင်နာကြပါသော်လည်း အလဟဿ အချည်းနှီးပင်။

"အို-ချစ်သူ" ချစ်သူကခွင့်လွှတ်ချမ်းသာမပေးပါသော် တစ်လောကလုံးမှ လိုက်လျောကြည်ဖြူစွာ ကူညီကြသော်ငြားလည်း အလဟဿအချည်းနှီးပင်။

"အို-ချစ်သူ" ချစ်သူက ကျေနပ်နှစ်သက် လက်ခံတော်မူပါလျှင် တစ်လောကလုံးမှ ဆန့်ကျင်ဖိနှိပ်ရက်စက်လိုကြပါသော်လည်း ဆုံးရှုံးနစ်နာခြင်းများမှာ အလျဉ်းရှိလိမ့်မည်မဟုတ်ချေ။

ချစ်သူ၏ထံ တောင်းခံသံ . . .

"အို-ချစ်သူ" ဤအတွက် အသက်ဆက်လက်ရှင်သန်ပါရစေ။ ချစ်သူ၏ သတင်းစကားများအား ချစ်နဗီ(ﷺ)၏ အမွေစားအမွေခံ

အာလင်မ်များနှင့် ချစ်ကြသူများ၏ထံမှ လိုလားမက်မောစွာဖြင့် "ကျွန်" ၏ နှလုံးသားမှ ခံယူနာကြားလိုသည့်အတွက်...

ချစ်သူ ၏ သတင်းစကားကြားရလေသမျှတို့အား မထိုက်တန်သူ ဤ"ကျွန်"၏ နှုတ်လျှာမှ အရသာယူ၍ တဖန်ပြန်လည် ပို့ချလိုသည့်အတွက် ချစ်သူ၏အမိန့်စာ (ကျမ်းမြတ်ကုရ်အာန်)အား ချစ်ကြသူများက နှလုံးသားကြည်မွေ့ဘွယ်ရာ အသျှင်ချီးမြှင့်ထားသည့် အသံအမျိုးမျိုးတို့ဖြင့် ရွတ်ဖတ်သီကျူး၍ ထားကြသည့် (ကေရာအတ်)ကို စမ်းရေစီးသံပမာ မက်မောလိုလားစွာဖြင့် နားသောတ ပန်ဆင်လိုသည့်အတွက်။

ချစ်သူ၏အမိန့် စာလွှာတော်အား ဤ "ကျွန်" မှ အသျှင့်နှစ်သက်မှုအတွက် ထစ်အထစ်အဖြင့် ပီသကြည်မြစေရန် ကြိုးစားလျက် ရွတ်ဖတ် သရဇ္ဈာယ်လိုသည့်အတွက်...

ချစ်သူ ၏ ဇာတိနာမံတော်နှင့် ဂုဏ်တော်(၉၉)ပါး တို့ကိုလည်း ချစ်ကြည်နူးမှုများစွာဖြင့် ချိုမြိန်စွာ နေ့စဉ်တမ်းတ ကျူးရင့်လိုသည့်အတွက်။

ချစ်သူ စေခိုင်းသမျှ နေ့စဉ်ဝတ်ပြုမှု(၅)ကြိမ်အား နဖူးမြေခ၊ စစ်ဂျဒဟ်ဦးချလျက် "ကျွန်"ပီသစွာ နေလိုသည့်အတွက်...

ချစ်သူအတွက် နေ့တာတိုသောရက်များ၊ နေ့တာရှည်သောရက်များ (လမြတ်ရမ္မဇာန်)တွင် ဆာငတ်မှုများဖြင့် အသျှင်၏အမိန့်တော်ကို ကျိုးနွံကြည်ဖြူစွာ ရိုဇာထား၍ လိုက်နာလိုသည့်အတွက်။

ချစ်သူ ချီးမြှင့်ပေးသနားထားသော ဥစ္စာပစ္စည်း နေ့အိမ်တော်ပိုင်ဆိုင်မှုများမှ လိုအပ်တောင်းတသော ဆင်းရဲသားတို့အား အသျှင်မြတ်ကျေနပ်တော်မူသည့်အတိုင်း ခွဲတမ်းကျ(ဇကားသ်)ပေးလှူပြီး တာဝန်ကျေပြွန်ခြင်းနှင့်အတူ ထပ်ဆင့်၍လည်း သဒ္ဒါကြည်ဖြူစွာနှင့်

(စွဒကာများ)ပေးကမ်းလှူဒါန်းလိုသည့်အတွက်・・・

ချစ်သူ၏အိမ်တော် (ကအ်ဘာဘိုင်တွလ္လာဟ်)သို့ ကြွယ်ဝတတ်နိုင်ကုန်ပါလျှင် တစ်သက်တစ်ခါ(ဟာဂျ်)သွားရောက်ပါဟူသော အမိန့်တော်မြတ်အား ဦးထိပ်ထား၍ (လပ်ဗိုက်က်) ကျွန်တော်မျိုး အသင့်ရောက်ပါပြီအသျှင်ဟု (ဂျဝါဘ်)ပေး ဖတ်ရွတ်၍ ကဖွာန်သဖွယ် ဝတ်ရုံဖြူအား ခြုံရုံထားပြီး အချစ်ကြီးမှုများဖြင့် အသျှင့်အိမ်တော်အား (၇)ကြိမ်လှည့်ပတ် (တဝပ်ဖ်) ပြုလိုခြင်း။ "ရွှေလက်တော်အစား"ဟု ဆိုအပ်သော (ဟဂျရေ့အစဝပ်)အပေါ်တွင် ဤ"ကျွန်" ၏ နှုတ်ခမ်းနှင့် လက်များကို ပွတ်သပ်တင်လျက် တရှိုက်မက်မက်ဖြင့် အရှုးအမူးနမ်းရှုံ့လိုခြင်း။

အိမ်တော်အား လွှမ်းအုပ်ထားသော (ဂေလာဖ်)၏ အမိတ်စကို ကိုင်တွယ်လျက် နှစ်ကိုယ်ချင်းရင်တွင်းမှ ဝေဒနာများကို အားကိုးတကြီးနှင့် တီးတိုးငိုယိုလျှောက်ထား၍ ပန်ကြားလိုခြင်းကြောင့် အစရှိသည့် ထိုဆန္ဒမွန်များကို ဖြည့်ဆည်းထမ်းဆောင်လိုသည့်အတွက်・・・

ချစ်သူ၏ အချစ်ဆုံးချစ်သူ (ရဟ်မတွလ္လစ်လ်အာလမီန်း) သခင် လျှောင်းစက်အနားယူရာ မဒီနာရွှေမြို့တော်၏ (ရောင်သွာ) သင်္ချိုင်းတော်မှာ သွားရောက်၍ (အပ်စ်လာမို့အလိုင်းက ယာ ရစူလွလ္လာဟ်)ဟု စလာမ်မေတ္တာပို့သပြီးလျှင် ဤဒွန္နယာတွင် ရှင်သန်နေစဉ်ကာလက အွမ္မသ်ကောင်းကျိုးအတွက် မက်ထားမျှော်ကိုးလျက် ရတက်မအေးနိုင်စွာ သောကဖက်ခဲ့ရှာလေသော ထိုကျေးဇူးရှင် ချစ်နဗီသခင်အား ကျေးဇူးတုံ့ပြန်(ဇေယာရသ်) ပြုလုပ်နိုင်ရန်အတွက်・・・

ချစ်သူ၏သတင်းစကားများကို ကြားနာနိုင်ရန်အတွက် ကြုံလာမည့် ဒုက္ခတို့အားအမှုမထားမတွေးထားဘဲ အဘာယ်မျှပင်

ဝေးပါစေ ရာသီမရွေးသွားလာနားဆင် သာသနာ့အစီအစဉ်များတွင် ပါဝင်နားဆင်လိုသည့်အတွက်...

ချစ်သူ၏ သတင်းစကားကြားသိလာသမျှတို့အား [illegible]ယ်မှုပင် ဝေးဝေး ရာသီမရွေးဘဲ လိုအပ်တောင်းတ၍ ဖိတ်ခေါ်ရာ သာသနာကို သင်ယူလိုသူများ၏ ရှေ့မှောက်သို့ သွားရောက်ကာ ထပ်ဆင့်ပို့ချလိုသည့် အတွက်...

ချစ်သူ နှစ်သက်ကြည်ဖြူတော်မူစေရန်အတွက် ဘဝတူ လူသား သက်ရှိဝေနေယျများတို့အား မိမိကလည်း ဒုက္ခကိုမပေး ထိုသူများပေးလာသော ဒုက္ခတို့အားလည်း သီးခံခွင့်လွှတ်ပြီး ဤလူ့ကမ္ဘာ ကြီးကို မိမိတတ်စွမ်းနိုင်သရွေ့ အကျိုးပြု၍ အလှဆင်လိုသည့်အတွက်။

အိုအရှင် "ဤအတွက်" ကျွန်၏ အသက်အား ဆက်လက်၍ ရှင်သန်ခွင့်လေး ပေးသနားတော်မူပါ...။

အရှင်၏ကျွန်
ချမ်းမြေ့ကြည်သာ(သာစည်)

□□□□□

စာရှုသူတို့ ချစ်သူကို သိကြပေပြီ ထပ်မံ၍ သိအပ်ကြသည်မှာ ထို ချစ်သူအား ဘယ်လိုချစ်ကြမှာလဲ ၊ ဆိုတာပါပဲ ။

ချစ်သူကိုချဉ်းကပ်ရန် ချစ်သူက ကျေနပ်နှစ်သက်လက်ခံတော် မူစေရန်မှာ ချစ်နည်းကိုသိရန် လိုအပ်လှပါတယ်။ ဒီအတွက်လည်း မခက်ခဲပါ။ ကျွန်ုပ်တို့ရဲ့ ရှေ့မှောက်မှာ ချစ်သူအရှင်သခင် ကိုယ်တော်တိုင် က လက်ခံရွေးချယ်ထားပြီးသော ချစ်ပုံချစ်နည်းစံနမူနာက အထင်အရှား ရှိနေပြီးသားဖြစ်ပါတယ်။

ထိုချစ်နည်းစံနမူနာအတိုင်းသာ မိမိတို့ရဲ့ဘဝမှာ လျှောက်လှမ်းသွားကြမည်ဆိုပါလျှင်ဖြင့် မိမိတို့၏ချစ်သူအရှင်သခင်က မုချမသွေကျေနပ်နှစ်သက်လက်ခံတော်မူရန်မှာ (အင်န်ရှာအော့လ္လာဟ်) သေချာနေပါတယ်။

ထို့ကြောင့် အသျှင်ရွေးချယ်ထားပြီးဖြစ်သည့် ချစ်စံနမူ အားရေးသားပြုစု၍ တင်ဆက်လိုက်ရပေ၏။ နည်းနာများကိုရယူကြပြီးလိုက်နာကျင့်ကြံကြပါရန်ကို စေတနာမွန်ဖြင့် အကြံပြုအပ်ပါကြောင်း။

□□□□□

ချစ်စံနမူ

အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကိုနာခံရန်အတွက် အရာရာကိုစွန့်လွှတ်ရဲစွန့်စားရဲသည့် အစ္စလာမ့်ရာဇဝင်မှာ မော်ကွန်းတင်ထားသော ချစ်ဇာတ်လမ်းတစ်ပုဒ်က ရှိနေနှင့်ခဲ့ပြီးဖြစ်ပါတယ်။ အသျှင်မြတ်ကိုယ်တော်တိုင်ကပင် မော်ကွန်းဝင်ချစ်စံနမူနာရှင်အဖြစ်ဖော်ဆောင်ကာ မှတ်တမ်းတင်ခဲ့တာပါ။

ထိုချစ်စံနမူနာရှင်ကတော့ အသျှင်သခင်၏ အပေါ်တွင်ချစ်ဖွဲ့ကြီးမားလှသည့် အီဗ္ဗရာဟီမ်(အလိုင်ဟစ္စလာမ်)သခင်၊ ချစ်သတ္တိခဲဟာဂျေဒါသခင်မ၊ သားတော်ချစ်သူရဲကောင်းလေး အီစ္စမာအီလ်(အလိုင်ဟစ္စလာမ်)သခင်တို့ဖြစ်ကြပါတယ်။

အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ရွေးချယ်တော်မူထားပြီးဖြစ်တဲ့ ချစ်စံနမူနာရှင်တို့ရဲ့ရာဇဝင်သမိုင်းကြောင်းအား ကြည်နူးလွမ်းဆွတ် ပြန်လည်အောက်မေ့ဖွယ်ရာအဖြစ်နှင့်ခံစား၍ ကြည့်ကြပါစို့။

တကယ်တော့ ဒီဇာတ်ကြောင်းအား မွတ်စ်လင်မ်များမှာ အနည်းနှင့်အများဆိုသလို သိရှိကြပြီးသားဖြစ်ကြပါတယ်။ သို့သော်လည်း တစ်နှစ်တစ်ခါ (ကုရ်ဘာနီ)ဟူသော အချိန်ရာသီကို ရောက်လာလေတိုင်း မွတ်စ်လင်မ်တို့၏ ရင်တွင် အသစ်၊ အသစ်အဖြစ် ပြန်လည်၍ ဖြစ်ထွန်းခံစားလာခဲ့ရလေတယ်။ ဤသည်မှာလည်း အလ္လာဟ် အသျှင်မြတ်၏ (ဟစ်က်မတ်) ဉာဏ်တော် အမြော်အမြင်နှင့် (ကွဒ်ရတ်) တန်ခိုးတော်ပင်။

အိဗ္ဗရာဟီမ်သခင်ဟာ (အုရ်)လို့ အမည်ရတဲ့မြို့ အီရတ်နိုင်ငံမှာ မွေးဖွားခဲ့တာဖြစ်တယ်။ သို့ပေမယ့်လည်း ဘုရင်ဖြစ်သူ နမရူဒ်ရဲ့အိပ်မက်ကြောင့် သားယောကျ်ားလေးတွေဖွားရင် သတ်ပစ်ရန် အမိန့်ကထုတ်ပြန်ထားလေတော့ မိခင်ခမျာ တောအရပ်ကလိုဏ်ဂူတစ်ခုထဲမှာ လူမသိအောင် မွေးဖွားခဲ့ရတာပါ။

ဖွားပြီးတော့လည်း သားယောကျ်ားလေးဖြစ်နေလို့ အိမ်ကို မယူလာရဲတဲ့အတွက် ဂူထဲမှာပဲထားပစ်ခဲ့ရပါတယ်၊ ခင်ပွန်းဖြစ်သူကိုတော့ သားသေဖွား၍ တောထဲမှာမြှုပ်နှံပစ်ခဲ့ပြီးပြီလို့ ပြောကြားခဲ့ရတယ်။

(၇)ရက်ကြာတော့ မွေးမိခင်ခမျာ မနေနိုင်ရှာတော့ ဂူထဲကို တစ်ခေါက်ပြန်လာပြီး သားကိုကြည့်မိတယ်။ (သားခမျာ အစားအစာအာဟာရ မရရှာလို့သေရှာပြီပေါ့လို့လည်းပဲ)ထင်မှတ်ထားခဲ့တယ်။ ဒါပေမယ့် သားလေးကို အသက်ရှင်လျက်နဲ့ ပြန်တွေ့ခဲ့ရတယ်။ ညာလက်မက ပျားရည်၊ ဘယ်လက်မက နို့ရည်တွေထွက်လို့နေတယ်။ ဘယ်/ညာ အပြန်ပြန်အလဲလဲ သောက်စို့ပြီး အသက်ရှင်နေခဲ့တာဖြစ်ပါတယ်။

ထွားကြိုင်းမှုကလည်း အံ့မခန်းပါဘဲ။ (၇)ရက်သားက (၇)လ သားသဖွယ် ထွားကြိုင်း၍ နေပါတယ်။ မိခင်ကြီးဟာ သားတော်လေးကို

ပွေ့ချီထွေးပွေ့ပြီး တဝကြီးနမ်းရှုံ့ယုယကာ ဝမ်းမြောက်ဝမ်းသာစွာနဲ့။ အချိန်တန်တော့ သားငယ်ကို ယခင်အတိုင်းထားရစ်၍ အိမ်ကိုပြန်ခဲ့ပါတယ်။ ခင်ပွန်းကိုတော့ဖြင့် အသိမပေးရဲသေးပေ။ အကြောင်းမှာ ခင်ပွန်းသည်က နမရှုဒ်ဘုရင်နဲ့နီးစပ်တဲ့ ဘုရင်ရဲ့သက်တော်စောင့် ဝန်ထမ်းဖြစ်နေပါတယ်။ ဒီတော့လည်း သားအတွက် အန္တရာယ်ဖြစ်မှာကို မွေးမိခင်ဟာစိုးရိမ်ရာလို့ အသိမပေးပဲထားခဲ့တာပါ။

၁၅-ရက်မှာ သွားကြည့်ပြန်တော့ (၁၅)လသားသဖွယ် ထွားကြိုင်းနေတာကို တွေ့ရပြန်တယ်။ ဒီလိုနဲ့ပဲ (၁၅)လ အချိန်ကြာလာသည့်အခါ (၁၅)နှစ်သားသဘွယ် အရွယ်ရောက်လူလားမြောက်၍ နေပေပြီ။

ထိုအချိန်ရောက်သောအခါမှ မိခင်ဟာခင်ပွန်းဖြစ်သူကို အမှန်အတိုင်းအသိပေးလိုက်ပါတယ်။ ဖခင်ဖြစ်သူကလည်း ကိုယ့်သွေးကိုယ့်သားဆိုတော့ အားရဝမ်းသာစွာနဲ့ ဂူထဲသို့လိုက်လာကြည့်ခဲ့တယ်။ (၁၅)နှစ်သားသဖွယ် အရွယ်ရောက်လူလားမြောက်ကာ ထွားကြိုင်းနေတဲ့ သားဖြစ်သူကို ဝမ်းမြောက်ဝမ်းသာစွာကြည့်ရှုပြီး ယောကျ်ားပီပီ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ အဲဒီဆုံးဖြတ်ချက်ကတော့ သားတော်လေးကို အိမ်ပြန်ခေါ်မယ်ပေါ့။

ဘုရင့်အမိန့်နဲ့အကြုံးဝင်တာက ခုချိန်မှာ (၁၅)လသားအတွက်သာလျှင် အကြုံးဝင်ပေမယ့် ဒို့ရဲ့သားက (၁၅)နှစ်သား လူလားမြောက်ပြီဖြစ်လို့ ဘုရင့်အမိန့်တော်နဲ့ ကင်းလွတ်တယ်ဆိုကာ ဆုံးဖြတ်၍ သားတော်ကို အိမ်ပြန်ခေါ်လာခဲ့ကြပါတယ်။

တောအရပ် လှိုဏ်ဂူအတွင်းမှာ မွေးဖွားပြီး ကြီးပြင်းလာခဲ့ရတဲ့ အီဗရာဟီမ်သခင်လေးအတွက်မှာတော့ အိမ်အပြန်ခရီး လမ်းတလျှောက်

မှာ တွေ့မြင်ခဲ့ရတာတွေကတော့ အံ့ဩဘွယ်ရာအဖြာဖြာတွေသာဖြစ်ခဲ့ရပါတယ်။ လမ်းခရီးမှာ တွေ့မြင်ခဲ့ရသမျှ လှုပ်လှုပ်ရွရွ သွားလာနေကြတဲ့ ဆိတ်အုပ်တွေနဲ့ နွားအုပ်တွေကို လက်ညှိုးထိုးညွှန်ပြပြီး အမည်နာမများကို မေးမြန်းခဲ့ပါတယ်။ အမည်ကိုသိရပြန်လျှင် ၎င်းတို့အား မည်သူ ဖန်ဆင်းထားပါသနည်းဟု မိခင်ကိုမေးမြန်းပြန်တယ်။

အီဗ္ဗရာဟီမ်သခင်လေးဟာ ဂူထဲကထွက်လာကတည်းက "အရှင်သခင်" ကို ရှာဖွေခဲ့တာဖြစ်ပါတယ်။

ကျွန်ုပ်တို့သည်လည်း မိမိတို့ရဲ့"အရှင်သခင်"ကို ရှာဖွေကြရမှာဖြစ်ပါတယ်။ လူတိုင်းလူတိုင်းမှာ "အရှင်သခင်"ကိုရှာဖွေကြရန်တာဝန်ရှိနေ ပါတယ်။ လူသူမရှိတဲ့တောကြီးထဲမှာ မွေးဖွားကြီးပြင်းပြီး တောအရပ်မှာ တစ်ယောက်ထဲနေရတဲ့ လူသည်လည်း "အရှင်သခင်"ကို ရှာဖွေရန် တာဝန် ရှိနေပါတယ်။

စကြဝဠာကမ္ဘာလောကကြီးကို ကြည့်ပြီးတော့လည်း "အရှင်သခင်"ကို ရှာဖွေတတ်ကြရမည်။

စကြဝဠာကြီးကိုကြည့်ပြီးတော့ရှာရာမှာ ဉာဏ်အသုမ်းမမှီလို့ "အရှင်သခင်"ကိုရှာဖွေရတာ မောသွားပြီဆိုပါလျှင်ဖြင့် မိမိနဲ့အနီးကပ်ဆုံးဖြစ်တဲ့ ကိုယ့်ရဲ့ခန္ဓာကိုယ်ကိုပဲ စေ့စေ့စပ်စပ် လေ့လာကြည့်ရှုလိုက်ကြမယ်ဆိုရင် "အရှင်သခင်" ကို ရှာဖွေတွေ့ရှိသွားကြမှာဖြစ်ပါတယ်။

"ငါ" လို့ကြွေးကြော်နေတဲ့ ငါရဲ့ခန္ဓာအတွင်း/အပြင်မှာ ငါလုပ်ထားတာတစ်ခုမှမပါပါ။

ငါ မအိုချင်ဘဲ အိုနေတာ၊ မနာချင်ဘဲ နာနေတာ၊ မသေချင်ဘဲ သေနေတာ၊ ငါမမွဲချင်ဘဲ မွဲနေတာ၊ ငါဖြစ်ချင်တာတွေဖြစ်မလာဘဲ မဖြစ်ချင် တာတွေဖြစ်နေရတာ အားလုံးတို့မှာ ငါ့အားမရှိရာဘဝမှ

ရှိရာဘဝသို့ ဖန်ဆင်းတော်မူထားသော ပိုင်ရှင်အစစ်အမှန် ရှိနေပါကြောင်းကို ညွှန်ပြနေပါတယ်။ ငါ့ကိုယ်ကိုလည်း ငါမပိုင်။ ငါ့အပေါ်မှာ စိုးမိုးချုပ်ကိုင်နေသည့် "အရှင်သခင်"မှာ အမှန်တကယ်ရှိနေပါကြောင်း ငါဟာ စွမ်းအင်မဲ့သည့် လူသားသာလျှင်ဖြစ်ကြောင်း "အရှင်သခင်" ပြုသမျှနနေရသည့် "ကျေးကျွန်"သာလျှင်ဖြစ်ကြောင်းတို့ကို အရှင်သခင် ပေးသနားချီးမြှင့်ထားသည့် အသိဉာဏ်(အကာလ်)နှင့် ဆင်ခြင်တွေးမြင် သုံးသပ်ကာ "အရှင်သခင်"ကို ရှာကြရမှာ ဖြစ်ပါတယ်။

(လာအေလာဟ အစ်လေလ္လာဟို)ကိုမြင်အောင်ရှု၍ "အလ္လာဟ်" အရှင်ကို တွေ့အောင်ရှာကြရမှာဖြစ်ပါတယ်။ (လာအိလာဟအစ်လေလ္လာဟို) ကိုရှာဖွေခြင်း။ တနည်းအားဖြင့် အမှန်တရားကို ရှာဖွေခြင်းနှင့်ပတ်သက်၍ အလျဉ်းသင့်သဖြင့် ဤနေရာတွင် အနည်းငယ်ရေးသားတင်ပြလိုပါတယ်။

ဥပမာဆိုပါရစေ၊ လှပသောပန်းချီကားတစ်ချပ်အား ကြည့်မြင် ရသည်နှင့် ပန်းချီဆရာရဲ့စွမ်းအင် လက်ရာကို ပန်းချီဆရာကို မတွေ့မြင် ရပါဘဲနှင့်လည်း စဉ်းစားသုံးသပ်၍ ကျွန်ုပ်တို့ ၁ သိမြင် သဘောပေါက် တတ်ကြပါတယ်။

လှပတဲ့ တိုက်တာအဆောက်အဦးတစ်ခုကို တွေ့မြင်ရသည်နှင့် လည်း ဆောက်လုပ်သူဗိသုကာ(လက်သမား)ရဲ့ စွမ်းအင် လက်ရာဆိုတာ ကို ဆောက်လုပ်သူ လက်သမားကို မတွေ့မြင်ရပါဘဲလျက် သဘော ပေါက်သိမြင် နားလည်တတ်ကြပါတယ်။ ဒီအတိုင်းပါဘဲ- လူသားတွေကို အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူးထားတဲ့ စွမ်းရည် စွမ်းပကားများနဲ့ ပြုလုပ်ခြယ်လှယ် ဖန်တီးထားသမျှတို့ကို ကြည့်မြင် သုံးသပ်ကြပြီး ပြုလုပ်သူ၊ ဖန်တီးသူများကို မိမိတို့ရဲ့ အသိဉာဏ်နဲ့ ဆင်ခြင်သုံးသပ်၍ ပုံဖော်တတ်ခဲ့ကြပါတယ်။

တကယ်တော့ နာရီရဲ့ပစ္စည်းကိရိယာတန်ဆာပလာ အပိုင်းအစများကို စုပုံထားရုံမျှဖြင့် တပ်ဆင်သူ(အသိပညာရှင်) မပါဝင်ဘဲ အချိန်မှန်သည့် နာရီတစ်လုံးဖြစ်ပေါ်လာနိုင်ရန်အကြောင်းမရှိပေ။

ထိုနည်းတူစွာပင် အိမ်ဆောက်ပစ္စည်းများကို စုပုံထားရုံမျှဖြင့် ပန်းချီ ပစ္စည်းများကို စုပုံထားရုံမျှဖြင့်လည်း ဆောက်လုပ်သူ၊ ခြယ်သသူ မပါဝင်ဘဲ ကောင်းမွန်လှပသည့်အိမ်နှင့် လှပသည့် ပန်းချီကားတစ်ချပ် ဖြစ်ပေါ်လာနိုင်ရန်မရှိခြင်းတို့အား မိမိတို့ရဲ့အသိဉာဏ်စဉ်နှင့် ဆင်ခြင်သုံးသပ်ကာ "ငါ"ဟု ကြွေးကြော်နေသောငါ၏ ခန္ဓာမှာ ငါလုပ်ထားတာ တစ်ခုမှမပါပါလား "ပိုင်ရှင်"ရှိသည်ဟု သံဝေဂရယူကြရပေမည်။

ပြုလုပ်သူမပါဘဲ နာရီမဖြစ်နိုင်ခြင်း၊ ဆောက်လုပ်သူမပါဘဲ အိမ်မဖြစ်နိုင်ခြင်းခြယ်မှုံးသူမပါဘဲ ပန်းချီကားမဖြစ်နိုင်ခြင်းများကို စဉ်းစားဆင်ခြင်ပြီးသကာလ မိမိ၏ခန္ဓာကိုယ်အားကြည့်ကာ -

"လာအေလာဟ အစ်လောလ္လာဟို့"ကို မြင်အောင်ရှု၍ ပိုင်ရှင်အစစ်အမှန် ဖန်ဆင်းရှင်"အလ္လာဟ်"ကို ရှာဖွေကြရမှာဖြစ်တယ်။

မိမိအား မည်သူက ပြုလုပ်တည်ဆောက် စိုးမိုးချုပ်ကိုင် ခြယ်လှယ်ထားပါသနည်း၊

နာရီရဲ့ပစ္စည်းကရိယာများကို ထိုပစ္စည်းများထက် အဆင့်မြင့်သူ၊ အသိဉာဏ်ရှိသူ လူသားက အချိန်မှန်နာရီတစ်လုံးဖြစ်စေရန်အတွက် တပ်ဆင်ပေးနိုင်သကဲ့သို့၊ အိမ်ဆောက်ပစ္စည်းများကို ထိုပစ္စည်းများထက် အဆင့်မြင့်သူ၊ အသိဉာဏ်ရှင်လူသားက အိမ်ဖြစ်ရန် ဆောက်လုပ်နိုင်သကဲ့သို့၊ ပန်းချီပစ္စည်းများကို အဆင့်မြင့်သည့် အသိဉာဏ်ရှင်လူသားက ပန်းချီကားတစ်ချပ်ဖြစ်အောင် ခြယ်မှုံးနိုင်သကဲ့သို့ . . .

လူသားတို့ထက် စကြာဝဠာကြီးထက်သာမြတ်သော၊ အဆင့်

အမြင့်ဆုံးသော (ဟစ်ကဲမတ်)နက်ရှိုင်းသောအမြော်အမြင်ရှင် (အောလ္လာဟုဂျလ္လဂျလားလုဟူ) အသျှင်သခင်ကပင် ဤစကြဝဠာတစ်ခုလုံးနှင့် အသက်ရှိလူသားဝေနေယျ အားလုံးတို့အား ဖန်ဆင်းစီရင်ထားတော်မူခြင်းသာလျှင် ဖြစ်ပါတယ်ဆိုတာ လက်ခံယုံကြည်ထားကြရမယ်။

အလ္လာဟ်အသျှင်မြတ်သည် –

(အလ်ခါလိက်) မရှိရာမှရှိရာသို့ထင်ရှားဖြစ်ပေါ်ဖန်ဆင်းတော်မူသောအသျှင်၊ (အရ်ရစ်) အဆင့်ဆင့်ပြုစုပျိုးထောင်ဖန်ဆင်းတော်မူသောအသျှင်၊ (အလ်ဗဒီးအ်) ဦးစွာပထမစတင်စီရင်ဖန်ဆင်းတော်မူသောအသျှင် ဖြစ်ပါတယ်။

နာရီကနာရီကို၊ အိမ်ကအိမ်ကို၊ ပန်းချီကားကပန်းချီကားကို မဖန်တီးမပြုလုပ်နိုင်သကဲ့သို့ လူသားကလူသားကို ပြုလုပ်နိုင်ကြခြင်း အလျဉ်းမရှိပါပေ။ ဖန်ဆင်းခြင်းကိုလည်း အလျဉ်းမပြုနိုင်ကြပါချေ။ လူသားသည်ပင်လျှင် အဖန်ဆင်းခံရသူဖြစ်ပေတယ်။ ထိုအတွက်ကြောင့် လူသားအချင်းချင်းအား ကိုးကွယ်ရာ(အရှင်သခင်) အဖြစ် မသတ်မှတ်နိုင်ပါပေ။ သို့ရာတွင် လူသားတို့မှာ အလ္လာဟ်အသျှင် ဖန်ဆင်းတော်မူထားပြီးသား ပစ္စည်းတို့ဖြင့်တော့ အခြားအရာဝတ္ထု ပစ္စည်းတစ်ခုဖြစ်လာအောင် အလ္လာဟ်အသျှင်ချီးမြှင့်တော်မူထားသည့်စွမ်းရည်(အကာလ်) အသိဉာဏ်တို့ဖြင့်သာ ဖန်တီးနိုင်ကြပါတယ်။

အဖန်ဆင်းခံလူသားသည် ဖန်တီးသူသာဖြစ်နိုင်၍ ဘယ်သောအခါမှ ဖန်ဆင်းသူမဖြစ်နိုင်ပေ။ "ဖန်ဆင်းရှင်"ဖြစ်တော်မူကြောင်းကို အလ္လာဟ်အသျှင်မြတ်က ကြေငြာထားတော်မူသကဲ့သို့ ကမ္ဘာတည်ဦးမှ ယနေ့ထိတိုင်အောင် မည်သူမျှမကြေငြာမကြွေးကြော်ရဲကြပေ။ ဤသည် အလ္လာဟ်အသျှင်မြတ် ပိုင်ဆိုင်တော်မူသည့် မူပိုင်ဂုဏ်တော်များပင်

ဖြစ်တော်မူပြီးလျှင် သစ်စေ့တစ်စေ့၊ ငှက်ဥတစ်ဥကိုပင် မည်သည့်ပညာရှင်၊ မည်သည့်လူသားကမှ စတင်ဖန်ဆင်းနိုင်ကြခြင်းမရှိချေ။

ထို့ကြောင့် ကိုယ်နှင့်အနီးကပ်ဆုံးဖြစ်၍ ကိုယ်လုပ်ထားတာတစ်ခုမှ မပါဝင်သော မိမိရဲ့ခန္ဓာကိုယ်ကိုပဲ စေ့စပ်စွာ ကြည့်ရှုသုံးသပ်ကာ "ငါ"လို့ ပြောနေတဲ့ငါ့ခန္ဓာမှာ ငါလုပ်ထားတာတစ်ခုမှမပါပါလားဟု သံဝေဂရယူပြီး သတိထားစဉ်းစားပါလေသော် မိမိကိုဖန်ဆင်းတော်မူထားသော အသျှင်သခင်(အလ္လာဟ်)အား မုချရှာဖွေတွေ့ရှိ၍ သွားမည်ဖြစ်ပါတယ်။

ဉာဏ်မျက်စိဖြင့် မြင်အောင်ရှု၍ တွေ့အောင်ရှာကာ ဖန်ဆင်းရှင်ကိုသာလျှင် ကိုးကွယ်ဆည်းကပ်ပါ။ "ကိုးကွယ်ခြင်း"ဆိုသည်မှာ အားကိုးခြင်းမှ "ကိုး"ကိုယူ၍ (အန္တရာယ်များမှ) အကာအကွယ်ပြုခြင်းမှ "ကွယ်"ကိုပေါင်းစပ်ကာ "ကိုးကွယ်ခြင်း"ဟု သုံးနှုန်းထားခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့ အား"ကိုး"ထိုက်သောအရှင်သည် အန္တရာယ်အသွယ်သွယ်မှ အကာ"အကွယ်" ပြုပေးနိုင်တော်မူသော အသျှင်သခင်သာလျှင် ဖြစ်ပေတယ်။ ထိုအသျှင်သခင်ကို ကိုးကွယ်ကြရမှာဖြစ်တယ်။

"ကိုးကွယ်ခြင်း"ကို ခံယူတော်မူထိုက်သောအသျှင်သည် (အလ်ခါလိက်)တုနိုင်းမဲ့ကင်း ဖန်ဆင်းတော်မူသည့် အသျှင်သာလျှင် ဖြစ်ပေတယ်။ ကျမ်းတော်မြတ်ကုရ်အာန် (၆း၉၅) တွင် -

"ကေန်အမှန် အလ္လာဟ်အသျှင်မြတ်သည် မျိုးစေ့နှင့်သစ်စေ့တို့အားအက်ကွဲ၍ အညှောင့်ထွက်စေတော်မူသောအသျှင်ဖြစ်၏။ ထိုအသျှင်သည်သာ သက်ရှိကိုသက်မဲ့မှ ထုတ်တော်မူ၏။ သက်မဲ့ကို သက်ရှိမှ ထုတ်တော်မူသောအသျှင်ဖြစ်၏။ ဤသည်"အလ္လာဟ်" ဖြစ်၏။ အသင်္ဂအဘယ်သို့ ပြန်လှည့်သွားသနည်း။"

ကျမ်းတော်မြတ်ကုရ်အာန် (၁၁၂း၄) တွင် -
"ထိုအသျှင်မြတ်၌ တုဘက်နိုင်းယှဉ်ရာ ဂုဏ်ရည်တူဟူ၍ အလျဉ်းမရှိ"
ကျမ်းတော်မြတ်ကုရ်အာန် (၄၂း၁၁) တွင် -
"ထိုအသျှင်မြတ်ကဲ့သို့ တူညီသောအရာ တစ်စုံတစ်ရာမျှပင်မရှိ"
ကျမ်းတော်မြတ်ကုရ်အာန် (၁၁၂း၁-၂) တွင် -

"ထိုအသျှင်မြတ်သည် တစ်ပါးတည်းသော၊ ပြီးပြည့်စုံတော်မူသော အရှင်ဖြစ်တော်မူပါ၏။ အလ္လာဟ်သည် တုနှိုင်းမဲ့ အစဉ်ထာဝရ ပြီးပြည့်စုံတော်မူသော အသျှင်ဖြစ်တော်မူ၏။"

ဤစကြာဝဠာ လောကခပ်သိမ်းအား ဖန်ဆင်းသည်မှာ "အလ္လာဟ်"၊ စီမံအုပ်ချုပ်နေသည်မှာလည်း "အလ္လာဟ်"၊ အရေးကိစ္စအားလုံးတို့အား စီရင်ဆုံးဖြတ်သည်မှာလည်း "အလ္လာဟ်"၊ တရားလမ်းညွှန်တော်မူသည်မှာလည်း "အလ္လာဟ်"အသျှင်မြတ်သာလျှင် ဖြစ်တော်မူပါတယ်။ ထို့ကြောင့် အမှန်တရားဖြစ်သည့် (လာအေလာဟအစ်လောလ္လာဟို့)ကို မြင်အောင်ကြည့်၍ တွေ့အောင်ရှာကာ ကိုးကွယ်ဆည်းကပ်ကြရမှာဖြစ်ပါတယ်။

စကြဝဠာကမ္ဘာမိုးမြေ နေလနက္ခတ်တာရာ တောတောင်ရေမြေ မြစ်ချောင်းမိမ့်စမ်းအင်းအိုင် ပင်လယ်သမုဒ္ဒရာ အပင်တိရိစ္ဆာန်အမျိုးမျိုးနှင့် အဖန်ဆင်းခံတွင် အမြတ်ဆုံးဖြစ်သည့် လူသားတို့အား "အလ္လာဟ်အသျှင်မြတ်"က တစ်ပါးတည်းဖန်ဆင်းတော်မူခဲ့တာပါ။ ဖန်ဆင်းတော်မူသည့်နေရာမှာ မည်သူ၊ မည်သည့်အရာတို့နှင့်မှ ဖက်စပ်ထားခြင်းမရှိပါ။ တစ်ပါးတည်းသာဖြစ်ပါတယ်။ အတိုင်ပင်ခံမရှိပါ။ တူသူလည်းမရှိပါ။ အကယ်၍သာ အပါးပါးရှိခဲ့ပါလျှင် အကွဲကွဲ အပြားပြား ခြားနားမှုများဖြင့် ဤစကြာဝဠာ ကမ္ဘာလောကကြီးမှာ ပရမ်းပတာ

ကမောက်ကမနှင့်တည်ငြိမ်မှုမရှိ အလွဲလွဲအမှားမှားတွေ ဖြစ်နေကြမယ်။ ထိုအခါတွင် ထိုကွဲပြားလွဲမှားမှုဒဏ်ကို ဤစကြဝဠာကြီးတစ်ခုလုံးမှ ဒဏ်ခံကြရတော့မှာဖြစ်ပါတယ်။

တုန့်နိုင်းမဲ့အသျှင် "အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်း" ကသာလျှင် ဖန်ဆင်းစီရင်စောင့်ရှောက်တော်မူထားသောအတွက်ကြောင့် (ကျမ်းတော်မြတ်ကုရ်အာန်တွင် သတင်းပေးထားပြီးသည့်အတိုင်း)စလယ်ဆုံးမှာ နေသားတကျ ညီညွတ်မျှတတန်ဖိုးရှိလှပါတယ်။

(သက်ဒီး၏)သတ်မှတ်ချက်များနှင့် စံနစ်ဇယားကျနလွန်စွာ မှပင် သေသပ်လှပ၍နေပေတယ်။

ယနေ့လူသားတို့မှာ လုပ်ချင်တာမလုပ်ရ ဖြစ်ချင်တာမဖြစ်ရ။ ဒုက္ခကိုလည်းမဖယ်ရှားနိုင် သုခကိုလည်း လက်မလှမ်းနိုင် ဖြစ်နေကြခြင်း။ ကြုံတွေ့နေကြရခြင်းဟာ စီမံရှင်"အလ္လာဟ်"ရဲ့(သက္ကဒီး၏တော်)သတ်မှတ်ချက်က လွှမ်းမိုးထားခြင်းကြောင့်ပဲ ဖြစ်ပါတယ်။

ထပ်မံ၍ ရှင်းလင်းတင်ပြပါဦးမည်။ အလ္လာဟ်အသျှင်မြတ်က လူ၏ခန္ဓာကိုယ်တွင် ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာဟူ၍ (၂)မျိုး ဖန်ဆင်းပေးထားတော်မူပါတယ်။ ရုပ်ခန္ဓာဆိုသည် မြင်တွေ့ရသည့် အရာများဖြစ်၍ နာမ်ခန္ဓာဟူသည်မှာ မမြင်တွေ့ရသောအရာများဖြစ်ကြပါတယ်။ ရုပ်ခန္ဓာတွင်ပင် ကျွန်ုပ်တို့မှာ အပြင်ပိုင်းကိုသာလျှင် မြင်တွေ့ကြရပြီး အတွင်းပိုင်း(ကလီစာ)များကိုတော့ ဖုံးအုပ်ကာထားပါတယ်။ လိုအပ်၍ ခွဲစိတ်ကုသမှု ပြုကြရမှာသာ လိုအပ်သလောက် တွေ့မြင်ကြရတာပါ။ ကျွန်ုပ်တို့နှင့် မြင်တွေ့နေရသော အပြင်ပိုင်းရုပ်ခန္ဓာနှင့်ပင် အသိဉာဏ်စဉ် အလင်းတရားများနှင့် စဉ်းစားသုံးသပ်၍ မိမိတို့ရဲ့(အသျှင်သခင်)ကို သိမြင်နိုင်ကြပါတယ်။

အသျှင်သခင်က အဖန်ဆင်းခံလူသားအတွက် လိုအပ်ချက်များကို ပြည့်စုံစွာ တပ်ဆင်ပေးအပ်ထားပါတယ်။ ထိုလူသားအတွက် အကျိုးပြု အသုံးဝင်မယ့်အရာအားလုံးကို ဖန်ဆင်းစီရင် ပေးသနားတော်မူထားပါတယ်။ အပိုအလိုမရှိ အားလုံးကွက်တိဖြစ်တယ်။ လူသားရဲ့ အသိဉာဏ်နှင့်လိုက်မမီနိုင်အောင်ပင် ဖန်ဆင်းရှင်၏ ဖန်ဆင်းစီရင်မှုများက အံ့မခန်းကြီးကျယ်ခန့်ငြားပြည့်စုံလှပါပေတယ်။

လူသားတွင် ချီးမြှင့်တော်မူထားသော ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ (၂)ရပ်တွင် ပြင်ပရုပ်ခန္ဓာမှာ တွေ့မြင်ခွင့်ရပြီး အတွင်းမှုရုပ်ခန္ဓာကတော့ လူတိုင်းမြင်ခွင့်မရ ဖုံးအုပ်၍ထားသော်လည်း ထိုအတွင်းခန္ဓာတွင် ထိုလူသားအတွက်လိုအပ်ချက် (စက်ပစ္စည်းကဲ့သို့ အလုပ်လုပ်နေသော အရာများရကာလီစာများ)ကို အသျှင်မြတ်က ထည့်သွင်းဖန်ဆင်းပေးထားတော်မူပါတယ်။

လူသားမှာ လုံးဝမမြင်မတွေ့ရသည့်နာမ်ခန္ဓာကိုလည်း အသျှင်မြတ်က လူသားကိုပေးသနားထားတော်မူပါသေးတယ်။ နာမ်ခန္ဓာမှာ အသက်/ဝိဉာဉ် နှလုံးသားခံစားချက်များကိုခေါ်ပါတယ်။ ဒီ(၃)ရပ်ဟာ နာမ်ခန္ဓာပါပဲ။

ထပ်မံ၍ခွဲခြားပြရပါလျှင် "အသက်"ဆိုတာက ရုပ်ရှိတဲ့အရာတိုင်းမှာ တည်ရှိနေပါတယ်။ အရာဝတ္ထုတစ်ခုမပျက်စီးခင်မှာ "အသက်"ရှိတယ်လို့ ယူဆမှတ်သားကြပါတယ်။ အရာဝတ္ထုတစ်ခုက သုံးမရတော့လျှင်၊ ပျက်စီးသွားပြီဆိုလျှင် "အသက်"ကုန်သွားပြီလို့ နားလည်ထားကြပါတယ်။ ဥပမာ-ဖျာတစ်ချပ်ဟာ သုံးစွဲလို့မရအောင် ပျက်စီးသွားပြီဆိုလျှင် "ဖျာ"သက်ကုန်သွားပြီလို့ သတ်မှတ်ကြပါတယ်။

"အသက်"ရှိခြင်းရဲ့ သဘောတရားကို ရှင်သန်လှုပ်ရှားနိုင်ခြင်းကိုကြည့်၍လည်း သိနားလည်နိုင်ကြသကဲ့သို့ လှုပ်ရှားမှုကင်းမဲ့သွားခြင်း အချိန်ကြာလာသောအခါ အပုပ်နံ့ထွက်လာခြင်း သစ်ပင်တို့မှာ ညှိုးနွမ်းခြောက်သွေ့သွားခြင်း စသည်တို့ကိုကြည့်မြင်၍လည်း အသက်သေခြင်းရဲ့ သဘောတရားကို သိရှိနားလည်ကြရပါတယ်။

သို့သော်လည်း ထိုအသက်ရဲ့ ပင်ကိုယ်တည်ရှိမှုကိုတော့ မည်သူမျှမတွေ့မြင်နိုင်ကြပါချေ။ ရှိကြောင်းသိသော်လည်း မမြင်ကြရ။ အရှင်ဖန်ဆင်းပေးထားတော်မူသည့် "အသက်"ကိုပင် သိသော်လည်း မမြင်ရပါလျှင် မိမိတို့၏ဖန်ဆင်းရှင်အား ကျွန်ုပ်တို့မှာ မည်သို့မြင်နိုင်ကြပါအံ့နည်း။ သို့ရာတွင် မှချရှိကြောင်းကိုသိကြရပေမယ်။

"ဝိညာဉ်"ဆိုတာက ရုပ်ခန္ဓာသည်လည်းကောင်း အသက်သည်လည်းကောင်း၊ ပျက်စီးကုန်ဆုံးမှုရှိကြသော်လည်း "ဝိညာဉ်"မှာ ပျက်စီးမှုမရှိသော အလ္လာဟ်အသျှင်မြတ်၏(ရူးဟ်)အမိန့်တော် တစ်ခုပင်ဖြစ်ပါတယ်။

အလ္လာဟ်အသျှင်ထံတော်မှ အမိန့်တော်တစ်ခုဖြစ်တဲ့ (ရူးဟ်) ဝိညာဉ်ကိုရုပ်ခန္ဓာထဲမှာ အသျှင်မြတ်ကထည့်သွင်းပေးထားပါတယ်။ အသျှင့်အမိန့်နာခံမှုများအပေါ်မှာ ဝိညာဉ်ရဲ့တိုးတက်မှုရရှိကြပြီး အသျှင့်အမိန့်ဖီဆန်မှုများအပေါ်မှာ ဝိညာဉ်အတွက် ဆုတ်ယုတ်နိမ့်ကျမှုများဖြစ်ရှိသွားရပါတယ်။ ထိုဝိညာဉ်သည်သာ စံစားမှု၊ ခံစားမှု ဂျန္နတ် (သို့မဟုတ်) ဂျဟန္နမ်သို့ သွားရမှာဖြစ်တယ်။ အဲဒီအချိန်မှာ စံစားမှုနဲ့ ခံစားမှုတို့အတွက် အရသာခံယူရန် ရုပ်ခန္ဓာတစ်ခုကိုလည်း ဒွန်တွဲပေးအပ်ဦးမှာ ဖြစ်ပါတယ်။

"နှလုံးသားရဲ့ခံစားချက်များ" ဆိုတာကတော့ နာကျင်မှု၊ ပူဆွေးမှု၊ ပျော်ရွှင်မှု အစရှိသည့် စိတ်ချမ်းသာခြင်း၊ စိတ်မချမ်းသာခြင်း တို့ကို ခေါ်ဆိုတာပါ။ ဒီခံစားမှုတွေကတော့ လူသားမှာ ရုပ်ခန္ဓာ၊ အသက်၊ ဝိညာဉ်တို့ ဒွန်တွဲနေသမျှ ကာလပတ်လုံး ရုပ်ခန္ဓာအပေါ်မှာ သက်ရောက် သည့် ကောင်းကျိုးများ၊ ဆိုးကျိုးများအတွက်ကြောင့် ဖြစ်ပေါ်လာခဲ့ရသော ခံစားချက် စိတ်စေတသိတ်ဖြစ်ပါတယ်။

ထိုခံစားချက်စိတ်စေတသိတ်ကို ထိတွေ့သူ ကာယကံရှင် ကိုယ်တိုင်မှလွဲ၍ အခြားသူမခံစား မသိမြင်နိုင်ကြပေ။ ခံစားရသူ ကိုယ်တိုင်ပင်လျှင် ထိုခံစားချက်များ (နာကျင်မှု၊ ပူဆွေးမှု၊ ကြည်နူးမှု၊ ပျော်ရွှင်မှု) စသည်တို့အား ခံစားရသော်ငြားလည်း မမြင်နိုင်ကြရပေ။

နာကျင်ခြင်းကိုသိ၏၊ မမြင်ရ။ ကြည်နူးမှုကိုသိ၏။ သို့သော် မမြင်ရ ဖြစ်ပါတယ်။ ထိုကဲ့သို့ပင် ဖန်ဆင်းရှင်အား ကျွန်ုပ်တို့မှာ သိသော် ငြားလည်း မြင်နိုင်ကြမည်မဟုတ်ကြောင်းကို နားလည်သိမှတ်ထားကြ ပေမည်။ လောကီ မျက်စိနှင့်မဖူးမြင်နိုင်၊ ဉာဏ်မျက်စိနှင့်ဖူးမြင်နိုင်၏။ ဤကမ္ဘာလောကကြီးတွင် မမြင်မတွေ့ရသော်လည်း အမှန်တကယ် ရှိနေသည့်အမှန်တရားများသည် ရှိနေပါတယ်။ "အလ္လာဟ်" ရှုဟ်ဝိညာဉ်၊ လေ၊ နာကျင်မှု၊ ပျော်ရွှင်မှု၊ ပူဆွေးမှု၊ ဒုက္ခ၊ သုခ အီဿန်လျှပ်စစ်ဓာတ်။

အလ္လာဟ်အသျှင်သခင်ရှိကြောင်း သက်သေလက္ခဏာတော် များကို ရှာဖွေကြည့်မြင် ဆင်ခြင်သုံးသပ်ကြလျက်ရှိကြောင်းသိပြီး၊ မမြင်နိုင်ကြောင်းကိုလက်ခံကာ နှလုံးသားမှာ စွဲမြဲစွာ အီမာန်သက်ဝင် ယုံကြည်ကြရမှာဖြစ်ပါတယ်။ ထိုအရှင်ကိုသာလျှင် ကိုးကွယ်ဆည်းကပ် အေဘာဒတ်ပြုကြရမှာ ဖြစ်ပါတယ်။

ဤလောကတွင် ကိုယ့်ကျင့်တရား အလွန်ကောင်းမွန်သည့် ကြည်ညိုဖွယ်ရာလူသားများရှိနေကြပါတယ်။ ကြည်ညိုဖွယ်ရာကြောင့် ကိုးကွယ်ခြင်းကိုမပြုရပါ။ လူသားသည် အဖန်ဆင်းခံသာလျှင်ဖြစ်၍ အားကိုးထိုက်သော အန္တရာယ်အသွယ်သွယ်မှ ကာကွယ်နိုင်သော သူမဟုတ်ပါ။ ၎င်းအပေါ်တွင် သက်ရောက်လာသည့် အန္တရာယ်ကိုပင် တားဆီးဖယ်ရှားနိုင်သည်မဟုတ်ပါ။ ထို့ကြောင့် ကြည်ညိုဖွယ်ရာနှင့် ကိုးကွယ်ရာအား ခွဲခြားနားလည်တတ်ကြ ပါစေ။

အဖန်ဆင်းခံလူသားများ၏အာရုံတွင် အလ္လာဟ်အသျှင်မြတ်အား ခြုံငုံ၍ကား မစဉ်းစားနိုင်၊ မသုံးသပ်နိုင်၊ မမြင်နိုင်ပေ။ ဖန်ဆင်းရှင်အား အရှင်ပေးသနားထားသည့်အသိဉာဏ်စင်ဖြင့်သာ စဉ်းစားတွေးဆ သိမြင်တတ်ကြရမှာဖြစ်ပါတယ်။ ဤသည် အရှင်ချီးမြှင့်တော်မူသော (အီလ်ဟာမ်)ပင် ဖြစ်ပေတယ်။

ယနေ့လက်တွေ့မျက်တွေ့မြင်ရမှ ယုံကြည်မည်ဆိုပါက မြင်မြင်သမျှ သခါရ(ဖနာ)ပျက်စီးခြင်းမကင်းသော အရာများကိုပင် ကိုးကွယ်ကြတော့မည်လော (ဖနာ)သည်ကိုးကွယ်ခံထိုက်ခြင်းမရှိပါ။

နိစ္စထာဝရအမြဲတည်ရှိနေတော်မူသည့် (ဟိုက်ယွန်ကိုက်ယူးမ်) အသျှင်သခင်သည်သာလျှင် ခဝ်ကိုးကွယ်ခြင်းကိုခံယူထိုက်တော်မူပေ၏။

(ဟိုက်ယွန်းန်) အမြဲရှင်သန်နေတော်မူသော၊

(ကိုက်ယူးမ်) အမြဲတည်ရှိနေတော်မူသော၊

ထိုနိစ္စထာဝရ အသျှင်သခင်ကိုသာလျှင် ကိုးကွယ်ခြင်းသည် (လာအေလာဟ အစ်လောလ္လာဟို)ဖြစ်၍ ထိုကလေမာဟ်တော် သစ္စာစကားသည် အမှန်တရားဖြစ်ပေ၏။

အမှန်တရားသည် ဒီးန်နေ့အစ္စလာမ်ပင်။

အီမာန်ဟူသည် အကွယ်မှအရာကို ယုံကြည်ခြင်းဖြစ်ပြီး မြင်တွေ့သမျှသည်ကား (ဖနာ)ပျက်စီးခြင်းအဆုံးတိုင်ဖြစ်ပေသည်။

ချစ်စံနမူနာရှင် အိဗ္ဗရာဟီမ်(အလိုင်ဟစ္စလာမ်) သခင်လေးရဲ့ အကြောင်း ပြန်ဆက်တင်ပြရမယ်ဆိုလျှင်・・・

သခင်လေးဟာ ဂူထဲကထွက်လာကထဲက မိမိရဲ့"အသျှင်သခင်" ကို စတင်ရှာဖွေခဲ့တာဖြစ်တယ်။ သားတော်လေးက ဆိတ်အုပ်၊ သိုးအုပ်တွေကို ဘယ်သူဖန်ဆင်းထားပါလဲ၊ မေးတော့ မိခင်က အဖြေမပေးတတ်ခဲ့ဘူး။ ဒီတော့သားတော်လေးက မေးခွန်းကိုပြောင်းမေးတယ်။ "မိခင်မည်သူ့ကိုအားကိုးနေသလဲ"လို့မေးပြန်တယ်။ မိခင်က "ငါဟာ မင်းရဲ့ဖခင်ကို အားကိုးနေတယ်"လို့ဖြေတယ်။ သားတော်လေးက "ဖခင်ကတော့မည်သူ့ကို အားကိုးနေပါသလဲ"လို့ ထပ်မေးတဲ့အခါမှာ ဖခင်သည်"နမရူဒ်"ဘုရင်ကို အားကိုးနေပါကြောင်းပြန်ဖြေတယ်။

ဒီတော့ သားတော်လေးက နမရူးဒ်ဘုရင်ရဲ့ထံကို ခေါ်သွားပေးရန်ပူဆာပြန်တယ်။ မိခင်ကနန်းတော်ကိုခေါ်သွားခဲ့တယ်။ ရာဇပလ္လင်ပေါ်မှာ ငိုက်မည်းနေတဲ့ "နမရူးဒ်"ဘုရင်ကို မိခင်ကမြင်သာတဲ့ တစ်နေရာကလှမ်းပြလိုက်တယ်။ နမရူးဒ်ကို ကြည့်မြင်ရတော့ အိဗ္ဗရာဟီမ်သခင်လေးက "အိုမိခင် ဤကဲ့သို့ မုတ်ဆိတ်ကြောင်ကျား မျက်ခွက်မျက်နှာ ရှုံ့တွစွာနဲ့ ရာဇပလ္လင်ပေါ်တွင် ငိုက်မျည်းနေသူမှာ မိခင်ဖခင်တို့ကဲ့သို့ လူသားသာလျှင်ဖြစ်၍ အားကိုးအားထားဖွယ်ရာ (ကိုးကွယ်ရာ)မဟုတ်ပါ" ဟု ပြောလိုက်တယ်။ မိခင်က ရာဇဝတ်ဘေးသင့်မှာစိုးပြီး ထိတ်လန့်စွာနဲ့ သားတော်လေးကို အိမ်သို့အမြန်ခေါ်သွားခဲ့ပါတော့တယ်။

မိမိရဲ့အရှင်သခင်ကို ရှာဖွေတဲ့နေရာမှာ အာသာမပြေရှာတဲ့ အိဗ္ဗရာဟီမ်သခင်လေးဟာ ညအခါရောက်တော့ ကောင်းကင်ယံ

အာကာသမှာ ဝင်းပစွာ"သာ"နေတဲ့ လမင်းကြီးကို အံ့သြစွာပင်ကြည့်ရှုရင်း "ဒါဟာကိုးကွယ်ရာ "အရှင်သခင်"လားဟု တစ်ညတာလုံး စဉ်းစားသုံးသပ်ကာကြည့်နေဖြစ်ခဲ့တယ်။ တဖြည်းဖြည်းနဲ့ ညအချိန်ကုန်ဆုံးပြီး လင်းအာရုံဝင်လာလေတော့ လမင်းရဲ့အလင်းရောင်က တစစ မှေးမှိန်သွားပြီး နောက်ဆုံးတော့ လုံးလုံးပျောက်ကွယ်၍ သွားပါတော့တယ်။ အဲဒီလိုရွေ့လျားပြောင်းလဲကာ ပျောက်ကွယ်သွားခဲ့ရတဲ့ "လ"ကို ကြည့်၍ ဒါဟာ(ဖနာ)ဖြစ်တယ်။ ကိုးကွယ်ရာမဟုတ်ပါဆိုတာ သိမြင်လာခဲ့ပါတယ်။

ရွေ့လျားဖောက်ပြန်ပြောင်းလဲခြင်းနဲ့ (ဖနာ) ပျက်စီးခြင်းမကင်းတာ ကိုးကွယ်ရာဘုရားမဟုတ်ဘဲ နိစ္စထာဝရ (ဟိုက်ယွန်ကိုက်ယူးမ်) အရှင်သခင်သည်သာလျှင် ကိုးကွယ်ရာဖြစ်ကြောင်းကို အိဗ္ဗရာဟီမ်သခင်လေးက နားလည်ခွဲခြားသိမြင်တတ်ခဲ့ပါတယ်။

နောက်တစ်နေ့ မိုးသောက်လာတော့ လင်းရောင်ရှိန်ပြင်းတဲ့ နေမင်းကြီးက ထွက်ပေါ်၍လာပြန်ပါတယ်။ လမင်းထက် လင်းဝင်းတောက်ပလှတဲ့ နေမင်းကြီးကို တွေ့မြင်ရပြန်တော့။ "ဒါဟာကိုးကွယ်ရာလား" ဆိုပြီး အရှင်သခင်ကိုရှာဖွေခဲ့ပြန်တယ်။ နေကတဖြည်းဖြည်းတက်လာတယ်။ နောက်နေက တဖြည်းဖြည်းကျသွားတယ်။ နောက်ဆုံးမှာနေဝင်ပြီး နေလုံးကြီးက ပျောက်ကွယ်သွားပါတော့တယ်။ မြင်တွေ့နေရသော အရာတိုင်းဟာ မတည်မြဲဘဲ ပျက်စီးခြင်း(ဖနာ)ထဲမှာရှိနေတယ်။ နေသည်လည်း မတည်မြဲဘဲ ရွေ့လျားဖောက်ပြန်ပြောင်းလဲနေခဲ့တယ်။ မတည်မြဲသောအရာဟာ ဘုရား မဟုတ်နိုင်ဘူးလို့ အိဗ္ဗရာဟီမ်သခင်လေးက အတိအကျသိသွားခဲ့ပါတယ်။

အရှင်သခင်အားရှာဖွေခြင်းအပေါ်မှာ ကြိုးပမ်းခဲ့တဲ့ အိဗ္ဗရာဟီမ်သခင်လေးရဲ့ရင်ထဲကိုအလ္လာဟ်အသျှင်မြတ်က တရားဓမ္မရောင်ခြည်

တော်ကို ကွန့်မျူးစေခဲ့ပြီး ဟောဒါယတ်အလင်းတရားကို ချီးမြှင့်ကာ နိစ္စထာဝရ (ဟိုက်ယွန်ကိုက်ယူးမ်)အရှင်သခင်ကို တွေ့သိသွားစေခဲ့ပါတယ်။

အိဗ္ဗရာဟီမ်သခင်ဟာ မျက်မြင်လက်တွေ့ ကြုံတွေ့ရသမျှ အားလုံးသည် မတည်မမြဲ ဖောက်ပြန်ပြောင်းလဲနေသော အဖန်ဆင်းခံများသာဖြစ်ကြကြောင်း ထိုစကြာဝဠာနှင့်တကွ တွေ့မြင်ရသမျှ အရာခပ်သိမ်းတို့ကို ဖန်ဆင်းထားတော်မူသော အရှင်သခင်သည်သာလျှင် ကိုးကွယ်ရာအရှင်ဖြစ်တော်မူကြောင်း ထိုအရှင်ကာပင် အဖန်ဆင်းခံများ၏ အပေါ်တွင် လွှမ်းမိုးချုပ်ကိုင် စိုးမိုးတော်မူထားကြောင်း အဖန်ဆင်းခံ အားလုံးမှာ မည်သို့မှုစွမ်းအားမရှိပါကြောင်းများကို နှလုံးသားတွင် ထင်ရှားပေါ်ပေါက်၍ စိတ်ဉာဏ်စဉ်အလင်းတရားဖြင့် အလ္လာဟ်အသျှင်မြတ်အား သိမြင်သွားခဲ့ပါတယ်။

လာအေလာဟ - မည်သူမှုခဝပ်ကိုးကွယ်ခြင်းခံထိုက်သူမရှိ။
အစ်လောလ္လာဟို - အလ္လာဟ်အသျှင်မြတ်မှ အပ
လာအေလာဟ - အဖန်ဆင်းခံများ၌စွမ်းအားမရှိ
အစ်လောလ္လာဟို - ဖန်ဆင်းရှင်၌သာ စွမ်းအားရှိ၏
လာအေလာဟ - မည်သူ/မည်သည့်အရာနှင့်မှမဖြစ်
အစ်လောလ္လာဟို - အလ္လာဟ်အသျှင်နှင့်သာ အရာအားလုံး
ဖြစ်ခဲ့သည်၊ ဖြစ်နေသည်၊ ဖြစ်ဦးမည်။

ကလေမာဟ်တော်သစ္စာစကားရဲ့ သဘောတရားကို အိဗ္ဗရာဟီမ်(အလိုင်ဟစ္စလာမ်)သခင်က သိမြင်သွားခဲ့ပါတယ်။ အလ္လာဟ် အသျှင်မြတ်က သခင့်ကို(နဗူဝပ်) ချီးမြှင့်တော်မူပြီး ကလေမာဟ်တော် သစ္စာစကား(လာအေလာဟ အစ်လောလ္လာဟို အိဗ္ဗရာဟီမ ခလီလွလ္လာဟ်)ကို ပေးအပ်ဖြန့်ချီတော်မူစေခဲ့ပါတယ်။

အိဗ္ဗရာဟီမ် (အလိုင်ဟစ္စလာမ်)သခင်ဟာ အရှင်သခင်ကို သိရှိပြီးတာနဲ့ အသျှင့်အမိန့်နဲ့ မကိုက်ညီသမျှ အရာအားလုံးကို ဆန့်ကျင်ကျောခိုင်းခဲ့ပါတယ်။ ရုပ်တုဆင်းတု အရောင်းခိုင်းတဲ့ဖခင်ရဲ့ အမိန့်ကိုလည်း ဆန့်ကျင်ခဲ့တယ်။ မနာခံခဲ့ဘူး။ ဒါဟာအရှင့်အပေါ်မှာ ထားရှိခဲ့တဲ့သခင့်ရဲ့ "အချစ်" က အလွန်ပဲကြီးမားကျယ်ပြန့်လှပြီး နက်ရှိုင်းတဲ့ "ယုံကြည်ချက်" ကြောင့်ပဲဖြစ်ပါတယ်။

တစ်နေ့ မြို့သူမြို့သားတွေအားလုံး မြို့ပြင်မှာပြုလုပ်တဲ့ ပွဲလမ်းသဘင် ကိုသွားရောက်ပျော်မြူးနေကြတဲ့အချိန်မှာ အိဗ္ဗရာဟီမ် (အလိုင်ဟစ္စလာမ်) သခင်ဟာ ရုပ်တုတွေထားတဲ့ ကျောင်းဆောင်ထဲကို ဝင်ပြီး မိမိ၏"ချစ်သူ" အလ္လာဟ်အသျှင်နှင့် တဘက်နှိုင်းပြိုင်ပြီး ကိုးကွယ်ခံနေကြတဲ့ ရုပ်တုတွေကို မခံမရပ်နိုင်စွာနဲ့ ရိုက်ချိုးဖျက်ဆီးပစ်ခဲ့တယ်။ သခင်ဟာ မိမိရဲ့ "ချစ်သူ" အရှင်သခင်နဲ့ပတ်သက်လာရင် ဘုရင်နမရူဒ်ရဲ့ အန္တရာယ်ရန်စွယ်ကိုပင်လျှင် ထည့်သွင်း၍မစဉ်းစားဖြစ်ခဲ့ပါဘူး။

ဒီကိစ္စနဲ့ပတ်သက်ပြီး ဘုရင်ကခေါ်ယူစစ်ဆေးတဲ့အခါမှာ အိဗ္ဗရာဟီမ်(အလိုင်ဟစ္စလာမ်)သခင်က ကျိုးကြောင်းပြပြီး (ဒအ်ဝပ်တော့ အစ်လောလ္လာဟ်) အလ္လာဟ်ဘက်ကို ဖိတ်ခေါ်မှုကိုပြုခဲ့တယ်။ ကလေမာဟ်တော်သစ္စာစကားရဲ့ အနှစ်ချုပ်သဘောတရားများကို ဟောကြားခဲ့ပါတယ်။ သို့သော်လည်း ဘုရင်နှင့်တကွ မည်သူကမှ "အမှန်တရား" ကို လက်မခံခဲ့ကြဘူး။ သခင်ရဲ့ဖခင် ကိုယ်တိုင်ကပင် လက်မခံခဲ့တာပါ။ ဘုရင်နမရူဒ်က အရုပ်ထားတဲ့အဆောင်ထဲက အရုပ်တွေကို ဖျက်ဆီးမှုနဲ့ မီးရှို့သတ်ရန် အမိန့်ပေးခဲ့တယ်။ ဒီအမိန့်ကို လည်း ဖခင်ရင်းအပါအဝင် အားလုံးကသဘောတူခဲ့ကြပါတယ်။

အိဗ္ဗရာဟီမ်သခင်ကိုပစ်ချရန်အတွက် အတောင်(၁၀၀) ပတ်လည်ကျယ်ဝန်းတဲ့ မီးတွင်းကြီးကိုတူးစေခဲ့တယ်။ လောင်စာတွေဖြည့်ပြီး လောင်မြိုက်အောင်ရှို့လိုက်တဲ့အခါမှာ မီးပုံကြီးက အရှိန်အဟုန်ပြင်းစွာနဲ့ တောက်လောင်လာတယ်။ မီးအပူရှိန်ပြင်းထန်လွန်းလို့ သခင့်ကိုမီးပုံထဲမှာချရန်အတွက် မီးပုံကြီးအနားကိုကပ်လို့တောင်မရခဲ့ဘူး။ နောက်ဆုံးမှာ စက်မောင်းဝါးကြီးဆင်၍ ကြိုးတပ်ဆင်ပြီး အဝေးမှချရန်ကို တိုင်ပင်နှီးနှောကာ သဘောတူလိုက်ကြတယ်။

သခင့်ကိုစက်မောင်းဝါးရဲ့ တစ်ဘက်မှာချိတ်ဆွဲလိုက်ကြပြီး မီးပုံကြီးရဲ့ အလယ်ခေါင်မှာ ချလုဆဲဆဲမှာပဲ အလ္လာဟ်အသျှင်မြတ်အမိန့်နဲ့ ဖရစ်ရှ်တာ့ဟ် ကောင်းကင်တမန်တွေ ရောက်ရှိလာခဲ့ကြတယ်။ "ကူညီပါရစေ"လို့သခင့်ကို ကမ်းလှမ်းကြပါတယ်။

သို့သော်လည်း မိမိရဲ့အရှင်သခင်ရဲ့အပေါ်မှာ "ချစ်ခွဲ"ကြီးမားစွာနဲ့ ယုံပုံအားကိုးခဲ့တဲ့ စစ်မှန်သော (ဟနီးဖ်) အီမာန်ရှင် အိဗ္ဗရာဟီမ် (အလိုင်ဟစ္စလာမ်)သခင်က ကောင်းကင်တမန်တွေကို (ယကီန်း)ရဲ့ စကားနဲ့ ဤကဲ့သို့ ဖြေကြားတော်မူခဲ့ပါတယ်။

"ငါ့ရဲ့အဖြစ်သနစ်အခြေအနေကို ငါ့ရဲ့အရှင်သခင်က သိမြင်တော်မူပါတယ်။ ငါ့ရဲ့အရှင်သခင်က သဘောတူရင် ဒီမီးကငါ့ကို လောင်ကျွမ်းသွားလိမ့်မယ်။ ငါ့ရဲ့အရှင်သခင်က သဘောမတူရင် ဒီမီးက ငါ့ကို ဘာဒုက္ခမှမပေးနိုင်ပါ"ဆိုပြီး ကူညီရန်အတွက် ကမ်းလှမ်းချက်ကို လက်မခံဘဲ ပယ်ချခဲ့ပါတယ်။ ဒီအချက်က အလ္လာဟ်အသျှင့်ရဲ့အပေါ်မှာပဲ ယုံပုံအားကိုးပြီး(ချစ်သူရဲ့သဘောတော်အတိုင်း လိုက်လျောကြည်ဖြူပါကြောင်း)ကို မိန့်ဆိုတော်မူခဲ့တာဖြစ်တဲ့အတွက် (အလ္လာဟ်နဲ့မှ ဖြစ်တယ်)ဆိုတဲ့ (ယကီးန်)ရဲ့ သင်ခန်းစာတစ်ပုဒ်ကို သမိုင်းတွင်အောင်

အီမာန်ရှင်ကျွန်ုပ်တို့အား သင်ပြပေးလိုက်ခြင်းပင်ဖြစ်လေသည် မဟုတ်ပါလော။

အိဗ္ဗရာဟီမ်သခင်ရဲ့ အရှင်သခင့်အပေါ်မှာ ထားရှိခဲ့တဲ့ အချစ်သဘောတရားက (အရှင့်သဘောတော်အတိုင်းပါ)လို့ ထင်ရှားစေခဲ့ပြီးတဲ့နောက်မှာ အလ္လာဟ်အသျှင်မြတ်က တဟုန်းဟုန်းတောက်လောင်နေတဲ့ မီးကိုအမိန့်ပေးခဲ့ပါတယ်။

"အို…မီး ငါ့ရဲ့အချစ်တော် အိဗ္ဗရာဟီမ်ရဲ့အပေါ်မှာအေးမြစေ"လို့ အမိန့်တော်ရှိလိုက်တာနဲ့ မီးဟာမိမိနဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ အေးမြမှုကို သခင်ကျခံခဲ့ရတဲ့ မီးပုံကြီးရဲ့အလယ်မှာ ပေါ်ပေါက်လာခဲ့ပါတယ်။

ပန်းပေါင်းစုံတဲ့ ဥယျာဉ်နှင့်တကွ စီးတွေနေသောစမ်းရေများ သာယာနာပျော်ဘွယ်အော်မြည်သံများနှင့် လေမှာပျံ့ဝဲနေသည့် ကျေးငှက်သာရကာများပေါ်ထွန်းလာခဲ့ပြီး သခင်ကျရောက်ရာ မီးပုံအလယ်မှာ ရာဇပလ္လင်တစ်ခု အသင့်ရောက်ရှိကာ အိဗ္ဗရာဟီမ်သခင်သည် ထိုပလ္လင်ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် (စွဗ္ဗဟာနေ့ာလ္လားပေ့ာ ဝလ်ဟမ်ဒို့လစ်လ္လားဟေ့ာ ဝလာအေလာဟ အစ်လောလ္လာဟို့ ဝေါလ္လာဟို့အပ်က်ဗရ်) တပ်စ်ဗီးဟ်တော်အား ရွတ်ဆိုတသကာနေခဲ့ပါတယ်။ ဘုရင်နမရူဒ်နှင့်တကွ ကြည့်ရှုနေသူအပေါင်းမှာ အံ့သြခြင်းကြီးမားစွာနဲ့ ရှိနေခဲ့ကြပါတယ်။ အဲဒီအထဲက နမရူဒ်ဘုရင်ရဲ့သမီးတော်ကတော့ဖြင့် အခြေအနေအရပ်ရပ်ကို ရှုမြင်စဉ်းစားသုံးသပ်၍ (ဟေဒါယတ်) အလင်းတရားရရှိကာ နဗီသခင်ရဲ့ထံမှာ (လာအေလာဟ အစ်လောလ္လာဟို့ အီဗရာဟီမို့ခလီလွလ္လာ)ဆိုသော ကလေမာဟ်တော် သစ္စာစကားကို ကိုယ်နှုတ်နှလုံးသုံးပါးစလုံးဖြင့် အမှန်တရားကို လက်ခံယုံကြည်အီမာန်ယူခဲ့ပါတယ်။

ရက်ပေါင်း(၄၀)အကြာမှာတော့ မီးပုံကြီးက ငြိမ်းသွားပါပြီ။ နဗီသခင့်ကိုလည်း ရန်ပြုမည့်သူမရှိတော့ပါဘူး။ အတောင်(၁၀၀) ပတ်လည်ရှိထားတဲ့မီးကပင် အန္တရာယ်မပြုနိုင်တော့။ ထပ်မံ၍ အန္တရာယ်ပြုရန် မက်ကင်းသွားကြတယ်။ နဗီသခင်ရဲ့ ဖခင်ကတော့ သူလုပ်နိုင်တဲ့ အတိုင်းအတာနဲ့ နဗီသခင်ကို အိမ်မှနှင်ထုတ်လိုက်ပါတယ်။ သခင်ဟာအမှန်တရားအတွက် ကလေမာဟ်တော် သစ္စာစကားအတွက် မိမိအရှင်သခင်အတွက် ဇာတိမြေကို ကျောခိုင်းစွန့်ခွာ၍ သွားခဲ့ရရှာပါတယ်။

ရပ်ဝေးနယ်ခြားမှာ နေထိုင်တဲ့ ဦးလေးထံမှာ သွားရောက်တည်းခိုနေထိုင်ပါတယ်။ ဦးလေးတော်ကလည်း တူတော်မောင်ရဲ့ သတင်းစကားများကို ကြားထားရလေတော့ သားစိတ်၊ မယားစိတ်ဝင်လာရင်ဖြင့် သာသနာ့လုပ်ငန်းစဉ်တွေကို ရပ်ဆိုင်းစေလိမ့်မယ်ဆိုတဲ့ စိတ်ကူးနဲ့ အလွန်ရုပ်ရည်ရူပကာယချောမောလှပတဲ့ မိမိသမီးတော် "စာရာ"နဲ့ ထိမ်းမြားလက်ထပ်ပေးခဲ့ပါတယ်။

ဒီနေရာမှာ အချောအလှနှင့်စပ်လျဉ်း၍ သာသနာ့အသိတစ်ခုအားပေးဝေချင်ပါတယ်။ ဒီကမ္ဘာစကြာဝဠာမှာ အချောဆုံးအလှဆုံးက အမျိုးသားထဲမှာ ချစ်နဗီမိုဟမ္မဒ်(စွလ်လလ္လာဟုအလိုင်းဟေဝစ်စ္စလာမ်)သခင်ဖြစ်တော်မူပါတယ်။ ချစ်နဗီသည် အလ္လာဟ်အသျှင်မြတ်၏နူရီတော်မှ ခွဲထုတ်ဖန်ဆင်းခြင်းခံရသည့်အတွက် အချောဆုံးအလှဆုံးဖြစ်ခဲ့ပါတယ်။

ချစ်နဗီရဲ့အလှတရားကို ဒီလောကီမှာ ဖုံးအုပ်၍ထားပါတယ်။ ထင်ရှားစွာဖွင့်ဖော်ပြခဲ့ပါလျှင် ရှုမြင်ရသူအပေါင်းမှာ အလှဒဏ်ကြောင့်

မခံစားနိုင်ဘဲ သေရင်သေ၊ မသေရင်ရူးသွားပါလိမ့်မယ်။ ထို့ကြောင့် အရှင်ကဖုံးအုပ်ထားပါတယ်။

လောကမှာ အလှပေါ်လွင်စေတဲ့သူကတော့ ကမ္ဘာရဲ့အလှ တစ်ဝက် ပိုင်ရှင်လို့တင်စားခြင်းခံယူရတဲ့ ယူဇွဖ်(အလိုင်ဟစ္စလာမ်) သခင်ရဲ့အလှပဲဖြစ်ပါတယ်။

ယူဇွတ်ဖ်နဗီရဲ့အလှကို ဒီလောကမှာ အရှင်မြတ်က ပေါ်လွင် ထင်ရှားစေခဲ့ပါတယ်။ ဖခင်ကြီးအာဒမ်(အလိုင်ဟစ္စလာမ်) ရဲ့ သားစဉ် မြေးဆက် အမျိုးသားများထဲတွင် ယူဇွဖ်နဗီက အလှဆုံးဖြစ်သကဲ့သို့ အမျိုးသမီးများထဲတွင် "စာရာ" သခင်မက အချောဆုံး အလှဆုံးဖြစ် ကြောင်း သာသနာ့အသိတရားနဲ့ မှတ်သားသိရှိရပါတယ်။

ချောမောလှပတဲ့ စာရာသခင်မနဲ့ လက်ဆက်ထိမ်းမြားပေးပြီး စိတ်ပြောင်းသွားစေရန်ထင်မှတ်ထားခဲ့တဲ့နဗီသခင်ရဲ့ဦးလေးတော်ဟာ အထင်နဲ့အမြင်တက်တက်စင်အောင် လွဲမှားသွားခဲ့တာကို အသိနှောက် ကျ၍သွားခဲ့ရပါတယ်။ နဗီသခင်က ဇနီးဖြစ်သူကို ဒါအ်ဝပ်ပေးပြီး ကလေမာဟ်တော် ဖတ်စေခဲ့လေပြီ။ စာရာသခင်မသည့်လည်း အီမာန် ရှင်ဖြစ်သွားခဲ့ချေပြီ၊ ထို့အတွက် ဦးလေးဖြစ်သူယောက္ခမဇာ ဇနီးမောင်နှံ နှစ်ပါးလုံးအား အိမ်မှနှင်ထုတ်ခဲ့ပြန်တယ်။

ဇနီးမောင်နှံ နှစ်ပါးဟာ (မစ်စွေရ်) ယခုအီဂျစ်နိုင်ငံသို့ ခရီးဆက်ခဲ့ကြရတယ်။ ထိုနိုင်ငံရဲ့ဘုရင်က ချောမောလှပလွန်းလှတဲ့ စာရာသခင်မကိုတွေ့မြင်ရတော့ တော်ကောက်၍ သိမ်းပိုက်ရန်အတွက် အတူပါလာသည့် အိဗ္ဗရာဟီမ်သခင်ကို "မည်သို့တော်စပ်ပါသလဲ" ဟု မေးမြန်းခဲ့တယ်။ သခင့်ခမျာမှာဖြေတာလွဲရင် ရာဇဒဏ်သင့်ပြီး သေပွဲဝင်

စရာအကြောင်းရှိလို့" မောင်ညီမတော်စပ်ပါတယ်လို့ဖြေရပါတယ်။ (တကယ်တမ်းမှာလည်း ဦးလေးရဲ့သမီး မောင်ညီမဝမ်းကွဲဖြစ်ခဲ့တာကိုး)

ဘုရင်ကစာရာသခင်မကို တော်ကောက်သိမ်းပိုက်လိုက်တယ်။ ညအခါအဆောင်ဝင်တော့ သူတော်စင်သခင်မကို ဘယ်လိုမှ ချဉ်းကပ်လို့မရအောင် လက်လှမ်းလိုက်တိုင်း ဘုရင့်လက်က"ကျောက်"ဖြစ်၍သွားခဲ့ပါတယ်။ စာရာသခင်မက ဘုရင်အဆောင်တော်ကူးမလာခင်ကတည်းက နမားဇ်ဝတ်ပြုပြီး ဒီဘုရင်ရဲ့ အန္တရာယ်မှ ကာကွယ်စောင့်ရှောက်တော်မူပါရန်ကို အရှင်မြတ်ထံတော်ပါးမှာ အသနားခံပန်ကြား၍ ဆုမွန်ဒိုအာပြုခဲ့တာကြောင့်ဖြစ်တယ်။ အခက်အခဲနဲ့ဒုက္ခတွေကြုံလာရင် "နမားဇ်"နဲ့ ချဉ်းကပ်ပြီး အရှင်မြတ်ထံ အားကိုးအားထားပြု၍ ဆုမွန်ဒိုအာပန်ကြားအသနားခံကြရမှာဖြစ်ပါတယ်။ အလ္လာဟ်အသျှင်သည်သာလျှင် အားကိုးထိုက်သောအရှင် အန္တရာယ်အသွယ်သွယ်မှ ကာကွယ်နိုင်တော်မူသောအရှင်ဖြစ်တယ်။ (အလ္လာဟ်နဲ့မှဖြစ်တယ်)ဆိုတဲ့ (ယကီးန်)ကို စာရာသခင်မလက်တွေ့ပြသခဲ့ပါတယ်။

ဘုရင်ဟာ (၃)ကြိမ်(၃)ခါ လက်လှမ်းတိုင်း(၃)ကြိမ်စလုံးမှာဒုက္ခဖြစ်ခဲ့ရတယ်။ လက်တွေကျောက်စိုင်ကျောက်ခဲလိုဖြစ်ပြီး မလှုပ်ရှားနိုင်လောက်အောင်ဖြစ်ခဲ့ရတယ်။ လက်မလှမ်းဘဲမနေနိုင်အောင်ကိုဘဲ စာရာသခင်မရဲ့ အလှတရားကလည်း လွန်ကဲစွာဆွဲဆောင်နေတာကြောင့် ထပ်မံကြိုးစား၍ လက်လှမ်းမိပြန်တယ်။ ဒီအခါမှာတော့ ငလျှင်ပြင်းစွာလှုပ်ပြီး ဘုရင်ဟာဒူးဆစ်ထိ မြေမျိုသွားပါတယ်။ ဒီတော့မှ နောင်တသံဝေဂနဲ့သခင်မကို ဝန်ချတောင်းပန်ခဲ့တယ်။ သခင်မကြီးက အခြေအနေအရပ်ရပ်ကိုထောက်ထား၍ အရှင်မြတ်ထံ ဒိုအာပြုပေးလိုက်တော့ ဘုရင်လည်းသေတွင်းက လွတ်မြောက်သွားခဲ့ရပါတယ်။

ကျွန်ုပ်တို့တစ်တွေလည်း သခင်မကြီးနည်းတူ နမားဇ်၊ ဒိုအာစသည်တို့ဖြင့် ကျရောက်လာသောဘေးဒုက္ခအန္တရာယ်တို့အား ဖယ်ရှားကြရမှာ ဖြစ်ပါတယ်။

ဘုရင်ဟာ နောင်တသံဝေဂတကယ်ရပြီး နဗီသခင်နဲ့ သခင်မကို တောင်းပန်ခဲ့တယ်။ စာရာသခင်မကဲ့သို့ လုပ်ရှ်ဂုဏ်ရည်တူသူ (ဟာဂျ်ဒါ)မည်သော မင်းသမီးတစ်ပါးကိုဆက်သပေးအပ်ခဲ့တယ်။ စာရာသခင်မက အီဗရာဟီမ်သခင်အား ဟာဂျ်ဒါသခင်မနှင့်လက်ဆက်ထိမ်းမြား၍ နေကာဟ် ပြုစေခဲ့ပါတယ်။

နန်းဟော်မှမထွက်ခွာမီ အိဗ္ဗရာဟီမ်နဗီသခင်ရဲ့ တရားပြဆိုဆုံးမဟောကြားမှုကြောင့် ဘုရင်သည်လည်း အီမာန်ယူ၍ အစ္စလာမ်ဖြစ်ခဲ့ပါဘယ်။ သခင်(၃)ပါးဟာ ခရီးစဉ်ဆက်ရင်း ရောက်လေရာအရပ်ရပ်မှာ သာသနာတော်ကို ဖြန့်ချိဟောကြားတော်မူခဲ့ပါတယ်။

နောက်ဆုံးမှာ (ဒမတ်စကတ်)တိုင်းပြည် ဂျေရုစလင်မြို့မှာအခြေချနေထိုင်ခဲ့ကြပါတယ်။ သက်တော်(၉၀)ကျော်လာတော့ နဗီသခင်ဟာ သာသနာ့အမွေဆက်ခံစေဖို့ သားရတနာကို အလွန်ပဲတောင်းတလိုချင်ခဲ့ရှာတယ်။ ဒီတော့အရှင့်ထံမှာ သားဆုပန်တယ်။ နဗီသခင်မှ ပထမဦးစွာ ဖွားမြင်ခဲ့တဲ့သားတော် အစ္စမာအီလ်(အလိုင်ဟစ္စလာမ်)ဟာ ဒုတိယဇနီး ကြင်ယာတော်ဟာဂျ်ဒါသခင်မက ဖွားမြင်ခဲ့တာဖြစ်ပါတယ်။

ယနေ့ကျွန်ုပ်တို့သည်လည်း သားဆုကို အလ္လာဟ်အသျှင်ထံတော်မှာသာ တောင်းခံရမှာဖြစ်တယ်။ မည်သည့်သစ်ပင်နှင့် မည်သည့်(ဒရ်ဂါ)ကိုသော်မှ မသွားကြရပါ။ (အလ္လာဟ်နဲ့မှဖြစ်ပါတယ်) အသက်(၉၀)ကျော်ကာမှ အီဗရာဟီမ်နဗီသခင်ရဲ့ဆုမွန်ကြောင့်သားရတနာကိုရခဲ့တာပါ။

စာရှုသူတို့ စစ်မှန်သောသမိုင်းကြောင်းကို ဖတ်ရှုလေ့လာဆည်းပူးကြတဲ့အခါမှာ ဖတ်၍ကောင်းရုံသက်သက်၊ နားထောင်၍ကောင်းရုံသက်သက်မျှသာ အပြင်းပြေသဘောမျိုးမပိုက်ကြဘဲ ထိုသမိုင်းကြောင်းက ညွှန်ပြပေးလိုက်သည့် ပြင်စရာဆင်စရာတွေ ဆောင်စရာရှောင်စရာတွေကို မြင်အောင်ကြည့်ကြ၍ ကျွန်ုပ်တို့မှာ ပြုပြင်သွားကြရမှာဖြစ်ပါတယ်။ သို့မှသာလျှင် ကျွန်ုပ်တို့အတွက် အကျိုးအမြတ်ထွက်ပြီး ဖတ်ရှုလေ့လာ ဆည်းပူးရကျိုးနပ်ပေတော့မည်။

တစ်နေ့မှာ အိဗ္ဗရာဟိမ်သခင်ဟာ ကြင်ယာတော် ဟာဂျဒါသခင်မရဲ့ ရင်ခွင်မှသားတော်လေး၏ နူရီတော်နှင့်ထွန်းတောက်လျက်ရှိသည့် နဖူးတော်လေးကို ငုံ၍နမ်းလိုက်ပါတယ်၊ ထိုအခြေအနေကို စာရာသခင်မက တွေ့မြင်လိုက်ရတဲ့အခါမှာ သားရတနာကြောင့် နဗီသခင်ရဲ့အချစ်တွေဟာ ဟာဂျဒါသခင်မရဲ့အပေါ်မှာ တိုးပွားသွားမှာကို စိုးရိမ်ပူပန်၍ သွားခဲ့ရာတယ်။ မိန်းမသားသဘာဝ ဒီစိတ်ဓာတ်ဖြစ်ပေါ်လာတော့ စာရာသခင်မက "ဤဇနီးနှင့် ဤသားကို သူမ၏မျက်ကွယ်ရာမှာ သွားရောက်ပို့ဆောင်ပစ်လိုက်ပါ" ရန် ခင်ပွန်းဖြစ်သူကိုပူဆာခဲ့တယ်။

အိဗ္ဗရာဟိမ်သခင်မှာ ကြင်ယာတော်စာရာသခင်မရဲ့ တောင်းဆိုခဲ့သော စကားရပ်များအပေါ်မှာ အခက်ကြုံခဲ့ရရှာတယ်။ တစ်ချိန်က စာရာသခင်မရဲ့ထံမှာ နဗီသခင်က ဂတိစကားတစ်ခုပြုခဲ့မိဖူးတယ်။ စာရာသခင်မရဲ့ဖခင်ဦးလေးတော် ယောကျ္ာမနှင့်ချလိုက်စဉ်က (ကျွန်ုပ်မသည် သခင်၏စကားကို နားထောင်မိ၍ ယခုကဲ့သို့မိဘ၏စွန့်ပစ်ခြင်းအား ခံယူခဲ့ရပါသည်။ ထို့အတူတစ်ချိန်တွင် ကျွန်ုပ်မ၏စကားကိုလည်း သခင်မှ နားထောင်ရလိမ့်မည်ဖြစ်ပါကြောင်း)ကို လျှောက်တင်ခဲ့ဖူးလေသည်။

နမိသခင်ကလည်း စာရာသခင်မ၏စကားကိုလက်ခံ၍ နားထောင်မည် ဖြစ်ကြောင်းကို ကတိစကားထားခဲ့မိလေတယ်။

ရှေးကကတိစကားကိုဖော်ပြ၍ အရေးဆိုလိုက်သည့်အတွက် အိမ်ဗရာဟိမ်သခင်မှာ ပထမဇနီးကြင်ယာ စာရာသခင်မ၏ တောင်းဆိုမှုကိုလည်း ကတိစကားကြောင့်မပယ်ရှားချင်။ အပြစ်မရှိရှာသော ဇနီးကြင်ယာငယ်နှင့် သားငယ်ရွှေသွေးလူမမယ်လေးကိုလည်း မစွန့်ပစ်ရက်နိုင်သဖြင့် စိတ်သောကဝေဒနာများ အကြီးအကျယ်ခံစားရရှာတယ်။

နမိသခင်မှာ ထိုကဲ့သို့ အခက်ကြုံနေတုန်း ဆုံးဖြတ်ချက်ချရန် အတွက် တွေဝေနေတုန်းမှာပဲ အရှင်မြတ်၏ထံတော်ပါးမှ စာရာသခင်မရဲ့ ဆန္ဒကို လိုက်လျောပါရန် အမိန့်တော်မြတ်ကျရောက်၍လာခဲ့ပါတယ်။ (အရှင်မြတ်က ထိုသားအမိ(၂)ပါးကို အကြောင်းပြုပြီး ကမ္ဘာကျောင်းတော်ကြီးအား တဖန်ပြန်လည်ရှင်သန်စေရန်အတွက်ဖြစ်ပါတယ်။)

အရှင်သခင်၏ အလိုဆန္ဒတော်ကို ကြိုတင်ခန့်မှန်း၍ မသိနိုင်ရှာတဲ့ နမိသခင်ဟာ ဇနီးနှင့်သားကို စွန့်ပစ်ရန်အတွက်မှာ လူသားပီပီ ခံစားခဲ့ရ ရှာပါတယ်။

သို့သော်လည်း အရှင်သခင့် အလိုတော်နဲ့အမိန့်တော်ကို ဘယ်သောအခါမှ ဆန့်ကျင်ခြင်းမပြုခဲ့တဲ့ အရှင့်အမိန့်တော်ကိုသာ ရှေ့တန်းတင်ထားခဲ့တဲ့ နမိသခင်ဟာ ထိုကဲ့သို့အရှင့်ဘက်တော်မှ အမိန့်တော်ကျရောက်လာတာနဲ့ စွံပလွံသီးအနည်းငယ်၊ ရေအိတ် တစ်လုံးနဲ့အတူ သားနှင့်မယားကို ကုလားအုတ်ပေါ်မှာတင်၍ ယခုကဗ်ဗာကျောင်းတော်တည်ရှိသည့်နေရာမှာ စွန့်ပစ်ရန်အတွက် အရှင်သခင်၏အမိန့်တော်ကို ဦးထိပ်ပန်ရွက်ကာထွက်လာခဲ့ရှာပါတယ်။

ထိုအချိန်က ထိုနေရာမှာ လူသူလည်းမရှိ ရေလည်းမရှိသည့်အတွက်ကြောင့် ကျေးငှက်တိရိစ္ဆာန်ပင်မရှိတဲ့နေရာဖြစ်ကာ သစ်ပင်လည်းမရှိ၊ တောင်ကုန်းအနိမ့်အမြင့်နဲ့ သဲသောင်ပြင်သာဖြစ်ခဲ့ပါတယ်။

ဤနေရာတွင် ကျွန်ုပ်တို့စဉ်းစားသုံးသပ်ကြရန်အချက်မှာ အိဗ္ဗရာဟီမ်သခင်သည် အရှင်သခင်ရဲ့အမိန့်တော်ကို နာခံတဲ့နေရာမှာ "ဇနီးနှင့်သားကို ဘာ့အတွက်ကြောင့်စွန့်ပစ်ရမှာလဲ"ဟု စောဒက မတက်ခဲ့ရှာပါ။ အသျှင့်အမိန့်တော်၌ သားနှင့်မယားအားစွန့်ပစ်ရန်သာ ကြံရွယ်ခဲ့ပါတယ်။ ယနေ့ဇနီးသားသမီးတို့ကြောင့် အသျှင်မြတ်၏အမိန့်တော် (ဖရတ်ဇ်)မလုပ်မနေရတာဝန်ဝတ္တရားများကို သဘောရိုင်း၊ မနောရိုင်းဖြင့် ကျောခိုင်းစွန့်ပစ်၍ နေထိုင်ရဲ့ကြသူများမှာ ဤနဗီသခင်၏ အသျှင့်အမိန့်နာခံမှုပုံစံများနှင့် မိမိ၏ဆန္ဒများကို အရှင်သခင်အတွက် စွန့်လွှတ်စတေးမှုများအား ရှေ့ဝယ်ထားပြီး သံဝေဂတရားများ ရယူကြစေလိုပါတယ်။

အရှင်မြတ်၏ထံတော်ပါးမှလည်း ဗန္ဒာများကို ဤသို့လိုက်နာကြစေရန်အတွက် အစ္စလာမ့်ရာဇဝင်တွင် အိဗ္ဗရာဟီမ်သခင်၏အချစ်များ၊ အမိန့်နာခံမှုများ၊ အနစ်နာခံစတေးမှုများကို ချစ်စံနမူအဖြစ်နှင့် မှတ်တမ်းတင်ဖြစ် သမိုင်းတွင်ရစ်ခဲ့လေပြီ။

ပန်ကြားလိုသူမှာ အိဗ္ဗရာဟီမ်မိသားစု၏ အရှင့်အမိန့်တော်များအပေါ်တွင် လိုက်နာခဲ့မှုများ၊ အနစ်နာခံစတေးခဲ့မှုများနှင့် အရာခပ်သိမ်းအားလုံး (အားလုံး)ထက်ပင် အရှင်သခင့်အပေါ်တွင် "အချစ်"ထားခဲ့မှုများကို ဖတ်ကောင်းရုံ နားထောင်ကောင်းရုံသက်သက်အဖြစ်သာလျှင် သဘောမထား ကြဘဲ ထို"စံ" မိသားစုတို့၏ သာသနာ့အတွက်

(မှဂျပာဒါ)ပြုမှုများကို မြင်အောင်ရှုကာ သာသနာ့အပေါ်မှာ အမလ်ပြု လိုက်နာကြစေလိုပါတယ်။

မွန်မြတ်သောနေဂီးရတနာ ဟာဂျ်ဒါသခင်မသည်လည်း ခင်ပွန်းလင်ခေါ်ဆောင်ရာသို့နာခံ၍ လိုက်လာခဲ့ရာပါတယ်။

"ဘယ်ကိုလဲ ဘာကြောင့်လဲ"ဟူ၍လည်း စောဒကတက်ကာ မမေးခဲ့ရာပါ။ ဒီလိုလင်ခင်ပွန်းရဲ့အမိန့်စကားကို နာခံလိုက်နာခဲ့တဲ့ နေဂီးမယားမျိုးဖြစ်ပါတယ်။

ယနေ့မျက်မှောက်အခြေအနေမှာ ခင်ပွန်းလင်၏ စကားရပ်များ အပေါ်မှာ လျှာရှည်စွက်ဖက်၍ စောဒကအမျိုးမျိုးတက်နေကြသည့် နေဂီး မယားများကို တွေမြင်ရဖန်များလာလေသော် တစ်ချိန်တစ်ခါက အိဗ္ဗရာဟီမ်နဗီကြီး၏ နေဂီးရတနာဟာဂျ်ဒါသခင်မအား အမှန်ပင်သတိရ လွမ်းဆွတ်မိပါ၏။

ထို့ကြောင့် ပန်ကြားလိုသည်မှာ လင်ခင်ပွန်းတို့အပေါ်မှာ နေဂီးမယားများက ရန်မစွာကြပါနှင့်၊ မိမိတို့၏မိဘနစ်ပါးလက်ဝယ်မှ နေကာဟ်ပြု၍ လက်ပြောင်းလွှဲယူကာ မိမိတို့ကိုကျေးဇူးပြုနေကြသည့် ကျေးဇူးရှင်သည် ခင်ပွန်းလင်ဖြစ်ကြောင်းအား နေဂီးမယားတို့မှ နားလည် သဘောပေါက်ကြရန်သင့်လှပေ၏။

လင်ခင်ပွန်းမကျေနပ်သောနေဂီးမယား၏ နမားဇ်ဝတ်ပြုမှုကိုပင် အသျှင်မြတ်ကလက်ခံတော်မမူကြောင်း။ ချစ်နဗီ၏မိန့်ဟောချက်များတွင် ပါဝင်သည့်အတွက် လင်ခင်ပွန်းတို့၏ (ရှရီအတ်) တရားတော် စီးဘောင် အတွင်းမှ ကျေနပ်မှုသည်ကား အလွန်ပင်အရေးကြီးလှပါကြောင်းအား သိမှတ်ထားကြရမှာဖြစ်ပါတယ်။

အိဗ္ဗရာဟိမ်(အလိုင်ဟာစ္စလာမ်)သခင်မိသားစု၏ မော်ကွန်းဝင် ချစ်ဇာတ်လမ်း (ဘနည်းအားဖြင့်) အရှင်သခင်၏အမိန့်တော်များကို "ဦးလည်မသုံတမ်း နာခံခန်း"များကို "အရှင့်အား ချစ်သူတို့လျှောက်ခဲ့သောလမ်း"အဖြစ်သတ်မှတ်၍ ကျွန်ုပ်တို့မှာထပ်တူမကျပါလျှင်တောင်မှ ကိုယ်စွမ်းရှိသမျှတော့ လိုက်နာကြိုးပမ်းကာဆောင်ရွက်၍ သွားကြရမှာ ဖြစ်ပါတယ်။

ထိုကဲ့သို့အရှင်ကိုချစ်သော"ချစ်သက်သေ"များကိုလည်း ဤပထဝီမြေပေါ်ဝယ် ကျွန်ုပ်တို့အသက်ရှင်နေစဉ်ကာလဌပင် ပြသကြိုးပမ်းသွားကြရမှာဖြစ်တယ်။ ထို့ကြောင့်သာလျှင် အလ္လာဟ်အသျှင်က နှစ်စဉ် (ဟဂ်ျ)ရာသီကျရောက်တိုင်း အိဗ္ဗရာဟိမ်နဗီသခင်မိသားစု၏ "ချစ်ပုံရိပ်"များကို ဖော်ဆောင်ပြုလုပ်ခိုင်း၍ ဗန္ဒာများအား ချစ်နည်းလမ်းစဉ်ကို ညွှန်ပြသွန်သင်နေခြင်းဖြစ်ပါကြောင်း (ဟာဂ်ျ)၏လမ်းစဉ်သဘောတရားအမှန်ကို မွတ်စ်လင်မ်များက နားလည်သဘောပေါက်ကြစေလိုပါတယ်။

အလ္လာဟ်အသျှင်မြတ်အမိန့်တော်ရှိရာ သားတော်နှင့်ကြင်ယာတော်တို့အားထားရစ်ခဲ့ကြရမည့်နေရာသို့ ရောက်လေသောအခါ နဗီသခင်က ကြင်ယာတော်အား သားဘော်ကိုရင်မှာပိုက်၍ ကုလားအုတ်မှ ဆင်းစေလိုက်ပါတယ်။ အသင့်ယူဆောင်လာခဲ့တဲ့ စွန်ပလွံသီးနှင့် ရေအိတ်ကို လက်ကမ်းပေးပြီး ကုလားအုပ်ကြိုးကိုဆွဲကာ လာလမ်းဆီသို့ ပြန်လှည့်ခဲ့ပါတယ်။

ဒီအချိန်မှာ ကြင်ယာတော်မှာ ရိပ်စားသိရှိ၍သွားခဲ့ပေပြီ။ "ငါ့ကို စွန့်ပစ်၍သွားတာပါလား"ဟူသောအသိဖြင့် သခင်မခမျာ မျက်ရည်များ

ယိုစီးဖျောကျလာခဲ့ပြီး "ကျွန်မမှာဘာအပြစ်ရှိလို့ပါလဲ" လို့မိမိ၏အပြစ်အား ထုတ်ဖော်ပြောဆိုခဲ့ပါရန် မေးမြန်းခဲ့ပါတယ်။

အိဗ္ဗရာဟိမ်သခင်မှာလည်း ပြန်ဖြေနိုင်ရန်ဝေးစွ၊ လည်ချောင်းဝမှ တစ်ဆို့စွာဖြင့် အဖြေမပေးနိုင်အောင်ပင် စိတ်သောကဗျာပါဒများကို ခံစားနေခဲ့ရတာပါ။ တစ်ဖက်က အရှင့်အမိန့်တော်၊ တစ်ဖက်က ငယ်ရွယ်လွန်းလှတဲ့ လူမမယ်သားငယ်လေးနှင့် အားနွဲ့သူမိန်းမသား ဇနီးမယား ဖြစ်နေလေတော့ ကြားအလယ်က ခံစားနေရရှာတဲ့ လူသားနဗီဟာ အဘယ်မျှလောက်စွန့်စား ခံစားနေရရှာလေမလဲဆိုတာ စာနာမျှဝေ၍ အနည်းငယ်ခံစားကြည့်ကြစမ်းပါလေ။

အမှန်တကယ်တော့ ဒီဒုက္ခတွေအရှင်မြတ်၏ထံတော်မှ နဗီသခင့်ထံသို့ ရောက်ရှိလာရခြင်းအကြောင်းရင်းမှာ တစ်ချိန်တစ်ခါက အိဗ္ဗရာဟိမ်(အလိုင်ဟစ္စလာမ်) သခင်တောင်းဆိုဖူးခဲ့သည့် ဒိုအာကြောင့်ပဲဖြစ်ပါတယ်။ သခင်က (ကျွန်တော်မျိုးသည် စစ်မှန်သည့် အစ္စလာမ် သာသနာတော်ဝင် မွတ်စ်လင်မ်အမှန်ဖြစ်ပါ၏။ ကျွန်တော်မျိုးအား စမ်းသပ်တော်မူပါ။ ၎င်းနောက်အောင်မြင်မှုကိုလည်း အသျှင်မြတ်က ချီးမြှင့်တော်မူပါ)ဟု ဆုပန်ခဲ့ဖူးပါတယ်။

ထိုဆုပန်မှုများအပေါ်မှာ အသျှင်မြတ်က မိမိဗန္ဓာ အိဗ္ဗရာဟိမ်၏ "အချစ်"ကို စမ်းသပ်တော်မူခဲ့တာဖြစ်ပါတယ်။ ထိုနည်းအတိုင်းပင် ဤလောကီဒွန္နယာစမ်းသပ်ခန်းတွင် ကျွန်ုပ်တို့ကိုလည်း အသျှင်မြတ်က စမ်းသပ်စစ်ဆေး၍နေလေတယ်။ အမှန်တကယ်တော့ ဤလောကီဒွန္နယာဟာ "အရှင်သခင့်"က"ကျွန်"တွေကို စမ်းသပ်စစ်ဆေးရာ စာမေးပွဲခန်းသာလျှင်ဖြစ်ပေတယ်။

မိမိတို့၏အရှင်သခင်အား အဘယ်ကဲ့သို့ချစ်ကြပါသလဲ အရှင်မြတ်၏အမိန့်တော်တွေကို အဘယ်ကဲ့သို့နာခံ၍ အဘယ်ကဲ့သို့ ဆန့်ကျင်ချိုးဖောက်နေကြပါသလဲဆိုတာကို စမ်းသပ်နေခြင်း၊ စစ်ဆေးနေခြင်းသာဖြစ်ပါတယ်။ အိဗ္ဗရာဟင်မ်သခင်မိသားစု၏ မော်ကွန်းဝင်ချစ်ဇာတ်လမ်းအားကျွန်ုပ်တို့၏ ရှေ့ဝယ်ထားပြီး ကျွန်ုပ်၏"အချစ်စံချိန်များ" အမိန့်နာခံမှုစံချိန်များ"ကို တိုးမြှင့်၍သွားကြရမှာပါ။ ဒါ့ကြောင့် ဤရာဇဝင်သမိုင်းကြောင်းကို ဖတ်ရှုကြသောအခါမှာ အပျင်းပြေသဘောမျိုး (သို့တည်းမဟုတ်) သမိုင်းကြောင်းတစ်ခုအား လေ့လာရုံသက်သက်သာသဘောမထားကြဘဲ၊ ပြုပြင်မယ်/နာခံမယ်ဆိုသော ရည်ရွယ်ချက်များဖြင့်သာ ဖတ်ရှုကြစေလိုပါတယ်။ သို့မှကျွန်ုပ်တို့အတွက် အကျိုးအမြတ်ရရှိကြမှာဖြစ်တယ်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ဒုက္ခအခက်အခဲတို့နှင့်ပတ်သက်ပြီး အနည်းငယ်တင်ပြလိုပေ၏။

အရှင်သခင်၏ဘက်တော်မှ ကျွန်ုပ်တို့၏ထံ သက်ရောက်ခဲ့သည့် "ဒုက္ခ"တိုင်းတွင် ကောင်းခြင်းမင်္ဂလာများသည်ရှိနေပါတယ်။ ထိုဒုက္ခများသည် ထိုလူသား၏ကောင်းကျိုးအတွက် ထိုက်တန်၍သက်ရောက်လာခဲ့ခြင်းပဲဖြစ်တယ်။ထိုဒုက္ခများမှ ဂိုနာဟ်ကျွတ်ခြင်းနှင့်စဝါဘ်ရရှိခြင်းများကိုရရှိ၍နေပါတယ်။ ထိုဒုက္ခတို့သည် အကျိုးမဲ့အလဟဿအချိုးအနှီးရောက်ရှိလာကြခြင်း မဟုတ်သည်ကို သိမှတ်ထားကြရပေမယ်။ "ဒုက္ခ"ကိုကြိုဆိုကြရပါမယ်။

မိဘကသားသမီးတို့အား ရိုက်နှက်၍ဆုံးမခြင်းသည် ကောင်းစားစေလို၍ဖြစ်ကြောင်းကို လူတိုင်းလိုလိုပင် လက်ခံကြ၊ သဘောပေါက်ကြပေတယ်။

သို့ရာတွင် အရှင်သခင်၏ဘက်တော်မှ ဒုက္ခအခက်အခဲများ မိမိဆန္ဒနှင့် ဆန့်ကျင်ဘက်များစွာတို့ ရောက်လာ၍ တွေ့ကြုံကြရသည့် အခါမှာတော့ ဤသည်မှာ အရှင်သခင်က ဗန္ဓာတို့အား ကောင်းစား စေလို၍သာဖြစ်ကြောင်းအား အဘယ်ကြောင့် နားမလည်သဘော မပေါက်ကြပါတော့သနည်း။

ဘဝသာယာချိုမြိန်နေချိန်၌ အရှင့်အားချစ်မည်၊ အမိန့်နာခံမည် ဒုက္ခအခက်အခဲတို့နှင့်တွေ့ကြုံ၍ ခါးသက်မှုများ ဝင်ရောက်လာ သောအခါတွင်မူအရှင်သခင်၏ အမိန့်တော်များကို ဆန့်ကျင်ကျောခိုင်း ကြပါမည်ဆိုလျှင် အဘယ်မှာလျှင် "အချစ်စစ်အချစ်မှန်" ဖြစ်ပါ တော့အံ့နည်း။ စာမေးပွဲကိုအချိုကျွေး၍ စစ်ဆေးသည်ဟုမကြားစဖူးပေ။ ခက်ခဲသော မေးခွန်းများဖြင့် စစ်ဆေးပေတယ်။ ဤကဲ့သို့ပင် အချစ်စစ် အချစ်မှန်ပေါ်လွင်လာစေရန်အတွက်မှာလည်း အရှင်သခင်က ဒုက္ခ အခက်အခဲများကိုသာပေးပြီး စမ်းသပ်ပေလိမ့်မည်ဖြစ်၏။

ထို့ကြောင့် အရှင်သခင်ပေးသော ဒုက္ခမျိုးစုံတို့ကို ပျားရည်လို ချိုမြိန်စွာ သောက်သုံးသင့်ကြပေတယ်။ အမှန်ပင် ဒုက္ခတွင် ဂိုနာဟ် ကျွတ်ခြင်းနှင့် စဝါဗ်ရရှိခြင်းဟူသော ကောင်းခြင်းမင်္ဂလာများသည် ရှိနေပါကြောင်းကို သိမှတ်နားလည်ထားကြရပေမည်။

ဟာဒီးဆ်တော်တစ်ရပ်မှာ ကေယာမတ်နေ့တွင် လူတို့သည် ဒွန်နယာလောက၌ရှင်သန်ခဲ့စဉ်က ခံစားခဲ့ရသည့် ဒုက္ခအခက်အခဲများကို စွဗ္ဗရ်ပြုသီးခံခဲ့ကြခြင်း၏အစားအဖြစ် ပြန်လည်ရရှိသည့် အကျိုးစဝါးဗ် များအား မြောက်များစွာပင်တွေ့မြင်ရရှိကြရသောအခါ (ငါတို့သည် ဒွန်နယာမှာရှိစဉ်က ငါတို့၏ခန္ဓာကိုယ်အရေပြားများကို ကပ်ကျေးနှင့် ဖြတ်ညှပ်ခြင်းကို ခံစားခဲ့ကြရပါလျှင် ကောင်းလေစွ)ဟု တောင်းတ

မက်မောကြပေလိမ့်မည်ဖြစ်ကြောင်း ဖတ်ကြားမှတ်သားခဲ့ရလေရာ ဤသည် ဒုက္ခ၏ကောင်းခြင်းမင်္ဂလာများပင် မဟုတ်ပါလော။

အစ္စလာမ့်ရာဇဝင်၌အရှင်မြတ်ရွေးချယ်ထားပြီးဖြစ်သော မော်ကွန်းဝင် ချစ်ဇာတ်လမ်းမှ အိဗ္ဗရာဟီမ်မိသားစု၏ အရှင်မြတ်အပေါ်မှာ ထားရှိသောအချစ်(တနည်း) အမိန့်နာခံမှု(တနည်း) မိမိ၏အရှင်သခင် အတွက်ကုရ်ဘာနီပေး၍ အရာခပ်သိမ်းတို့အား စွန့်လွှတ်စတေးနိုင်မှုများကို ဖတ်ရှုလေ့လာသုံးသပ်ကာဖြင့် "အချစ်"၏ သဘောတရား အစစ်အမှန်အား နားလည်သဘောပေါက်ကြစေရန် ရည်ရွယ်ရေးသားရခြင်းပါ။ မိမိတို့၏ဘဝကို အရှင်သခင်အတွက် "ပေးဆပ်စတေးခြင်း"ဖြင့် အရှင်သခင်၏ "ကျေနပ်နှစ်သက်တော်မူခြင်း"ကို ပြန်လည်ရယူခြင်း သည်ပင်လျှင် "အချစ်"၏ သရုပ်သကန်အမှန်ဖြစ်ပါကြောင်းကိုလည်း ကောင်းစွာမှတ်သား၍ နားလည်ကြရပေမည်။

အလ္လာဟ်အသျှင်မြတ် ရွေးချယ်တော်မူထားပြီးသော အချစ်မှာ "ချစ်စံနမူရှင်" အိဗ္ဗရာဟီမ်(အလိုင်ဟစ္စလာမ်)သခင်နှင့် မိသားစုတို့၏ ဂန္ထဝင်မြောက်"စံ"တင်လောက်သည့် "အမိန့်နာခံမှုများ"သာလျှင်ဖြစ်ပါ တယ်။ ထို့ကြောင့် ထိုမိသားစုလျှောက်လှမ်းခဲ့သော အမိန့်နာခံမှု လမ်းကြောင်းများအပေါ်ဝယ် အီမာန်ရှင်တိုင်းကလည်း နာခံလျှောက်လှမ်း ကြရမှာပါ။

အရှင်သခင်ပေးအပ်လာသော ဒုက္ခမျိုးစုံတို့အား ပျားရည်လို ချိုမြိန်စွာ သောက်သုံးခဲ့ရာသည့် အိဗ္ဗရာဟီမ်သခင်ဟာ အဆုံးမှာတော့ "အောင်မြင်မှု"ကို ရယူနိုင်ခဲ့ပါတယ်။ အောင်မြင်မှုဆိုတာ "အရှင်သခင်၏ ကျေနပ်နှစ်သက်မှု"ပဲဖြစ်ပါတယ်။

သမိုင်းကြောင်းကို ပြန်ဆက်ပါမယ်။ ဟာဂျ်ဒါသခင်မက သူမရဲ့ အပြစ်နဲ့ပတ်သက်၍ ဖော်ပြပြောဆိုရန်(၃)ကြိမ်တိုင် ခင်ပွန်းကိုမေးခဲ့ရာ တယ်။ သို့သော်လည်း ဘယ်လိုပင်မေးမေး အဖြေမပေးနိုင်ရှာအောင် ရင်ဆို့နေရှာတဲ့ သခင်ရဲ့အခြေအနေကိုရိပ်စားမိပြီး (ခင်ပွန်းလင်မှာ နဗီဖြစ်လို့ အရှင့်အမိန့်တော်ကို နာခံခြင်းပေလား)ဟုမေးခွန်းကို ပြင်ဆင်၍မေးခဲ့ပြန်တယ်။ နဗီကြီးခမျာ နှုတ်ကမဖြေနိုင်ရှာ (အရှင့်အမိန့်တော်ရှိပါကြောင်း)ကို ဦးခေါင်းကိုသာငြိမ့်၍ပြရှာခဲ့ပါတယ်။

ခင်ပွန်းလင်နဗီကြီးရဲ့ထံက အဖြေရလေတော့ မိမိရဲ့အရှင်သခင်အပေါ်မှာ အချစ်မနည်းလှသည့် ချစ်သတ္တိခဲဟာဂျ်ဒါသခင်မက ပါးပြင်ပေါ်မှာ စီးသွယ်ဖြာကျနေတဲ့ မျက်ရည်စများကို လျှင်မြန်စွာ သုတ်ပစ်လိုက်ပြီး ခင်ပွန်းလင်နဗီကို စကားရတနာနဲ့ ပြောကြားလျှောက်ထားခဲ့ပါတယ်။

“အို-ခလီလွလ္လာဟ်နဗီသခင် အရှင့်အမိန့်တော်အရဲ့ဆိုပါလျှင် ကျွန်မတို့သားအမိနှစ်ပါးအားထားရစ်ခဲ့ပါ။ အသျှင်မြတ်က ကျွန်မတို့အား ပျက်စီးစေမှာမဟုတ်ပါ။ နောက်ဆံမတင်းပါလေနှင့်။ မြို့တွင်ကျွေးသော အရှင်က တောတောင်တွင်လည်း ကျွေးမွေးတော်မူပါလိမ့်မယ်။”ဟု အရှင်သခင်၏အပေါ်တွင်(ယကီးန်)အပြည့်ထား၍ ပြောကြားခဲ့သည့် မြင့်မားသောစကားရတနာက (အလ္လာဟ်နဲ့မှဖြစ်တယ်) ဆိုသော သင်ခန်းစာအား ကျွန်ုပ်တို့အတွက် လမ်းညွှန်ထားရစ်ခဲ့တာပါ။

အသျှင်မြတ်ကိုအားကိုးအားထားပြုပြီး ခင်ပွန်းလင်နဗီကို နှစ်သိမ့်အားပေးစကားပြောကြားခဲ့သည့် မွန်မြတ်လှသော ကြင်ယာတော်ရဲ့စကားရတနာကြောင့် နဗီသခင်မှာ စိတ်အေးချမ်းသာ ဖြစ်ခဲ့ရပါတယ်။ နဗီကြီးဟာ ဇနီးနှင့်သားကိုထားပြီး၊ ကုလားအုပ်ကိုစီးကာ

ပြန်လှည့်ခဲ့ပါတယ်။ သားအမိနှစ်ပါးကို ထားရစ်ခဲ့တဲ့ နေရာရဲ့အကွယ် တောင်စွယ်တစ်ခုကိုရောက်တဲ့အခါမှာတော့ ဇနီးနှင့်သားအတွက် ဤကဲ့သို့ဆုပန်ဒိုအာပြုခဲ့တယ်။

"အို-အသျှင် ဤမြို့တော်အား အေးချမ်းသာယာအောင် ပြုလုပ်ပေးသနားတော်မူပါ။ ကျွန်တော်မျိုးနှင့်သားသမီးများအား လူတွေ ပြုလုပ်ထားတဲ့ ကိုးကွယ်ရာများကို ကိုးကွယ်ခြင်းမှဖယ်ရှားတော်မူပါ။

အို-အသျှင် ထိုကိုးကွယ်ရာများက များစွာသော လူသားတို့ အား လမ်းမှားစေခဲ့ကြလေပြီ။ ကျွန်တော်မျိုး၏ လမ်းစဉ်လိုက်သူမှာ ကျွန်တော်မျိုး၏လူပါ။ ကျွန်တော်မျိုး၏ လမ်းစဉ်သွေဖီသူကိုတော့ ချမ်းသာပေး ခွင့်လွှတ်တော်မူပါ။

အို-အရှင် ကျွန်တော်မျိုးသည် မိမိ၏အချို့သောအမျိုး သားချင်း တို့အား လယ်ယာကိုင်ကျွန်းမရှိသော တောင်ကြားတွင် အသျှင့်ကျောင်း တော်ထံပါးမှာ ဝတ်ပြုကြရန် နေရာချထားပေးခဲ့ပါပြီ လူသားတို့၏ စိတ်နှလုံးများကို ထိုသူတို့ဘက်သို့ ယိမ်းညွတ်စေတော်မူပါ။ ထို့နောက် အသျှင်မြတ်သည် ထိုသူတို့အား ကျေးဇူးသိကြစေရန် သစ်သီးဝလံများ ပေးကျွေးတော်မူပါ။ ကုရ်အာန် (၁၄း၃၅-၄၁)

အိဗ္ဗရာဟီမ်(အလိုင်ဟစ္စလာမ်)သခင်ဟာ ဇနီးနဲ့သားကို ဒိုအာနဲ့ပဲထားရစ်ခဲ့တာဖြစ်တယ်။ ကျွန်ုပ်တို့သည်လည်း အရှင့်အမိန့်တော် ကိုနာခံကြကာ အရှင့်ကိုအားကိုးအားထား(တဝ်ကွလ်)ပြု၍ အရေးကိစ္စ တိုင်းအတွက် ဆုတောင်းဒိုအာကို အမြဲပြုနေကြရမှာဖြစ်ပါတယ်။

ကြင်ယာတော်ဟာဂျ်ရ်ခါသခင်မကြီးဟာ နဗီလင်သား ထားရစ်ခဲ့ သည့်တောင်ကြားတစ်နေရာမှာ တိုးတိုးဖော်တောင်မှမရှိ။ ပကတိ လူမမယ်သားငယ်လေးနဲ့ နေရစ်ခဲ့ရရှာတဲ့ အခြေအနေကို ကျွန်ုပ်တို့မှာ

စာနာမှုဝေခံစား၍ ကြည့်ကြရန်ပင်မဆိုထားနှင့် စိတ်ကူးထဲတွင်ပင် ထည့်သွင်းစဉ်းစား၍မှ မရနိုင်သည့် အနေအထားတွင်ရှိနေကြပါတယ်။

ဟဂ္ဂျဒါသခင်မကြီးကတော့ဖြင့် အရှင်သခင်၏အပေါ်တွင် ထားရှိသည့် ပြည့်ဝသောအီမာန်ယကီးန်ကြောင့် ချစ်သတ္တိတွေဝင်လာခဲ့ပြီး ခင်ပွန်းလင်ထားရစ်ခဲ့ရာ တောတောင်ထဲမှာနေရဲခဲ့ပါတယ်။ ဒီနေ့ အလ္လာဟ့်လမ်းကို ၃-ရက်မျှလေး အချိန်ပေး၍ ဂျမာအတ်ထွက်သွားမည့် မိမိခင်ပွန်းလင်အား လူအများကြားမြို့ထဲမှာ သားသမီးများစွာနဲ့ နေခဲ့ရတာ ကိုပင် (ရှင်မရှိရင်မဖြစ်ပါဘူး။ မနေရဲပါဘူး)ဆိုတဲ့ အလိမ်အညာ မာယာ စကားတွေနဲ့ တားဆီးနေကြတဲ့ မျက်မှောက်ခေတ် အီမာန်ရှင်"မမ" တို့အတွက်ကတော့ ဤသခင်မကြီးအား လွမ်းဆွတ်သင့်လှပါတယ်။ သတိရသင့်လှပါတယ်။ ရှက်တတ်ရင်လဲရှက်သင့်ပါတယ်။ ၎င်းနောက် ဒီန်းအတွက်အနစ်နာခံကြရန်လည်း သင့်မြတ်လှပါတယ်။

ကြင်ယာတော်သခင်မကြီးဟာ ရက်ကြာလာလေတော့ ခင်ပွန်းနဗီပေးထားခဲ့တဲ့ စွန်ပလွံသီးလည်းကုန်၊ ရေလည်းကုန်သွားခဲ့ လေပြီ။ ကိုယ်တိုင်ပင် ရေမသောက်ရရှာတော့ နို့ရည်များခန်းခြောက်၍ နို့ကထွက်မလာ၊ သားငယ်ခမျာ နို့မစို့ရတော့ ဆာလောင်လွန်းလှလို့ သည်းထန်စွာ ငိုနေရှာတယ်။ မိခင်ဖြစ်သူသခင်မမှာ သားဖြစ်သူ အငိုတိတ်စေရန်အတွက် ရေရှာမှဖြစ်တော့မယ်ဆိုတဲ့ အကြံထွက်ပေါ် လာလို့ ကလေးကိုရင်ခွင်မှချပြီး ပထမ(စွဖာ)တောင်ထိပ်ကို တက်လာခဲ့ တယ်။ သားတော်လေးကတော့(စွဖာ)နှင့်(မရ်ဝါ)တောင်(၂)ခုကြားက အနိမ့်ပိုင်းမြေပေါ်မှာလှဲသိပ်ထားရာ ဖနောင့်ကလေးကိုပေါက်ပေါက်ပြီး ငိုကြွေးလျက်ရှိနေခဲ့ရှာတယ်။

ဟက်ဂ္ဂဒါသခင်မဟာ စွဖာရ်တောင်ထိပ်ပေါ်ရောက်လာလေတော့ ရေရဲ့အရိပ်အရောင်များကိုတွေ့လေမလားဆိုပြီး အထက်စီးကလှမ်းမျှော်ကြည့်ရှုကာရေရှာခဲ့ပါတယ်။ နှုတ်ကလည်း "ရေဘယ်မှာရှိနေပါသလဲ" ဟုလည်းအသံပြု၍ ဟစ်အော်မိခဲ့ပါတယ်။ ဒီနောက် ဆာလောင်ငိုကြွေးနေသည့် မိမိ၏ရင်သွေးကလေးငယ်ထံကို တောင်ထိပ်ပေါ်ကပြေးလာပြန်ဆင်းပြီးကြည့်ခဲ့ပြန်ပါတယ်။ သားတော်လေးရဲ့ အခြေအနေကိုကြည့်ပြီး တဖန်မရ်ဝါတောင်ပေါ်ကိုတက်ခဲ့ပြန်တယ်။ ပထမနည်းအတိုင်း လှမ်းမျှော်ကြည့်ရှုကာ ရေရှာလို့နေခဲ့တယ်။ နောက်တဖန်တောင်ပေါ်မှ ဆင်းသက်၍ ကလေးငယ်ထံ ပြန်ဆင်းကြည့်ပြန်ရာတယ်။

စာရှုသူတို့က "သခင်မ၏ရေရှာခန်း" ကို လွယ်လွယ်လေးနဲ့ ဖတ်ရှုတ်နေကြသလို စာရေးသူကလည်း လွယ်လွယ်လေးနဲ့ပဲ ရေးသားနေတာပါ။ ဒါမေယ့် အမှန်တကယ် တောင်ပေါ်ကိုတက်လိုက်၊ ဆင်းလိုက် လုပ်နေရတာကတော့ လုံးဝမလွယ်ကူပါ။ ဒုက္ခအခက်အခဲ၊ မောပန်းခြင်းများ စိတ်ဆင်းရဲခြင်းများကို သခင်မခမျာ ခံစားနေရရှာမှာအမှန်ပါ။ ကိုယ်ချင်းစာနာမှုဝေ၍ ခံစားကြည့်တတ်ကြလျှင် သခင်မကြီးရဲ့ဒုက္ခနဲ့ အနစ်နာခံမှုများကို အထင်ကရမြင်လာကြမှာဖြစ်ပါတယ်။

သခင်မကြီးက ဒီနည်းလမ်းအတိုင်း စွဖရ်နဲ့မရ်ဝါတောင်မှာ (၇)ခေါက်(၇)ခါတက်ရောက်ပြီး ရေရှာခဲ့ရတာပါ။ ရေပင်မရှိတဲ့တော တောင်ကြီးထဲမှာ အရှင်သခင့်ကိုအားကိုးပြီး ခင်ပွန်းထားရာမှာ နေရစ်ခဲ့ရာတဲ့ ဟက်ဂ္ဂဒါသခင်မရဲ့ ရေရှာတဲ့ဒုက္ခ ၊ ဆင်းရဲမှုနှင့်ပင်ပန်းအနစ်နာခံမှုများ အပေါ်မှာ အသျှင်မြတ်၏(ရဟ်မတ်)ဂရုဏာတော်က(ဂျိုးရ်)ဖြစ်လာတော်မူပါတယ်။ သနားဂရုဏာတော်က ပြင်းထန်စွာ တက်ကြွလှုပ်ရှားလွှမ်းမိုး၍လာခဲ့ပါတယ်။

သခင်မကြီးကြောကြီးပင်းမှု(မှကျပါဒါ)ကို အသျှင်မြတ်က ကျေနပ်နှစ်သက်လက်ခံတော်မူပြီး ထူးခြားအံ့ဩဖွယ်ရာတွေကြုံရသည်မှာ ဖနောင့်ပေါက်ကာ ငိုကြွေးနေရှာတဲ့ သားတော်လေး၏ဖနောင့်ရာမှ စမ်းပေါက်"ရေ" ဆုလာဘ်တော်ကို ထွက်ပေါ်စေတော်မူခဲ့ပါတယ်။

တောင်(၂)ခုရဲ့ကြားမှာ (၇)ခေါက်(၇)ခါ ပြေးလွှားတက်ဆင်းကာ ရှာရှာခဲ့ရလို့ မောပန်းနွမ်းနယ်နေရှာတဲ့ သခင်မကြီးခမျာ နောက်ဆုံးအခေါက် သားတော်လေးထံရောက်တော့ ကောင်းကင်တမန်ဂျစ်ဗရာအီလ်(အလိုင်ဟာစ္စလာမ်)ကို တွေ့မြင်ခဲ့ရပါတယ်။ ကောင်းကင်တမန်ကြီးက သားတော်လေးရဲ့ ဖနောင့်ရာပေါ်မှာ အတောင်ပံနဲ့ ရိုက်ခတ်ပြီး(အရှင့်အမိန့်)နဲ့ စမ်းရေပေါက်ကို ပေါ်ထွန်းစေခဲ့ပါတယ်။

သခင်မကြီးမှာ ခက်ခဲစွာရှာရှာနေတုန်း အရှင်မြတ်ရဲ့(ကုဒ်ရတ်)ဘုန်းတန်ခိုးတော်နဲ့ ပြွန်းကနဲ စမ်းရေပေါက်ကိုတွေ့လိုက်ပြီး ရေတွေက မြောက်များစွာပန်းထွက်လာလေတော့ ဝမ်းမြောက်ဝမ်းသာ အားရစွာနှင့် စမ်းရေပေါက်မှရေများ စီးထွက်သွားမည်ကို စိုးရိမ်ရာကာ နှုတ်မှ(ဇမ်ဇမ်) "ရပ်ပါ ရပ်ပါ"လို့ပြောဆို၍ စီးလာတဲ့ရေများကို ကျောက်တုံးလေးများနဲ့ ဆီးကာခဲ့ရှာတယ်။ ခုတော့လည်း အဲ့ဒီရေတွင်းကို သခင်မကြီးရဲ့ နှုတ်ထွက်အတိုင်းပဲ (ဇမ်ဇမ်) ရေတွင်းရယ်လို့ အမည်တွင်ရစ်ခဲ့ပေပြီ။ ကောင်းကင်တမန်တော်ကြီးကလည်း သခင်မကိုအားပေးနှစ်သိမ့်ပြီး သီးခံ၍နေပါရန်ကိုပန်ကြားကာ အရှင့်ထံတော်ပါးသို့ ပြန်သွားခဲ့ပါတယ်။

ဟာဂျ်ရါသခင်မရဲ့ အနစ်နာခံမှု ကြိုးပမ်းမှုနဲ့ အရှင်သခင်ရဲ့အပေါ်မှာ(တဝ်ကွလ်) အားကိုးအားထားပြုမှုတွေအတွက် အစားပေးချီးမြှင့်ခြင်းခံခဲ့ရသည့်(ဇမ်ဇမ်)ရေ၏ ထူးခြားမှုဂုဏ်ရည်မှာကား အံ့မခန်းစရာပင်။

(ဇမ်ဇမ်)ရေအား ရေအတာ၍သောက်ပါလျှင် ရေငတ်ပြေ၍ အစားအစာဆာ၍ သောက်ပါလျှင် အဆာပြေပြီး အဟာရဖြစ်ပါတယ်။ ရောဂါဝေဒနာကြောင့် သောက်သုံးလျှင်လည်း ရောဂါကိုပျောက်ကင်း ချမ်းသာရစေပါတယ်။ အရှင်မြတ်၏ (ကုဒ်ရတ်)တော်နှင့် ဖြစ်ပေါ်လာခဲ့ သည့် ဤရေစင်ရေသန့်အား မည်သည့်ရည်စူးချက် နီယတ်ထား၍ သောက်စေကာမူ နီယတ်ရည်စူးမှုအတိုင်း ပြီးမြောက်အောင်မြင်ခြင်းကို အရှင်မြတ်က ချီးမြှင့်ပေးသနားတော်မူပါတယ်။

ထူးခြားလေးနက်၍ ဤကဲ့သို့ဩဇာထက်မြက်လှသော အဖိုးတန် (ဇမ်ဇမ်)ရေစင်ကို အရှင်မြတ်က အမျိုးသမီးတစ်ယောက်ကို အကြောင်းခံပြီး ကမ္ဘာကိုချီးမြှင့်လိုက်သည့် ဆုထူးဆုမြတ် ဆုလာဘ်တော် တစ်ပါးပင်ဖြစ်တယ်။ တကယ်တော့ ကမ္ဘာကိုဟာဂျ်ဒါသခင်မက အကျိုးပြု ခဲ့တာပဲဖြစ်ပါတယ်။ ဇမ်ဇမ်ရေစင်ရေသန့်က သခင်မကြီး၏ ကြိုးပန်းမှု (မဟ်နတ်)ကြောင့်ရလာခဲ့တဲ့ ဆုလာဘ်တော်သာဖြစ်ပါတယ်။

မိန်းမသားတစ်ယောက် အရှင်သခင်၏အမိန့်တော်နာခံပြီး အနစ်နာခံ ကြိုးပန်းခဲ့ခြင်း၏အပေါ်တွင် အရှင်မြတ်က ဤသို့ဤနှယ် ဆုလာဘ်တော် အကျိုးကျေးဇူးများကို ပေးသနားချီးမြှင့်တော်မူထားပြီး ထိုကျေးဇူးတော်၏အပေါ်မှာ ကမ္ဘာသူကမ္ဘာသားများကို အကျိုးကျေးဇူးများ ရယူခံစားစေတော် မူခဲ့တာဖြစ်တယ်။

ဤအချက်ကိုဂရုပြုထောက်ရှု၍ အီမာန်ရှင် အမျိုးသမီးများတို့ သည်လည်း (အစ်ခ်လားစ်) အရှင်မြတ်အတွက် သက်သက်ပြုလုပ်ခြင်း ဟူသည့် နီယတ်စေတနာဖြူစင်စွာဖြင့် အရှင့်အမိန့်တော်များကို နာခံကြလျက် ဒီးန်သာသနာတော်အတွက် အနစ်နာခံကြိုးပမ်းမှုများကို ပြုလုပ်၍သွားကြပါရန်နှင့် ထိုကြိုးပန်းမှု(မဟ်နတ်)အပေါ်တွင် ဆုလာဘ်

ဝေါ်များ အမှန်ပင်အစားပေးချီးမြှင့်ခြင်းကို ခံကြရမည်ဖြစ်ကြောင်းကို အမျိုးသမီးတို့မှာ သတိတရားထားသင့်ကြရပေမယ်။

စဉ်းစားသုံးသပ်ရန်အချက်တစ်ရပ်မှာ ယောကျ်ားဖြစ်ရုံသက်သက်၊ မိန်းမဖြစ်ရုံသက်သက်ဖြင့်တော့ အသျှင်မြတ်ထံတော်၌ မွန်မြတ်မှု မရှိနိုင်ပေ။ မွန်မြတ်မှုအဆင့်အတန်းမှာ အရှင့်အမိန့်တော်နာခံကြခြင်း အပေါ်တွင်သာလျှင် ခွဲခြားသတ်မှတ်တော်မူထားပါတယ်။ ယောကျ်ားဖြစ်ရုံ သက်သက်ဖြင့်မမြတ်သကဲ့သို့ မိန်းမဖြစ်ရုံသက်သက်ဖြင့်လည်း မယုတ် ညံ့ပါပေ။ ထို့ကြောင့် အမျိုးသမီးတို့မှာ မိန်းမဖြစ်သည်ဆိုပြီး စိတ်အား ငယ်၍ သာသနာရေးနှင့်စပ်လျဉ်းသည့်အခါ အရှင့်အမိန့်တော် နာခံ ရေးနှင့်စပ်လျဉ်းသည့်အခါ (ရုပ်)ဆိုင်း၍မနေသင့်ကြဘဲ တိုး၍တိုး၍ သာလျှင် အမိန့်တော်များအား နာခံသွားကြရမှာဖြစ်ပါတယ်။

ဟာဂျဒါသခင်မကြီးကို "စံနမူနာ" ယူ၍ အရှင်မြတ်နှစ်သက်မှု များကို ရှာဖွေသွားကြပါ။ ကောင်းမြတ်သော အမလ်အေဗာဒတ်များကို ပြုမူဆောက်တည်ကြပါ။ (တပ်ကဝါ)အပြစ်ရှောင်ကျဉ်ခြင်းတရားကို လက်ကိုင်ထား၍ ဂျဟန္နမ်ငရဲမီး၏ဘေးမှလည်း မိမိကိုယ်ကို ကာကွယ် ကြပါ။ (သောင်ဗဟ်အစ္စတစ်ဂ်ဖွာရ်)များကို ဆောလျင်စွာပြုကြပြီး သုခဘုံဂျန္နတ် ရွှေဘုံမြတ်အား ရယူပိုင်ဆိုင်စံစားနိုင်ရန်ကြိုးစားကြပါဟု စေတနာမွန်ဖြင့် နှိုးဆော်အကြံပြုအပ်ပါသည်။

ကျွန်ုပ်တို့၏ထံသို့ သေခြင်းတရား ဆိုက်ရောက်လာသည်နှင့် ကဗရ်သင်္ချိုင်းအတွင်းသို့ ချက်ခြင်းလက်ငင်းသက်ဆင်းရပေတော့မည်။ နောင်တမလွန်အာခိရတ်ဆိုသည် အဝေးကြီးမှာမဟုတ်ပါ။ (မောက်သ်) ဆိုက်သည်နှင့် အာခိရတ်ကိုရောက်ပြီဆိုတာ နားလည်ပါလေ။

အဖော်မပါတစ်ကိုယ်တည်းသွားရမည့်(၆-ပေ × ၂-ပေ)ကျင်းတွင်း မြွေ၊ ကင်းတို့၏(အဟာဗ်)ပြစ်ဒဏ်များ၊ ဖရစ်ရှိတာများ၏ ရိုက်ပုတ်သည့်ပြစ်ဒဏ်များ၊ ကဗရ်တွင်ဂျဟန္နမ်၏အစိတ်အပိုင်းအဖြစ် မီးစွဲလောင်ခံရခြင်း စသည့်ပြစ်ဒဏ်များက အဆင်သင့်ရှိနေလျက်ပါ။ ထို့ကြောင့် သေဆုံးသည်နှင့်တပြိုင်နက် အပို့ခံရတော့မည့်ထိုနေရာ ကဗရ်စခန်းအတွက် ပူပင်သောကဖက်ကာ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် ကြိုတင်ပြင်ဆင်၍ အစီအစဉ်များပြုလုပ်၍ထားပြီးပါပြီလား။

ပိုင်ရှင်အစစ်အမှန်ဖြစ်သော အလ္လာဟ်အသျှင်ထံ အပြန်ခရီးအတွက် ကြိုတင်ပြင်ဆင်သင့်ပါတယ်။ မသေမီပြင်ဆင်ရန် အချိန်လေးက ရှိနေပါသေးတယ်။ မိမိတို့၏အမှားများ၊ အပြစ်များအတွက် အမှားဝန်ခံ (သောင်ဗာဟ်)ပြုပြီး ကျန်ရှိသက်တမ်းလေးမှာ အရှင့်အမိန့်တော်များကို နာခံဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ထိုသို့ အရှင့်အမိန့်တော်နာခံရာမှာ တွေ့ကြုံဆုံဆည်းလာရသည့် အခက်အခဲ ဒုက္ခပင်ပန်းဆင်းရဲမှုများကိုတော့ စွဗရ်ထားကြံ့ကြံ့ခံလျက် "အရှင်သခင်၏နှစ်သက်မှု"အတွက် ရည်ရွယ်ချက်ဖြင့် အနစ်နာခံ၍စတေးနိုင်ကြရမှာဖြစ်တယ်။ မိမိတို့အပေါ်မှာ သက်ရောက်လာခဲ့သည့် ဒုက္ခမျိုးစုံကို ပျားရည်လိုချိုမြိန်စွာ သောက်သုံးနိုင်ကြရမှာဖြစ်ပါတယ်။ သို့မှ မွန်မြတ်ကြပေမယ်။ အရှင်သခင်က "ချစ်"ပေမည်။ ဒါဟာ အရှင့်ကိုချစ်သောသူတို့လျှောက်လှမ်းခဲ့ကြသည့် "ချစ်သူတို့လျှောက်လှမ်းသောလမ်း"ပါပဲ။

ဟဂ်ျဒါသခင်မကြီးတို့ သားအမိ(၂)ပါးဟာ အသျှင်မြတ်ချီးမြှင့်ပေးသနားတော်မူသော (ဇမ်ဇမ်)ရေစင်ဖြင့် အလွန်ပင်အဆင်ပြေလျက် သာယာစွာရှိနေခဲ့ကြပါတယ်။ ဒါကတော့ ကြိုးပမ်းခြင်း၊ အနစ်နာခံခြင်းတို့အတွက် ဆုလာဘ်အဖြစ်ခံစားစံစားကြရခြင်းပါ။ "လူသားတို့ဘက်မှ

ကြိုးပမ်းမှုအပေါ်မှာ အသျှင့်မြတ်ဘက်တော်မှ အောင်မြင်မှုဆုလာဘ် ဟူသည်မှာ အမှန်တကယ်ရောက်ရှိလာမည်ဖြစ်ကြောင်း သိမှတ်နားလည် ယုံကြည်ထားကြရမှာဖြစ်ပါတယ်။

ထို့ကြောင့် (ဒါရှလ်အမလ်)ခေါ် ကြိုးပမ်းရမည့် ဤကမ္ဘာမှာ ကြိုးပမ်း၍သွားကြပါလေသော် (ဒါရှလ်ဂျဇာ)ခေါ်အစားပေးမည့် နောင်တမလွန်မှာ အောင်မြင်မှုဆုလာဘ်များရယူခံစားကြရမှာ မုချ ဖြစ်ပါကယ်။ စာရှုသူများမှာ သာသနာ့အသိတရားများနှင့် သတိထားကာ ကြိုးစားလိုက်နာ၍ အရှင့်အမိန့်များကိုနာခံ၍ အလ္လာဟ်ထံ ပြန်ကြစေ လို့ပါတယ်။ မသေသေးသရွေ့တော့ ပြုပြင်ကြိုးပမ်းရန်"အချိန်" သည်ရှိနေပါသေးတယ်လေ။ သေဆုံးကွယ်လွန်ပြီဆိုသော အခါဝယ် "ဘာ" တစ်ခုမှလုပ်ဆောင်ရန် "အချိန်"သည် မကျန်တော့ပြီ။ လက်ဝယ် မှာ"အချိန်"ရှိနေစဉ်၊ "အချိန်"၏တန်ဖိုးကို နားလည်ကြမှသာ "အချိန်" ရကြမှာဖြစ်တယ်။

ယနေ့ငွေရှိရင် ရွှေဝယ်လို့ရတယ်။ ရွှေ ငွေရှိပေမယ့် ဝယ်ယူလို့ မရနိုင်တာကတော့ ကျွန်ုပ်တို့ဘဝသက်တမ်းရဲ့ "အချိန်"တွေပဲဖြစ်တယ်။

ရွှေ ငွေနဲ့ဆက်၍မှဝယ်မရနိုင်သည့် တန်ဖိုးကြီးမားလှသော မိမိ၏ "အချိန်"တွေကို အလဟဿ အကြိုးမရှိတဲ့နေရာတွေမှာ မဖြုန်းတီးမိကြပါစေနှင့်။

နေ့စဉ်နေထွက်လာတယ်။ နေဝင်သွားတယ်။ ကျွန်ုပ်တို့ သက်တမ်းထဲက တစ်ရက်ကုန်ဆုံးသွားပြီ။ သေမည့်နေ့ဘက်ဆီသို့ တစ်ရက်တိုးကပ်သွားခဲ့ပြီ။

နေကွယ်တာအကြိမ်များရင်ဖြင့် သေနယ်ရွာတစ်ချိန်မှာ မုချသွားကြရမှာဖြစ်တယ်။

ဒါကြောင့် သေနယ်ရှာမှာ ပြေလည်စွာသာယာကြစေရန် အတွက် ဉာဏ်ဒွန္နယာမှာ "အချိန်"မဖြုန်းကြဘဲ မိမိရဲ့(နဖ်စ်) စိတ်ရိုင်း အကြိုက်ကိုစွန့်၍ (ရဗ်) အရှင်သခင်၏ အကြိုက်ကို ကြိုးပမ်းလုပ်ဆောင် သွားကြပါစို့ဟု အကြံပြုအပ်ပါတယ်။

သခင်မကြီးတို့ သားအမိ(၂)ပါးဟာ ဇမ်ဇမ်ရေကို အမှီသဟဲ ထားပြီး အေးချမ်းသာယာစွာနေထိုင်ကြစဉ်မှာ ရေရှိတဲ့အတွက် ကျေးငှက် တိရိစ္ဆာန်လေးတွေ ရောက်ရှိလာခဲ့ကြပြီး စွန်ပလွံအစရှိတဲ့ အပင်လေးများ လည်း ပေါက်လာခဲ့ကြပေပြီ။

ထိုအချိန်မှာ ကုန်သည်အဖွဲ့တစ်ဖွဲ့က ရေရှာရင်း ထိုနေရာကို ရောက်လာခဲ့ကြတယ်။ သခင်မကြီးထံခွင့်ပန်ပြီး ဇမ်ဇမ်ရေတွင်းအနီးမှာ တည်းခိုခဲ့ကြတယ်။ ထိုကုန်သည်အဖွဲ့ခေါင်းဆောင်ရဲ့အမည်က "မက္ကာဟ်" ဖြစ်တယ်။ မကြာမီနောက်ထပ်ကုန်သည်တစ်ဖွဲ့ရောက်လာ၍ ခွင့်တောင်းကာ တည်းခိုခဲ့ပြန် တယ်။ ကုန်သည်ချင်းတွေဆုံကြတဲ့အခါ ကိုယ်စီပါလာခဲ့ကြတဲ့ ကုန်စည်တွေကို အပြန်အလှန်ဖလှယ်ကြတယ်။ အရောင်းအဝယ်လုပ်ကြတယ်၊ အရောင်းအဝယ်ဖြစ်မှုအခြေအနေတွေကို ကြည့်မြင်သုံးသပ်ပြီး ပထမကုန်သည်အဖွဲ့ခေါင်းဆောင် "မက္ကာဟ်"က မြို့တည်ရန် အကြံရလာတယ်။ ဒီတော့သခင်မကြီးကိုခွင့်ပန်တယ်။ သခင်မကြီးက ခွင့်ပေးခဲ့တဲ့အပေါ်မှာ မြို့တည်ပြီး ခေါင်းဆောင်ကုန်သည် ကြီးရဲ့အမည်တပ်၍ "မက္ကာဟ်မြို့"ဟုအမည်တွင်သွားခဲ့ပါတယ်။

မက္ကာဟ်မြို့တော်ကြီးဟာ အရောင်းအဝယ် ကုန်သည်တွေနဲ့ တစ်စတစ်စစည်ကားလာခဲ့ပါတယ်။ ဒါဟာ အိဗ္ဗရာဟီမ်နဗီသခင်၏ ဆုမွန်ဒိုအာရဲ့အကျိုးကျေးဇူးပါ။ သားအမိ(၂)ပါးကို တောင်ကြားမှာ ထားရစ်ခဲ့စဉ်က တောင်စွယ်ရဲ့အကွယ်မှာ နဗီကြီးတောင်းခံခဲ့သည့်

ဆုမွန်ဒိုအာ၏(ဗရ်ကာသ်)တော်များပဲဖြစ်ပါတယ်။ နဗီသခင်က သားအမိ ၂-ပါးကို တောင်ကြားမှာ ဆုမွန်ဒိုအာများနဲ့ ထားရစ်ခဲ့တာပါ။ သခင်ရဲ့ ဆုမွန်တွေက တစ်ခုပြီးတစ်ခု ပြည့်ဝနေခဲ့တာဖြစ်တယ်။

ပထမတောင်းခံတဲ့ဆုမွန်ကြောင့် သားအမိ(၂)ပါးအား ထားရစ်ခဲ့သည့်နေရာသည် သာယာစည်ကားလျက်ရှိနေပေပြီ။ စားနပ်ရိက္ခာများ ပေါကြွယ်ဝခဲ့ပြီ။ ဒုတိယတောင်းခံသော သခင်၏ဆုမွန်ကြောင့် သခင်၏ သားစဉ်မြေးဆက်မှာ အရှင့်အမိန့်တော်အား ဦးလည်မသုံ နာခံဆောင် ရွက်သောသူများဖြစ်ကြပြီး ထိုမှနဗီများစွာပေါ်ထွန်းခဲ့ပါတယ်။

အမြင့်မြတ်ဆုံးကတော့ နဗီကြီး၏သားစဉ်မြေးဆက် အစွမာအီလ် (အလိုင်ဟစ္စလာမ်) သခင်မှ (စိုက်ယေဒွလ်အောင်ဝလီန် ဝလ်အာခိရီန်) နဗီတမန်တော်ချုပ် အမြတ်ဆုံးလူသားနဗီ အသျှင်မြတ်၏ (ဟဘီးဘ်) အချစ်တော် နဗီတမန်တော်မြတ် မိုဟမ္မဒွရ်ရစူလွလ္လာဟ် (စွလောလ္လာဟို့အလိုင်းဟေ့ဝပ်စလာမ်) မွေးဖွားသန့်စင်တော်မူလာခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ဒါဟာနဗီကြီးရဲ့ ဆုမွန်ဒိုအာရဲ့ဗရ်ကာသ်တော်ပဲဖြစ်ပါတယ်။

တတိယဆုမွန်က ကမ္ဘာသူကမ္ဘာသားတို့ရဲ့ စိတ်နှလုံးများကို ထိုသားအမိ(၂)ပါးဘက်သို့ ယိမ်းညွှတ်စေတော်မူပါဟု တောင်းခံခဲ့တော့ ယခုကမ္ဘာမှာရှိနေကြတဲ့ အီမာန်ရှင်လူသားအားလုံးတို့ဟာ ဒိုအာကြောင့် စိတ်နှလုံးသား အာရုံများက ထိုသားအမိ(၂)ပါးဘက်ကို ယိမ်းညွှတ်လျက်သာ ရှိနေကြပါတယ်။ ထိုနေရာကိုမြတ်နိုးကြတယ်။ ထိုနေရာသို့ သွားလိုကြတယ်။ ထိုနေရာသို့ သွားနိုင်ရန်အတွက် ဆုတွေပန်လျက် မျှော်ကိုးတမ်းတ မက်ထားနေကြတယ်။

သမိုင်းခြေရာကိုရှာဖွေပြီး ထပ်တူနင်းချင်နေကြတယ်။ "စွဖာ"နှင့်"မရ်ဝါ"မှာ (၇)ခေါက်(၇)ခါ ပြေးလွှားပြီး သခင်မကြီး၏ ခံစားမှု

ဝေဒနာမျိုးကိုစာနာမှုဝေ၍ ကိုယ်တိုင်ပင်ထပ်တူထပ်မျှ အသေအချာ ခံစားကြည့်ချင်နေကြပါတယ်။

အမျိုးသမီးတစ်ယောက်၏ လုပ်ဆောင်ကြိုးပမ်းမှုအား အသျှင်မြတ်မှ သဘောတူနှစ်သက်တော်မူသဖြင့် (စအီ)ပြုပြေးလွှားခြင်း အမလ်အား ဟာဂျ်၏ဝါဂျစ်တစ်ခုအဖြစ်နှင့်သက်မှတ်၍ အမျိုးသား တွေကိုပါ ပြုလုပ်ဆောင်ရွက်ခိုင်းထားပါတယ်။ ဒါဟာဟာဂျ်ဒါသခင်မကြီး ပြုလုပ်ကျိုးပန်းခဲ့တဲ့အမလ်ပါ။

အိဗ္ဗရာဟီမ်နဗီသခင်၏ ဆုမ္မန်ဒိုအာကြောင့်ပဲ အီမာန်ရှင်တိုင်းရဲ့ စိတ်နှလုံးသာများမှာ ထိုနေရာကိုသွားရောက်ကြရန်အတွက် ယိမ်းညွတ် လျက်သာရှိနေခဲ့ကြပါတယ်။

ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း အရှင်သခင့်ထံတော်မှာ အမြဲဆုမ္မန်ဒိုအာတောင်းခံမှုများ ပြုလုပ်နေသင့်ကြပါတယ်။ ဆုမ္မန်ဒိုအာ ပန်ကြားမှုများအတွက် ဘယ်သောအခါမှ လက်မလျှော့ကြပါလေနှင့် ဒိုအာနှင့်သာအမြဲနေပါ။ ဆုမ္မန်ဒိုအာသည် ဤဒွန်နယာတွင် မပြည့်ဝခဲ့လျှင် အာခိရတ်တွင် (စဝါးဗ်)များအဖြစ် မုချပြန်လည်ချီးမြှင့်ပေးအပ်ခြင်းကို ခံယူကြရမှာပါ။ ဒါ့ကြောင့် ဒိုအာသည် စဝါးဗ်ရရန်သေချာတဲ့ အမလ် တစ်ရပ်ဖြစ်တယ်ဆိုတာ နားလည်ထားကြရမှာဖြစ်ပြီး ဒိုအာရဲ့စံချိန်များကို တိုးမြှင့်သည်ထက်တိုးမြှင့်သွားကြရမှာဖြစ်ပါတယ်။ မုအ်မင်န်၏လက်နက် ဟာ တောင်းဆုဒိုအာပါ။

မက္ကာဟ်မြို့ကြီး စည်ကားသိုက်မြိုက်၍ သားတော်လေးပြေးနိုင် လွှားနိုင်တဲ့ အရွယ်ရောက်လာတဲ့အခါမှာ အိဗ္ဗရာဟီမ်(အလိုင်ဟစ္စလာမ်) သခင်ရဲ့ထံသို့ အသျှင်မြတ်၏ထံတော်မှ မဟာ့မဟာကြီးကျယ်လှစွာသော စမ်းသပ်မှုကြီးတစ်ခုက ကျရောက်၍လာခဲ့ပြန်ပါတယ်။ ထိုအရာကတော့

သားတော်လေးအား အရှင်နာမတော်နှင့် ကုရ်ဘာနီပြု စွန့်လှူစတေးမှု ပြုလုပ်ရန်အတွက် အရှင်မြတ်ကအမိန့်ပေးတော်မူခဲ့ခြင်းပဲဖြစ်ပါတယ်။

ထိုအမိန့်ကို အရှင်မြတ်ကအိပ်မက်နဲ့အသိပေးခဲ့တာပါ။ ဇစ်လ်ဟဂျ်လ(၈)ရက်ညမှာ မက်ခဲ့တာပါ။ နဗီတမန်တော်ကြီးခမျာ အိပ်မက်အတွက်မှာ ဇဝေဇဝါနှင့်စိတ်ထဲမှာ မဝေခွဲနိုင်ပဲဖြစ်နေခဲ့တယ်။ (၉)ရက်ညမှာ ထပ်မံ၍အိပ်မက်မက်ပြန်တော့ အရှင့်ဘက်တော်မှဆိုတာ သေချာပြီဖြစ်လို့ စိတ်ထဲမှာယတိပြတ်ဆုံးဖြတ်ချက်နှင့် အရှင်သခင် အတွက် ကုရ်ဘာနီပြုလုပ်ရန် မိမိနေထိုင်ရာ(ဂျေရုစလင်)မှ သားတော် လေးရှိရာ မက္ကာဟ်မြို့သို့ထွက်လာခဲ့ပါတယ်။

နဗီတမန်တော် အိဗ္ဗရာဟီမ်သခင်ဟာ အလ္လာဟ်အသျှင်မြတ်ရဲ့ အမိန့်တော်ကို အိပ်မက်နှင့်သိခဲ့ရသော်လည်း ဤကဲ့သို့အရေးတယူနာယူ ကြည်ဖြူခဲ့တာပါ။ နဗီတွေအတွက် အိပ်မက်ကလည်း(ဝဟီ)ပဲဖြစ်တယ်။

အိပ်မက်မှာသားတော်လေးကို (ဇဗဟ်)ပြုရတယ်လို့ မြင်မက် ခဲ့တာပါ။ နဗီကြီးဟာ မိမိရဲ့သားတော်လေးကို ဇဗဟ်ပြုရတော့မယ်၊ လည်ပင်းပေါ်မှာဓားတင်ပြီးလှီးဖြတ်ရတော့မယ်ဆိုတာသိရတော့ . . .

“ဘယ့်အတွက်ကြောင့်ပါလဲ”ဟု နဗီကြီးမှာ စောဒကမတက်ခဲ့ ရှာပါ။ အလ္လာဟ်အသျှင်မြတ်၏အမိန့်တော်တိုင်းကို နာခံခြင်းဟာ (ဒီးန်သာသနာ)ဖြစ်တယ်ဆိုတာ နဗီကြီးကသဘောပေါက်နားလည် ထားခဲ့ပါတယ်။

အိဗ္ဗရာဟီမ်(အလိုင်ဟစ္စလာမ်)သခင်ကြီးဟာ အရှင်မြတ်၏ အမိန့်တော်တွေကို နာခံတဲ့နေရာမှာ အရှင့်အမိန့်အတွက် မိမိတို့၏ အသိဉာဏ်နဲ့ တိုင်းတာနှိုင်းယှဉ်ကြည့်ရန်၊ အကျိုးနှင့်အကြောင်း ဆက်စပ် ကြည့်ရန်၊ ဆင်ခြေဆင်လက်တွေဝင်ကြရန်မှာ လုံးဝ အခွင့်အရေးမရှိဘူး

ဆိုတာ နဗီတမန်တော်ကြီးက နားလည်သဘောပေါက်ထားပြီးဖြစ်၍ စောဒကမတက်ရှာဘဲ လက်တွေ့ဆောင်ရွက်သွားခဲ့တာပဲဖြစ်တယ်။

• ယနေ့ခေတ် ကျွန်ုပ်တို့၏အခြေအနေကို သုံးသပ်လေသော် အရှင်မြတ်၏အမိန့်တော်တိုင်းကို မိမိရဲ့အသိတရားလောက်နှင့် ဆန်းစစ်လေ့လာကြပြီး အကျိုးအကြောင်းတွေကိုရှာနေကြပါတယ်။ ရှာရခြင်းရဲ့ ရည်ရွယ်ချက်ကလည်း လက်တွေ့မျက်တွေ့အကျိုးရှိမှပဲ ဒီအမိန့်ကို နာခံကြမယ်ဆိုသောသဘောမှာ သက်ရောက်နေလေတော့ လူနေမှုစနစ်တစ်ခုလုံးဟာ အမှောင်ဖုံး၍သွားပါတော့တယ်။

နဗီတမန်တော်ကြီးဟာ ဇနီးနှင့်သားထံရောက်လေသောအခါ -

"သားတော်လေးကို ရေချိုးပေးပြီး အမွှေးအကြိုင်များ သုတ်လိမ်းပေးလိုက်ပါ။ အလှူပွဲတစ်ခုကို ခေါ်သွားစရာရှိတယ်" ဟုပြောဆိုလိုက်တော့ ကြင်ယာတော်ခမျာဝမ်းမြောက်စွာနဲ့ ခင်ပွန်းစေခိုင်းရာအတိုင်း လုပ်ဆောင်ပေး၍ သားတော်လေးကိုနမ်းရှုံ့ပြီး ဖခင်၏လက်မှာ အပ်နှင်းပေးလိုက်ပါတယ်။

နဗီတမန်တော်ကြီးအနေနဲ့အကြောင်းအရင်းအမှန်ကို အသိပေးလိုက်ပါလျှင် မိခင်ခမျာ သောကဗျာပါဒများခံစားသွားရမည်ကို မမြင်ရက်၊ မကြည့်ရက်၍ စကားပရိယာယ်သုံးကာ ပြောခဲ့ရပေမယ့် "အလှူပွဲ" ဆိုသည်ကတော့ အမှန်တရားပဲဖြစ်ပါတယ်။ အလ္လာဟ့်အမိန့်တော် နာခံကြပြီး အလ္လာဟ်အတွက် စွန့်လှူကြမယ့်"မဟာ့ မဟာ အလှူပွဲကြီးပါ"

သားအဖနှစ်ပါး ထွက်ခွာသွားရာကို မျက်စိတစ်ဆုံး ပီတိအပြုံးနဲ့ လှမ်းမျှော်ကြည့်နေခဲ့ရှာတဲ့ ဟာဂျ်ဒါသခင်မကြီးရဲ့အနားကို ရှိုင်တွာန်မိစ္ဆာက လူယောင်ဆောင်ပြီး ချဉ်းကပ်လာခဲ့တယ်။ ဒီအလှူပွဲကြီးကို ပျက်စီးသွားစေရန်အတွက် ကုန်းချောခဲ့တယ်။ (သင်မရဲ့ခင်ပွန်းက သင်မရဲ့သားကို

ဘယ်ကိုခေါ်သွားနေတာလဲ)လို့ ပထမမေးမြန်းတယ်။ သခင်မက အလှူပွဲတစ်ခုကို ခေါ်သွားတာဖြစ်ကြောင်းဖြေတော့ ရှိုင်တွာန်က (ဤသို့မဟုတ်ကြောင်း၊ သူ၏ခါးထဲမှာ ကြိုးခွေနဲ့ အင်္ကျီလက်အိမ်ထဲမှာ ဓားကြီးကိုထည့်ဝှက်ထားတယ်၊ ဟိုး ရေနွားကကိုရောက်တဲ့အခါမှာ သားတော်ရဲ့လည်ပင်းကို ဒါးတင်၍ လှီးဖြတ်တော့မယ်) လို့ ထိတ်လန့် ကြောက်မက်ဘွယ်ရာသတင်းပေးခဲ့တယ်။

ဟာဂ့်ဒါသခင်မက ပြောတိုင်းယုံပြီး ခြိမ်းချောက်တိုင်း ကြောက်လန့်တတ်သည့် အမျိုးသမီးမဟုတ်ပါ။ အခြေအနေအပေါ်မှာ အကြောင်းနှင့် အကျိုးတရားကို ဆင်ခြင်သုံးသပ်တတ်သူဖြစ်ပါတယ်။ အရှင့်အမိန့်တော်အတွက် တောတောင်ကြီးထဲမှာ ချစ်သတ္တိတွေမွေးပြီး (စွဗရ်) ဆိုတဲ့ ခံနိုင်ရည်တရားကိုထားနိုင်ခဲ့သည့် သခင်မကြီးဖြစ်လေတော့ တည်ကြည်စွာဖြင့်မေးခဲ့ပါတယ်။

" ဖခင်တို့မည်သည် သား/သမီးတို့အား အကြောင်းမဲ့သတ်ရိုးထုံးစံ ကျွန်မမကြားဘူးပါ။ " ရှိုင်တွာန်ကထပ်မံ၍ အကြောင်းမဲ့မဟုတ်ပါ။ အရှင့်အမိန့်တော်ကြောင့်သတ်မှာပါလို့ ကြောက်လန့်ပြီးတားဆီးလေမလားရယ်လို့ ထပ်မံကုန်းတိုက်လိုက်ပြန်တယ်။ သို့သော်လည်း အရှင့်ကိုချစ်မြတ်နိုးသည့် ချစ်သတ္တိပိုင်ရှင် ဟာဂ့်ဒါသခင်မကြီးက "အရှင့်အမိန့်ကြောင့်သတ်မယ်ဆိုလျှင် ဒီလိုသားမျိုးကို အလ္လာဟ်ပေးရင်တစ်နှစ်တစ်ယောက်မွေးပေးပါ့မယ်။ နှစ်တိုင်း (ကုရ်ဘာနီ) လုပ်ပါစေ" လို့ ရဲရဲတောက်ပြန်ဖြေလိုက်ပါတယ်။ ရှိုင်တွာန်ရဲ့ ဖျက်စီးမည့် အကြံမက်ခန်းပြီးသကာလ ရှက်ကိုး/ရှက်ကန်းနဲ့ ထွက်ပြေးသွားခဲ့တယ်။

ရှိုင်တွာန်ကလက်မလျှော့သေးဘဲ ဒီအလှူပွဲကြီး အောင်မြင်သွားမှာကို အလွန်ပဲစိုးရိမ်နေလေတော့ ထပ်မံကြိုးစားပြန်တယ်။ ဖခင်

နဗီနင့်အတူလျှောက်လှမ်းနေတဲ့ သားတော်လေးကို အမြင်ပြပြီး နောင့်ယှက်ပြန်တယ်။(သင့်ကိုသင့်ရဲ့ဖခင်ကဘယ်ကိုခေါ်သွားနေတာပါလဲ) လို့မေးတော့ သားတော်လေးကလည်း အလှူပွဲသွားနေတာဖြစ်ကြောင်း ဖြေတယ်။ ရှိုင်တွာန်က (အလှူပွဲမဟုတ်ဘူး မင်းဖခင်ရဲ့ခါးထဲမှာ ကြိုးခွေကြီးနဲ့ အကျီလက်အိမ်ထဲမှာ ဒါးကြီးကို ထည့်ဝှက်ထားတယ်။ ဟိုးရှေ့နားမှာရောက်ရင် မင်းရဲ့လည်မျိုပေါ်မှာ ဒါးတင်ပြီး လှီးဖြတ်တော့ မှာဖြစ်တယ်)လို့ ထိတ်လန့်တကြား ပြောပြပြန်တယ်။ အသက် သေဆုံး ရန်အတွက် မည်သူမဆို ကြောက်လန့်သွားတတ်ကြလိမ့်မယ်လို့ ရှိုင်တွာန်က ထင်ထားခဲ့တာကိုး။

သို့ပေမယ့်လည်း ရှိုင်တွာန်ရဲ့အထင်တွေက ကက်တက်စင် အောင်ပင် လွဲမှားခဲ့လေပြီ။ အရှင်သခင်၏အမိန့်တော်တိုင်းအပေါ်မှာ "ချစ်ငွဲ"ကြီးမားစွာနဲ့ အမိန့်နာခံဆောင်ရွက်ခဲ့တတ်သည့် "ဖခင်" နှင့်အရှင်သခင်ကို (တဝပ်ကွလ်) အားကိုးအားထားပြုပြီး တော/တောင် ကြီးထဲမှာ နည်းပါးသောအစာအဟာရလေးနဲ့ နေ့/ညတိုင်းမှာ ကြောက်ရွံ့မှု ကင်းမဲ့စွာဖြင့် နေထိုင်ရဲခဲ့ရှာသော ချစ်သတ္တိခဲ မိခင်(၂)တို့ပါးမှ ဖွားမြင် ထားသည့်သားတော် အစ္စမာအီလ်(အလိုင်ဟစ္စလာမ်) သခင်လေးက ဖအေတူသား/မအေတူသားပီပီ အကြောင်းနှင့်အကျိုးကို စုံလင်စွာ သိစေရန်အတွက် "ဘာအပြစ်ကြောင့် ဖခင်က ကျွန်ုပ်ကိုသတ်ရမှာလဲ" ဟု တည်ကြည်စွာပင် ပြန်မေးနိုင်ခဲ့ပါတယ်။ ရှိုင်တွာန်က အလ္လာဟ်အမိန့် ကြောင့် သတ်မယ်လို့ဖြေလိုက်တယ်။

အရှင်သခင်ကို သိပ်ချစ်ကြပြီး အရှင့်အမိန့်တော်တွေကို ဦးထိပ် ရွက်ပန်အမြဲနာခံခဲ့ကြတဲ့ ဇနီးမောင်နှံ(၂)ပါးက ဖွားမြင်ထားကြသည့် သားတော်လေးက "အလ္လာဟ်အမိန့်တော်ဆိုလျှင် ဖခင်က ကျွန်ုပ်ကို

(ဇဗဟ်)လုပ်ပါစေ၊ ကျွန်ုပ်လည်စင်း၍ပေးပါ့မယ်။ ဒီတစ်သက်တင်မက သေပြီးပြန်ရှင်/ ပြန်ကုန်ကာနီပြုပါစေ။ ထိုအဖြစ်နှင့် ကေယာမသ်နေ့တိုင် ပြုနေပါစေ။ ကျွန်ုပ်သည် မတွန့်မဆုတ်ဘဲ လည်စင်း၍ခံပါ့မယ်" လို့ ရဲရင့်စွာပင်ပြန်ဖြေနိုင်ခဲ့ ပါတယ်။

အရှင်သခင်၏အမိန့်တော်အတွက် သေရန်အသင့်ဖြစ်နေတဲ့ ချစ်သူရဲကောင်းလေး အီစမာအီလ်(အလိုင်ဟစ္စလာမ်)သခင် ဖြစ်ပါတယ်။ သားတော်လေးရဲ့အဖြေကြောင့် ရှိုင်တွာန်ဟာရှက်ပြီးနောက်ဆုတ်လိုက်ရတယ်။

သားတော်လေးက ဖခင်ကို လူတစ်ယောက်က ကျွန်တော့်ကို (ဒီလို/ဒီလို)လာ၍ပြောနေပါတယ်လို့ သတင်းပေးလိုက်တယ်။ ဖခင် နဗီတမန်တော်ကြီးက ဒါဟာလူသားတွေရဲ့ ကောင်းရာကောင်းကျိုးကို ပျက်စီးရန် လိုက်လံနှောင့်ယှက်ဖျက်ဆီးနေတဲ့ "ရှိုင်တွာန်"ဆိုတာ ရိပ်မိသိရှိသွားတယ်။

ဖခင်နဗီကြီးက ရှိုင်တွာန်ကိုမြင်လျှင် ပစ်ပေါက်ဖို့ရာအတွက် ကျောက်စရစ်ခဲလေးများကိုကောက်ယူပြီး သားတော်၏လက်ထဲမှာ ထပေးခဲ့ပါတယ်။ ဖခင်နှင့်သားတော် ကျောက်စရစ်ခဲလေးများကို ကောက်တဲ့နေရာကတော့ ယခုဟာဂျီများ ခဲကောက်ရသောနေရာ (မွတ်ဇ်ဒလေဖွာ)ဖြစ်ပါတယ်။

တစ်ချိန်တစ်ခါက အလ္လာဟ်ကိုချစ်သောသားအဖနှစ်ပါး ခဲကောက် ခဲ့သည့် (မွတ်ဇ်ဒလေဖွာ)ဟာ ယနေ့အီမာန်ရှင် မွတ်စ်လင်မ် တို့အတွက် တဖန်ပြန်လည်အောက်မေ့ လွမ်းဆွတ်ဘွယ်ရာလေးပင် ဖြစ်ပါတယ်။ ယနေ့ဟာဂျ်ဖတ်သော ဟာဂျီများ ခဲကောက်ကြရင်းနဲ့ပဲ နဗီကြီးတို့သားအဖအား အောက်မေ့တမ်းတ အလွမ်းတွေ ဖြေနေကြ ရပါတယ်။

အရှင်မြတ်က ကမ္ဘာ့အရပ်ရပ်မှ ဟာဂျီများကို ခေါ်ယူတော်မူပြီး မိမိကိုချစ်ခဲ့ကြသည့် ၊ မိမိ၏အမိန့်တော်တွေကို နာခံခဲ့ကြသည့်၊ ချစ်သူတို့၏ ခြေရာများကို နင်းစေခဲ့တာပဲ ဖြစ်တယ်။ ချစ်တတ်သူတို့ အတွက်ကတော့ ဒီရေ ဒီမြေနဲ့ ဒီနေရာတွေမှာ ရောက်သွားခဲ့ရလျှင် အိဗ္ဗရာဟီမ်(အလိုင်ဟစ္စလာမ်)နဗီကြီး မိသားစု၏သမိုင်းကြောင်းကို ပြန်ပြောင်းအောက်မေ့သတိရခြင်းများစွာဖြင့် လွမ်းဆွေးတွေဝေပေလိမ့်မည်။ တကယ်ပဲ သတိရလွမ်းဆွတ်အောက်မေ့ဘွယ်ရာပါ။ လေ့လာဆည်းပူး ရယူဘွယ်ရာ စစ်မှန်သောသမိုင်း သက်သေလည်းဖြစ်ပါတယ်။

ဟာဂျီတွေဟာ အရှင်သခင်၏ အမိန့်တော်တွေကို နာခံလွန်း လှသော သခင်(၃)ပါး၏ "ချစ်ပုံရိပ်"များကို ဖော်ကျူးလျက် မိမိတို့၏ အချစ်ဒီဂရီ/အမိန့်နာခံမှုဒီဂရီများကို တိုး၍တိုး၍သာ လုပ်ဆောင် တိုးတက်သွားစေရမှာဖြစ်တယ်။

ဖခင်နဗီကြီးက ကျောက်ခဲလေးများကို သားတော်လေး၏ လက်ထဲမှာထည့်ပေးရင်း နောက်တစ်ကြိမ် ဤကဲ့သို့ပြောလာသူအား ထိုကျောက်ခဲများနှင့် ပစ်ပေါက်ရန်ကို မှာကြားခဲ့ပါတယ်။ အဖျက်သမား ရှိုင်တွာန်ကို ၃-နေရာမှာ (၃)ကြိမ်တိုင် တွေမြင်ရတဲ့အတွက် ဖခင်ရဲ့ မှာကြားချက်အတိုင်း ခဲနှင့်ပေါက်ခဲ့ရပါတယ်။ ဟာဂျ်ရာသီမှာ အရှင်မြတ် က ဒီပုံရိပ်ကိုလည်း ဟာဂျီတွေကို ပြန်လည်ဖော်ဆောင်စေတော် မူခဲ့ပါတယ်။ ဟာဂျီတွေလည်း ထို(၃)နေရာမှာ ခဲပေါက်ခဲ့ကြရတယ်။

ဒီလိုနဲ့ သားအဖနှစ်ပါး လျှောက်လာကြရင်း ကွင်းပြင်တစ်ခုကို ဆိုက်ရောက်လာခဲ့ပါတယ်။ ဖခင်ကြီးက -

" အိုး・・သားတော် ငါဟာမင်းကို (ဇဗဟ်) ပြုနေတယ်လို့ အိပ်မက်မက်ခဲ့တယ်။ မင်းရဲ့သဘောထားဘာယ်လိုလဲ"လို့မေးမြန်းခဲ့တယ်။

(يابنى إنى أري فى المنام أنى أذبحك فانظر ماذا تري)

မေးမြန်းရခြင်းကလည်း(ဒီအလုပ်ကိုသားသဘောတူမှလုပ်မယ်)ဆိုတဲ့ သဘောနဲ့မဟုတ်ပါ။ ဒီသားမှာ အရှင့်အမိန့်နာခံတတ်တဲ့ အရည်အချင်း မည်မျှရှိနေလဲဆိုတာ သိချင်၍သာ မေးမြန်းခဲ့ခြင်းဖြစ်တယ်။ သားတော်ရဲ့ စိတ်ထားကို စမ်းသပ်တဲ့မေးခွန်းသာလျှင်ဖြစ်ပါတယ်။

သားတော် အီစမာအီလ်(အလိုင်ဟစ္စလာမ်) သခင်လေးက လည်းပဲ "ကျွန်တော့်မှာ ဘာအပြစ်ရှိလို့ပါလဲ၊ ဘာအကျိုးရှိတဲ့အတွက် ကျွန်တော့်ကို သေစေချင်တာလဲ"လို့ စောဒကတက်သော့စကားမျိုးကို လုံးဝမဆိုရှာခဲ့ပါ။ ဘမျိုးဘိုးတူ အိဗ္ဗရာဟီမ်ခလီလွှလ္လာဟ်၏သားဖြစ်ရုံမက မိမိရဲ့သားစဉ်မြေးဆက်မှ (စိုက်ယေဒ္ဒလ်အောင်ဝလီ(န်)ဝလ်အားခိရီး(န်) နဗီတမန်တော်ချုပ် မိုဟမ္မဒ် (စွလ္လလ္လာဟုအလိုင်းဟေ့ဝစ္စလ္လာမ်)သခင် ကို မွေးဖွားသန့်စင်တော်မူလာမည့် နဗီလောင်းလျာလေးဖြစ်သေတော့ စောဒက မဝင်ရှာတဲ့အပြင် -

"အို··ဖခင် ကျရောက်လာတဲ့အရှင့်အမိန့်တော်မြတ်အတိုင်းပဲ ပြုလုပ်ပါ။ (အင်န်ရှာအောလ္လာဟ်) သည်းခံတရားရှိသူအဖြစ်နှင့် ကျွန်တော့်အားဖခင်မှ တွေ့မြင်ရပါလိမ့်မည်"လို့ အဖြေပေးခဲ့ပါတယ်။

(ياأبت افعل ماتؤمر ستجدنى إن شاء الله)

ဖခင်နဲ့သားဟာ ယုံကြည်ချက်နဲ့ အမိန့်နာခံမှုမှာ သံမဏိ ကျောက်တိုင်လို ခိုင်မြဲခဲ့ကြသည့်သူတွေဖြစ်ကြတဲ့အတွက်ကြောင့် အရှင့်အမိန့်နာခံရန် "အသင့်" ဖြစ်သွားကြတယ်။ ကျွန်ုပ်တို့သည်လည်း "အီမာန်"နဲ့"အမလ်အေဗာဒတ်"တွေမှာ ခိုင်မြဲသူများဖြစ်ကြပါစေ။

ဖခင်ကသားကိုလှဲချဖို့ ဟန်ပြင်လိုက်သည့်အခါ သားတော်လေး က မှာတမ်းရှာတယ်။

"အို . . . ဖခင် ကျွန်တော်၏စလာမ် မိခင်ထံသို့ပို့ပေးပါ။ ကျွန်တော့်အား (ဇဗဟ်)လုပ်မည့်ကိစ္စကို ပြီးစီးအောင်လုပ်ဆောင်ပါ။ ဒါပေမယ့် ကျွန်တော့်ရဲ့အဝတ်အစားတွေကိုတော့ အသေအချာ သိမ်းဆည်းလိုက်ပါ။ သွေးပေနေတဲ့ ကျွန်တော့်ရဲ့အဝတ်တွေကို အမေမြင်လျှင် လွမ်းဆွေးတွေဆူဝေပြီး အမေအရမ်းဝမ်းနဲ့သွားလိမ့်မယ်" ဟု မှာခဲ့ရာတယ်။

မည်မျှလိမ္မာလေသော သားရတနာဖြစ်ပါလေသနည်း။ မိခင်ကို မမေ့ရှာဘဲ ယခုကဲ့သို့ပင် မှာတမ်းခဲ့ရှာပါတယ်။ "စလာမ်" ပြုပို့ခဲ့ရှာတယ်။

(ဇဗဟ်)လုပ်ရန် လှဲချလိုက်တော့ သားတော်လေးက "ဖခင် ကျွန်တော့်ကိုမှောက်လိုက်ပါ။ ပက်လက်အနေအထားဆိုရင် သားအဖ ချင်းမှာ၊ မျက်နှာမြင်နေကြရတော့ ဇဗဟ်လုပ်ရာမှာ တွန့်ဆုတ်သွားလိမ့် မယ်"ဟု အရှင့်အမိန့်တော်နာခံရာမှာ အောင်မြင်စေရန်အတွက် အကြံပြု ခဲ့ရှာတယ်။

ဒီအခြေအနေကို အရှင်မြတ်သခင်က ကျေနပ်နှစ်သက်တော် မူလွန်းလို့ ကျမ်းမြတ်ကုရ်အာန်မှာ -

(فلما اسلما و تله للجبين)

(ဖခင်နှင့်သား နှစ်ယောက်စလုံး တိမ်းညွှတ်လိုက်ကြတဲ့အခါ)လို့ သုံးနှုန်းတော်မူထားပါတယ်။ "ဖခင်နှင့်သား နှစ်ယောက်စလုံး အစ္စလာမ်ကို လက်ခံလိုက်ကြတဲ့အခါ"ဟုလည်း အဓိပ္ပာယ်ဖွင့်ဆိုကြပါတယ်။ ဘာကြောင့်လဲဆိုလျှင် "အစ္စလာမ်"ရဲ့သဘောကိုက -

" အလ္လာဟ်အသျှင်မြတ်၏အမိန့်တော် ကျရောက်လာသော် တသွေမတိမ်း ဦးညွှတ်နာခံခြင်း "ပင်ဖြစ်ပါတယ်။

အထက်ပါ ဖွင့်ဆိုချက်အရ စစ်မှန်သည့်အစ္စလာမ်ဟူသည်မှာ မည်သည့်အမိန့်တော်ပဲဖြစ်ပါစေ အရှင်မြတ်ထံတော်ပါးမှ ကျရောက်လာပြီဆိုပါလျှင် နာခံတတ်ကြရမှာဖြစ်တယ်။ ထိုအမိန့်တော်ကို မိမိတို့ရဲ့ နှလုံးသားကလက်မခံလျှင်လည်း နာခံကြရမှာပဲ။ မိမိတို့ရဲ့ ဦးနှောက်အသိဉာဏ်နဲ့တွေးခေါ်လို့မရအောင် ဆန့်ကျင်နေလျှင်လည်း နာခံကြရမှာပါပဲ"

အရှင့်အမိန့်တော်ကို နာခံရန်အတွက် မိမိတို့ရဲ့အသက်အိုးအိမ် စည်းစိမ်တွေနဲ့ ဂုဏ်သိက္ခာတွေကိုလည်း (ကုရ်ဘာနီ)ပြု စွန့်လွှတ်စတေးနိုင်ကြရမှာဖြစ်တယ်။ အရှင့်အမိန့်တော်များကို တသွေမတိမ်း ဦးညွှတ်နာခံနိုင်ကြရမှာဖြစ်တယ်။ (အစ္စလာမ်သာသနာ)ဆိုတာ ဒါပါပဲ။

သားအဖနှစ်ပါးမှာ လှီးမည့်ဓားရပ်သွားမှာကို စိုးရိမ်ကြလို့ မျက်နှာတွေကိုအဝတ်ဖုံးပြီး သားတော်လေးကို မှောက်လျက်သားလှဲချလိုက်ကာ မိမိတို့၏တာဝန်ကိုယ်စီကို ထမ်းဆောင်လိုက်ကြပါတယ်။

ထိုအခါအရှင်မြတ်က "အို အိဗ္ဗရာဟီမ် သင်သည် သင်၏ အိပ်မက်ကို လက်တွေ့ဆောင်ရွက်ခဲ့ပေသည်။ ယခု ငါအသျှင်၏ တန်ခိုးတော်ကိုကြည့်ပါ။ ငါအရှင်ကသူတော်ကောင်းများကို ဤကဲ့သို့ အစားပေးတော်မူတယ်"ဟု မိန့်တော်မူခဲ့ပါတယ်။

(و ناديناه ان يا إبراهيم قد صدقت الرؤيا انا كذالك نجزي المحسنين)

အိဗ္ဗရာဟီမ်သခင် မျက်လုံးဖွင့်ကြည့်လိုက်တော့ မိမိရဲ့သားတော်လေးကို ဓားနဲ့ဝေးရာမှာ ပြုံးရယ်နေတာကို တွေမြင်ရပြီး မိမိ၏ ရှေ့မှောက် ဓားအောက်တွင် (ဒွန်ဘာ)ဆိုသော သားကောင်တစ်ကောင် အား (ဇဗဟ်)လှီးချပြီးသားကို တွေ့မြင်ခဲ့ရပါတယ်။ အရှင်မြတ်၏ "ကွဒ်ရတ်တော်"ပဲ ဖြစ်ပါတယ်။

ကုရ်ဘာနီ၏ အခြေခံအကြောင်းတရားက လူတို့၏စိတ်ထဲတွင် (အရှင်မြတ်၏အမိန့်တော်သည် အရာရာအပေါ်မှာစိုးမိုးထားတယ်) ဆိုသည့်အချက်ကို ခံစားမိကြစေရန် သိနားလည်သဘောပေါက်ကြစေရန်ဖြစ်ပြီး။ အရှင်မြတ်၏ "အချစ်" (နှစ်သက်မှု) များကို ရယူ/ခံယူလိုသောစိတ်ဆန္ဒများ ဖြစ်ပေါ်လာစေရန်အတွက်ပဲ ဖြစ်ပါတယ်။ အရှင့်အမိန့်တော်အောက်မှာ နဖ်စ်ဆန္ဒရိုင်းများကို ကုရ်ဘာနီပြု စွန့်လှူစတေးကြရမှာဖြစ်တယ်။

"ဒီန်းသာသနာ"ဆိုတာ "အရှင်သခင်၏အမိန့်နာခံခြင်း"ဖြစ်၍ အရှင်၏ အမိန့်တော်ရောက်လာခဲ့ပါသော် တွေးတောစဉ်းစားဉာဏ်ကို မသုံးစွဲကြရ။ အကျိုးအကြောင်းပြနေတတ်သည့် ဆင်ခြေဆင်လက်တက်နေတတ်သည့်၊ စောဒကတက်နေတတ်သည့် အခွင့်အရေးမျိုးကို လုံးဝအားမပေးကြရပါ။ ဒါဟာ "ဒီးန်သာသနာ"ပဲဖြစ်ပါတယ်။

အိဗ္ဗရာဟီမ်(အလိုင်ဟစ္စလာမ်) သခင်တို့ မိသားစုတစ်ခုလုံးသည် ထိုးထွင်းဉာဏ်နှင့် ဆင်ခြင်တွေးတောမှုများကို အရှင့်အမိန့်တော်နာခံကြရာ၌ လုံးဝအကြောင်းရာသုံးစွဲခြင်းမပြုခဲ့ကြပါချေ။ သားအဖနှစ်ပါးတို့၏ အမိန့်နာခံမှု ကုရ်ဘာနီပြုလုပ်ခြင်းကို အရှင်မြတ်က ကျေနပ်နှစ်သက်သဘောတူတော်မူသောကြောင့် ဤဖြစ်ရပ်မျိုးကို ကေယာမသ်နေ့တိုင် ရှင်သန်နေစေရန်အတွက်

(وتركنا عليه في الاخرين)

ငါအသျှင်မြတ်သည် နောင်လာနောက်သား မွတ်စ်လင်မ်များတို့ အမှတ်တရရှိနေကြစေရန်အတွက် သတ်မှတ်တော်မူလိုက်ပြီဟု အမိန့်တော်မြတ်ချမှတ်တော်မူခဲ့ပါတယ်။

ယခုကျွန်ုပ်တို့တစ်တွေ ပြုလုပ်နေကြသော ကုရ်ဘာနီဟာ အိဗ္ဗရာဟီမ်သခင်နဲ့ သားတော်အစ္စမာအီလ်သခင်တို့ပြုလုပ်ခဲ့ကြသည့် ကုရ်ဘာနီနှင့် သဏ္ဌာန်တူပြုလုပ်နေကြတာဖြစ်ပါတယ်။သားတော်လေးရဲ့ အစား သားကောင်ကိုအစားထိုး၍ အိဗ္ဗရာဟီမ်သခင်၏ ကုရ်ဘာနီကို အရှင်မြတ်က လက်ခံတော်မူသကဲ့သို့ ယနေ့သားကောင်များကို ကုရ်ဘာနီပြုနေသည့် ကျွန်ုပ်တို့ကိုလည်း အရှင်မြတ်က လက်ခံသဘော တူတော်မူပါစေ။ လက်ခံတော်မူမှာဖြစ်ပါတယ်။ ယခုကဲ့သို့ သဏ္ဌာန်တူ ပြုလုပ်စေရခြင်း၏အဓိကအကြောင်းရင်းက အိဗ္ဗရာဟီမ်(အလိုင်ဟစ္စလာမ်) သခင်တို့ သားအဖ(၂)ပါးစလုံးက・・・

- မိမိအရှင်သခင်၏ အမိန့်တော်အား ဦးညွတ်နာခံခဲ့ကြသကဲ့သို့၊
- အသိဉာဏ်ဦးနှောက်မှလက်ခံနိုင်မည့် မည်သည့် အထောက်အထားကို မှလည်း တောင်းဆိုခဲ့ခြင်း မရှိကြသကဲ့သို့၊
- မည်သည့်အကျိုးတရားကိုသော်မှလည်း လိုလားခြင်းမရှိကြသကဲ့သို့၊
- "အရှင်သခင်၏အမိန့်တော်" တစ်ခုတည်းကိုသာ ခေါင်းညိတ်လက်ခံ ပြီးလျှင် အရှင့်အမိန့်တော်အား ပြည့်စုံအောင် လိုက်နာကြသကဲ့သို့ ကျွန်ုပ်တို့၏ဘဝ သက်တမ်းတစ်ခုလုံးကိုလည်း ဤပုံစံမျိုးအတိုင်း ထပ်တူ/ထပ်မျှဖြစ်အောင် အတုယူကျင့်ဆောင်ကြရန်ပဲဖြစ်ပါတယ်။

ဤလောကီမှာ (မခ်လူးက်)အဖန်ဆင်းခံအချင်းချင်း မြတ်နိုး စွဲလန်းကြသော အချစ်ဇာတ်လမ်းပေါင်းမျိုးစုံကြားမှာ မိမိ၏အရှင်သခင့် အပေါ်မှာ အချစ်ကြီးချစ်ခဲ့ကြလေသော "အိဗ္ဗရာဟီမ်မိသားစုတို့၏ အချစ်"သည်ကား ကျွန်ုပ်တို့အတွက် စံနမူနာထားကာ ကျင့်သုံးရမည့် "ချစ်စံနမူ"ပင်ဖြစ်ပါ၏။ ခပ်သိမ်းသောအရာအားလုံးထက် ပိုချစ်ရမည့် "ချစ်သူအစစ်အမှန်"သည် ကျွန်ုပ်တို့အား ဖန်ဆင်းတော်မူထားသော

အရှင်၊ ကျေးမွေးတော်မူသောအရှင်၊ စိုးပိုင်တော်မူသောအရှင်၊ အလ္လာဟ်အသျှင်မြတ်"ပင် ဖြစ်ပေတယ်။

"ချစ်သူ"၏အမိန့်များကိုနာခံကြခြင်း၊ "ချစ်သူ"၏အမိန့်အပေါ်တွင် အရာခပ်သိမ်းတို့ကို စွန့်လွှတ်စတေးရဲကြခြင်း၊ "ချစ်သူ"အတွက် အနစ်နာခံနိုင်ကြခြင်းအပေါင်းတို့မှာ "အချစ်စစ်အချစ်မှန်"၏ သရုပ်သကန်ပဲဖြစ်ပါတယ်။

အထက်ပါနည်းလမ်းများဖြင့် ကျွန်ုပ်တို့မှာ အရှင်သခင့်အပေါ်တွင်ထားရှိသည့် မိမိတို့၏အချစ်များကိုလည်း စမ်းသပ်တိုင်းတာပြီး ကြည့်သင့်ကြပေတယ်။ ထို့နောက်တွင်မှ တဖြည်းဖြည်းနှင့်တိုး၍တိုး၍ "အချစ်စံချိန်များ" (အမိန့်နာခံမှုစံချိန်များ)ကို တစ်ဆင့်မှတစ်ဆင့်သို့ တိုးမြှင့်လိုက်နာ ကြိုးပမ်းသွားကြရမှာဖြစ်တယ်။

ကျွန်ုပ်တို့မှာ "အလ္လာဟ်အသျှင်မြတ်"ဖန်ဆင်းတော်မူထားသည့် "ဗန္ဒာကျေးကျွန်" များသာဖြစ်ကြပါတယ်။ အလ္လာဟ်ကျွေးသလိုစား၊ အလ္လာဟ်ထားသလိုနေ၊ အလ္လာဟ်အမိန့်တော်တွေကိုနာခံကြပြီး အလ္လာဟ်ခေါ်လျှင် ပြန်သွားကြရမည့် "ဘာ"တစ်ခုမှ မစွမ်းဆောင်နိုင်သည့် စွမ်းအင်မဲ့လူသားများဖြစ်ကြပါတယ်။ မိမိတို့၏ စွမ်းအင်မဲ့မှု၊ မစွမ်းနိုင်မှုတို့အား ဤသို့သုံးသပ်ပါလေ။

မိမိ(လူသား)အား စတင်ဖန်ဆင်းရာတွင် (နွတ်ဖ်ဟ်) မသန့်သောအရေစက်မှ သွေးတုံးဘ၀သို့၊ သွေးတုံးဘ၀မှ အသားတုံးဘ၀သို့၊ အသားတုံးဘ၀အစတွင် အသားတုံးမျှဖြစ်၍ နားမပါ၊ မျက်စိမပါ၊ အသက်မရှိ၊ အင်အားမရှိသောအဖြစ်နှင့် ဖန်ဆင်းခံခဲ့ရခြင်း၊ ထို့နောက် ဒုက္ခရောက်လျှင် မဖယ်ရှားနိုင်ခြင်း၊ သုခကိုလည်းလက်မလှမ်းနိုင်ခြင်း၊ အရာရာတစ်ခုခု၏ အသိပညာ အားရလိုသော်လည်း ရံဖန်ရံခါ လုံး၀မရ

တတ်ခြင်း၊ ကောင်းကျိုးရရန် ကြိုးစားသော်လည်း ဆိုးကျိုးနှင့် ရင်ဆိုင်ရတတ်ခြင်း၊ အချိန်တိုင်းသေခြင်းတရားကို စိုးရိမ်ထိတ်လန့်စွာ စောင့်မျှော်နေရခြင်း။ အချိန်မရွေး တစ်ချိန်ချိန်တွင် ရောဂါဖြစ်နိုင်ခြင်း၊ တစ်ချိန်ချိန်တွင် ရူးသွပ်သွားနိုင်ခြင်း၊ တစ်ချိန်ချိန်တွင် ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုချို့ယွင်းပျက်စီးသွားနိုင်ခြင်း၊ တစ်ချိန်ချိန်တွင် အသက်သေဆုံးသွားနိုင်ခြင်း၊ သေဆုံးပြီးနောက် ကျဉ်းမြောင်း၍ မှောင်ကျနေသောကျင်းအတွင်း၌ မြှုပ်ခံရမည်ဖြစ်ခြင်း ကေယာမတ်နေ့ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်၌ ရင်ပြန်ထ၍ပြန်လည်စုရုံးစေကာ စာရင်းများကို ရှင်းရမည်ဖြစ်ခြင်း။ ထာဝရစည်းစိမ်(ဂျန္နသ်) သို့တည်းမဟုတ် ထာဝရ ဒုက္ခ(ဂျဟန္နမ်) စသည်တို့ဖြင့် နောက်ဆုံး၌ ကြုံခံကြရမည်ဖြစ်ခြင်း စသည့်အချက်များကို စဉ်းစားဆင်ခြင် သုံးသပ်ပါလျှင် မိမိတို့၏စွမ်းအင်မဲ့ခြင်းများ မစွမ်းနိုင်ကြခြင်းများသည် ထင်ရှားစွာ ပေါ်လွင်လာကြပေအံ့။

ထို့ကြောင့် အထူးသတိထားရမည်မှာ မိမိတို့သည် (ဗန္ဒာဟ် ကျေးကျွန်)ပီသကြစေရန်အတွက် အရှင့်အမိန့်နာခံတတ်သောဉာဏ် ရှိကြရပေမယ်။ စွမ်းအင်မဲ့လူသားဖြစ်ပါလျက် "လူ"တွင် အရှင့်အမိန့်တော်ကို နာခံတတ်သည့် အရည်အချင်းမရှိခဲ့ပါလျှင် ထိုလူသည်ကား "လူ" မပီသတော့ပေ။ ဗန္ဒာဟ်ကျေးကျွန်မပီသတော့ပေ။ အရှင်သခင်၏ အမိန့်တော်အား ကျွန်သည်မှချနာခံရမည်ပင်။

အရှင်သခင်၏ အမိန့်တော်အား မနာခံသည့်အပေါ်တွင် (ဖစ်တနာဖစဒ်)များ ဒုစရိုက်အမှောင်များနှင့်မတရားပြုမှုများစသည်ဖြင့် အပျက်သဘောဆောင်သော အမိုက်မှောင်တိုက်ကြီး ဖုံးလွှမ်းသွားပြီးလျှင် လူ့လောကတွင် ပျံ့နှံ့တည်ရှိ၍ နေကြပေမယ်။ ဤသည်မှာ အစိကာဖြစ်

သည့် မိမိအရှင်သခင်၏ အမိန့်တော်များကို မနာခံခြင်းရဲ့ တန်ပြန်ရလဒ် ဆိုးကျိုးတွေပါဘဲ။

အရှင့်အမိန့်နာခံခြင်းကတော့ အေဗာဒတ်ဖြစ်သည့်အတွက် စဝါဇ်များနဲ့ပတ်သက်နေပါတယ်။ ကုရ်ဘာနီပြုလုပ်ခြင်းကိုလည်း ဇိလ်ဟဂ်ျလမှာ သတ်မှတ်ထားတဲ့(၃)ရက်အတွင်းမှာ လုပ်ခွင့်ပေးထားပြီး အရှင်သတ်မှတ်ပေးထားတဲ့ရက်ကကျော်လွန်ရင် အေဗာဒတ်မှာ အကျုံး မဝင်တော့ပါ။ ဘာကြောင့်လဲဆိုရင် ဇဗဟ်လုပ်ခြင်းက အကျိုးသက် ရောက်အေဗာဒတ်ဖြစ်စေခြင်းမဟုတ်ဘဲ။ "အရှင့်အမိန့်နာခံခြင်း" ကသာလျှင် အေဗာဒတ်ဖြစ်တယ်ဆိုတာက ထင်ရှား၍နေပါတယ်။ ကုရ်ဘာနီ၏ပင်မဝိညာဉ်မှာဒါပါပဲ။

အလ္လာဟ့်အမိန့်တော်ကျရောက်ပြီး ထိုကိစ္စရပ်အပေါ်နာခံလျှင် အေဗာဒတ်ဖြစ်ပေမယ့် အလ္လာဟ့်အသျှင်အမိန့်မရှိတဲ့ကိစ္စရပ်တို့ကို လုပ် ဆောင်ရင်တော့ ဘယ်လိုမှအကျိုးမပေးဘူးဆိုတာ မှတ်သားနားလည် ကြရမှာဖြစ်တယ်။

ကုရ်ဘာနီရဲ့"အနှစ်ချုပ်"ကတော့ ကုရ်ဘာနီကြောင့် ကျွန်ုပ်တို့၏ သက်တမ်းတစ်ခုလုံးဟာ အရှင်သခင့်အမိန့်တော်မြတ်အတိုင်း နာခံ ကျင့်သုံးတတ်သည့် ဘဝသက်တမ်းမျိုးကို ဖြစ်သွားစေရပါမယ်။ ကိုယ့် ဘဝသက်တမ်းမှာ "နာခံမှု"အတွက် စံနမူနာဖြစ်အောင် နေထိုင် ကျင့်ဆောင်ကြိုးပမ်းအပ်ပါတယ်။ ကြုံလာရတဲ့အခြေအနေတိုင်းမှာ အရှင်သခင်၏အမိန့်တော်မြတ်အောက်မှာ ခေါင်းငုံ့ပြီး နာခံနေတတ်ရ ပါမယ်။ ဤသည်ကုရ်ဘာနီ၏အဓိကတောင်းဆိုချက်ပဲဖြစ်ပါတယ်။ အနှစ်ချုပ်ပဲဖြစ်ပါတယ်။

အရှင်မြတ်က ကျွန်ုပ်တို့ကို ဤသာသနာ့ကိစ္စရပ်ဖြစ်သော ကုရ်ဘာနီပြုလုပ်ခြင်းအား ထမ်းဆောင်စေရခြင်း၏ အကြောင်းရင်းက နလုံးသားထဲမှာ အမိန့်နာခံတတ်သည့် အရည်အချင်းများ မွေးဖွားလာစေရန်အတွက်ပဲဖြစ်တယ်။ အလ္လာဟ်နှင့်အလ္လာဟ့်ရစူလ်၏ အမိန့်တော်များရဲ့ရှေ့မှာ ဦးညွတ်နာခံနိုင်တဲ့ အရည်အချင်းများကို မွေးဖွားလာဖို့ အတွက်ပဲ ဖြစ်ပါတယ်။

ကျမ်းတော်မြတ်ကုရ်အာန်တွင် . . .

"အလ္လာဟ်အရှင်အမြတ်ကဖြစ်စေ၊ အရှင်မြတ်၏ ရစူလ်တမန်တော်မြတ်(စွလ်လလ္လာဟုအလိုင်းဟေ့ဝစလ္လမ်)ကဖြစ်စေ၊ မုအ်မင်န်အမျိုးသားအတွက် (သို့မဟုတ်) မုအ်မင်အမျိုးသမီးအတွက် အမိန့်တစ်စုံတစ်ရာချမှတ်လိုက်ပြီဆိုပါလျှင် အကြင်သူသည်မည်သို့မျှမရွေးချယ်ခွင့်မရှိပေ။

(وما كان لمؤمن ولا مؤمنة إذا قضى اللّٰه ورسوله أمرا
أن يكون لهم الخيرة من أمرهم)

အလ္လာဟ်အရှင်မြတ်၏ ရဟ်မတ်တော်ကို အကြောင်းပြု၍ ကျွန်ုပ်တို့အား ကုရ်ဘာနီအမလ်ကျင့်စဉ်ကို နားလည်သဘောပေါက်နိုင်စွမ်း ပေးသနားချီးမြှင့်တော်မူပါစေ။ ထိုအမလ်ကျင့်စဉ်၏အတွင်း၌ ကိန်းဝပ်နေသော "အနွှဝါရည်"လင်းရောင်ခြည်များနှင့် "ဘရ်ကသ်"မင်္ဂလာများ ကိုလည်း ချီးမြှင့်ပေးသနားတော်မူပါစေ။

သားကောင်ကိုအစားထိုးပြီး အရှင်မြတ်က မိမိတို့သားအဖ၏ ကုရ်ဘာနီကိုလက်ခံတော်မူလိုက်တဲ့အခါ နဗီသားအဖနှစ်ပါးဟာ ကျေးဇူးတော်တင်ရှိတဲ့အနေနဲ့ (ရွှတ်ကရီယာနမားဇ်(၂)ရကာအတ်)ကို ဝတ်ပြုခဲ့ကြပါတယ်။ ယနေ့ဟာဂျီများ အမှတ်တရလွမ်းဆွတ်ကြရမယ့် ကဏ္ဍတစ်ခုပါပဲ။

နောက်များမကြာမီတွင် အရှင်မြတ်ဘက်တော်မှ ကအ်ဘာ ကျောင်းတော်ကြီးအား ပြန်လည်တည်ဆောက်ကြစေရန် သားအဖ(၂)ပါး ထံ အမိန့်တော်မြတ်ကျရောက်၍လာခဲ့ပါတယ်။ ကျောင်းတော် တည်ဆောက်မည့်နေရာအား ညွှန်ပြရန်အတွက် မိုးတိမ်တစ်ခုကို အိဗ္ဗရာဟီမ်သခင်ကုလားအုပ်စီးသွားရာ ဦးခေါင်းပေါ်မှာ ထီးဖြူသဖွယ် အုပ်မိုးလိုက်ပါရွေ့လျားစေခဲ့ပြီး၊ ထိုတိမ်တိုက်ရပ်ဆိုင်းသောနေရာတွင် ကျောင်းတော်၏တည်နေရာအဖြစ် သတ်မှတ်ပေးကာ ဝတ်ကျောင်း တော်အား တဖန်ပြန်လည်တည်ဆောက်စေခဲ့ပါတယ်။

ကအ်ဗာကျောင်းတော်ကြီး၏ သမိုင်းအကျဉ်းချုပ်က လူသား အပေါင်းတို့၏ဖခင်ကြီး အာဒမ်(အလိုင်ဟစ္စလာမ်) သခင်နှင့် ကြင်ယာ တော်တို့ ဤကမ္ဘာမြေပေါ်ဝယ် ရောက်ရှိလာခဲ့ပြီးသည့်နောက် အာဒမ် နဗီကြီးက ကောင်းကင်လောကတွင် ဖခင်ကြီးနေထိုင်စဉ်ကအရှင်မြတ်၏ (အရတ်ရှ်ပလ္လင်တော်)၏ တည့်တည့်အောက်တွင် ဖရစ်ရှ်တဟ် ကောင်းကင်တမန်များ အေဗာဒ်ဝတ်ပြုကြသော (ဘိုင်တွလ်မအ်မူရ်) ဝတ်ကျောင်းတော်အား မြင်တွေ့ခဲ့ရပါတယ်။

ဤပထဝီမြေပေါ်ဝယ် အာဒမ်နဗီရောက်လေသောအခါ မိမိ၏ သားစဉ်မြေးဆက်အပေါင်းတို့မှ အရှင်မြတ်ကို ခဝ်အေဗာဒတ်ပြုနိုင်ကြ စေရန်အတွက် ထိုဝတ်ကျောင်းတော်မျိုးအား ချီးမြှင့်ပေးသနားတော် မူပါရန် တောင်းခံလျှောက်ထားတော်မူခဲ့ပါတယ်။

ထိုလျှောက်ထားမှုအပေါ်တွင် အရှင်မြတ်က (ဘိုင်တွလ်မအ်မူရ်) ကို ယခုကအ်ဗာကျောင်းတော် တည်ရှိသောနေရာတွင် ချပေးသနား တော်မူခဲ့ပါတယ်။ ဖခင်နဗီကြီးလက်ထက်မှစတင်၍ သားစဉ်မြေးဆက်ကို ထိုဝတ်ကျောင်းတော်၌ ဝတ်ပြုနေခဲ့ကြပြီး၊ လူသားတို့၏ဒုတိယဖခင်ဟု

ကျော်ကြားသော တမန်တော်ကြီး နူးဟ် (အလိုင်ဟစ္စလာမ်) သခင်၏ လက်ထက်တော်တွင် ဆိုးသွမ်းလူသားများပြားသောကြောင့် ဤကမ္ဘာကို အရှင်မြတ်က "ရေ"နှင့် ဆေးကြောသန့်စင်စေတော်မူခဲ့ပါတယ်။

ထိုကဲ့သို့ ရေ-ကေယာမတ်ကြီးဖြစ်စဉ်၊ ရေမလွှမ်းမိုးခင်မှာ ထိုဝတ်ကျောင်းတော် (ဘိုင်တွလ်မအ်မူရ်)အား ကောင်းကင်ယံထက် မူလနေရာသို့ပြန်လည်၍ကြွယူ မ,ယူတော်မူခဲ့ပါတယ်။ ထိုဝတ်ကျောင်းတော်၏ နေရာဟောင်းတွင် ကုန်းကမူလေးသာလျှင် ကျန်ရစ်ခဲ့ပါတော့တယ်။

ကမ္ဘာပေါ်တွင် ရေမလွှမ်းခင် ကြွယူတော်မူခဲ့သော (ဘိုင်တွလ် မအ်မူရ်)မှ ကျောက်တုံး၂-တုံးသည် ဤကမ္ဘာမှာ ကျန်ရစ်ခဲ့လေတယ်။ ထိုကျောက်တုံးများသည် ဂျန္နတ်မှပစ္စည်းများဖြစ်ကြ၍ ကျောက်တုံး ၂-တုံးအား ရေဘေးမှလွတ်ကင်းစေရန်အတွက် ဂျစ်ဗရာအီလ် ဖရစ်ရှ်တဟ်ကြီးက လိုဏ်ဂူတစ်ခုအတွင်းမှာ သိုဝှက် သိမ်းဆည်း ထားခဲ့ပါတယ်။ ထိုကျောက်တုံး ၂-တုံးဟာ နောင်တစ်ချိန်မှာ ကျော်ကြား သည့် (ဟဂ်ျရေ့အစ်ဝဒ်ကျောက်နဲ့ မက္ကာမေ့အီဗရာဟီမ်ကျောက်)တို့ပဲ ဖြစ်ကြပါတယ်။

ကမ္ဘာပေါ်မှာရေလွှမ်းမိုးပြီးတဲ့နောက် ကုန်းကမူလေးသဖွယ်ာန် ကျန်ရစ်ခဲ့သည့် ဘိုင်တွလ်မအ်မူရ်၏နေရာဟောင်းတွင် နောင်လာ နောက်သားသမီးများ ခဝပ်မူပြုနိုင်ကြစေရန်အတွက် ကျောင်းတော် ကအ်ဗာကို တည်ဆောက်စေရန် အီဗ္ဗရာဟီမ်(အလိုင်ဟစ္စလာမ်) တို့သားအဖနှစ်ပါးအား အရှင်မြတ်က စေခိုင်းတော်မူခဲ့ခြင်းဖြစ်ပါတယ်။

အရှင်၏အမိန့်တော်တိုင်းကို "အချစ်"နဲ့ နာခံတတ်ခဲ့ကြတဲ့ သားအဖနှစ်ပါးတို့ကလည်း အရှင့်အမိန့်တော်အတိုင်း လိုက်နာကြပြီး ကအ်ဗာကျောင်းတော်ကြီးကို တည်ဆောက်ခဲ့ကြတယ်။ သားတော်က

အင့်ကျောက် များကို သယ်ဆောင်ပေးခဲ့၍ ဖခင်ကြီးက အင့်တွေစီပြီး တည်ဆောက်ခဲ့ကြတာဖြစ်တယ်။ အင့်စီရင်းမြင့်သည်ထက် မြင့်လာတဲ့ အခါမှာ အီဗရာဟီမ်သခင် အင့်စီရန်လက်လှမ်းမမီတော့ပါ။

ထိုအခါ လက်လှမ်းမီစွာဖြင့် ထက်ရပ်ကာအင့်စီနိုင်ရန်အတွက် ဂျစ်ဗရာအီလ်ဖရစ်ရှ်တာကြီးသည် ကောင်းကင်ယံမှ ကြွမြန်းဆင်းသက် လာခဲ့ပြီးလျှင် ရေမလွှမ်းမိုးခင်က သူ့သိမ်းဆည်းသိုဝှက်၍ထားခဲ့ရာ ကျောက်တုံး ၂-တုံးအနက်မှ တစ်တုံးကိုယူလာပေးခဲ့ပါတယ်။ ထိုကျောက်တုံးပေါ်တွင် အိဗ္ဗရာဟီမ်သခင်အား ခြေတော်အစုံတင်ရပ်စေ လျက် အင့်ကျောက်များကို ဆက်လက်စီထားတည်ဆောက်စေခဲ့ပါတယ်။ အမြင့်ဘယ်လောက်ကိုပဲမြင့်တတ်ပါစေ။ ထိုကျောက်တုံးကလည်း မြင့်တက်လာပြီး လိုအပ်သလို ရွှေ့လျားဆောင်ရွက်ပေးခဲ့ပါတယ်။

အလ္လာဟ်အသျှင်မြတ်၏ ကုဒ်ရတ်တော်ပင်ဖြစ်ပါပေတယ်။ ထိုကျောက်တုံးပေါ်ဝယ် နဗီ၏တက်ရပ်ရာခြေရာတော်အား အရှင်မြတ်က သမိုင်းတွင်ရစ်အောင် အထင်အရှားကျန်ရစ်စေတော်မူခဲ့ပါတယ်။ နောင်လာနောင်သားအီမာန်ရှင် မွတ်စ်လင်မ်များအတွက် သတိရ လွမ်းဆွတ်ဖွယ်ရာအဖြစ်နှင့် မှန်ကန်သော သမိုင်းကြောင်းတစ်ရပ်ကို သက်သေသာဓကတစ်ရပ်အဖြစ် အရှင်မြတ်ကပေါ်လွင်စွာ တည်ရှိ ထင်ကျန်နေရစ်စေခဲ့တာဖြစ်ပါတယ်။

အစ္စလာမ်သာသနာတော်သည်ကား အရှင်မြတ် ရွေးချယ်ထား ပြီးဖြစ်သော သာသနာတော်ဖြစ်၍ စစ်မှန်တိကျသော သက်သေသာဓက အထောက်အထားများစွာတို့ဖြင့် ပြည့်ဝနေသည့် သာသနာတော်ပင် ဖြစ်လေတယ်။ အီမာန်ရှင် မွတ်စ်လင်မ်များသည် ဤကဲ့သို့ စစ်မှန်သည့် သာသနာဝင်များဖြစ်ကြရခြင်းအပေါ်တွင် မိမိတို့၏အရှင်သခင်အား

ကျေးဇူးတော်အထူးတင်ရှိကြပြီးလျှင် အမိန့်နာခံတတ်သော ပီသစစ်မှန်သည့် မွတ်စ်လင်မ် မုအ်မင်န်များဖြစ်ကြစေရန်အတွက် ကြိုးပမ်းကျင့်ကြံသွားကြရမှာဖြစ်ပါတယ်။ ဤသည်မှာ အီမာန်ရှင်တိုင်း၏ တာဝန်ဖြစ်ကြောင်းကိုလည်း အမြဲပဲသတိတရားထား၍ နေသင့်ကြပေတယ်။

ကာအ်ဗာကျောင်းတော်ကြီးတည်ဆောက်၍ ပြီးစီးလေသောအခါ ဂျစ်ဗရာအီလ်ဖရစ်ရှ်တာကြီးက ကျန်ရှိသောကျောက်တုံး(၁)တုံးကို ယူဆောင်ပေးပြီး ကာအ်ဗာကျောင်းတော်ကြီး၏ တံခါးဘေးမှာ မြှုပ်နှံစေကာ (ဟဂျရေအစဝဒ်)လို့ခေါ်တွင်စေခဲ့ပါတယ်။ ထိုဟဂျရေအစဝဒ်သည်လည်း ရာဇဝင်သမိုင်းကြောင်းက ထင်ရှားစွာရှိခဲ့ပြီးဖြစ်၍ သမိုင်းအကျဉ်းချုပ်အား တင်ပြရမည်ဆိုပါလျှင် -

ကျွန်ုပ်တို့(အင်န်စာန်) လူသားတို့သည်ကား လောကကြီး ၄-ခု၏ခရီးသွားများသာ ဖြစ်ကြပါတယ်။

- ❑ ပထမလောက "အာလမေ့အရ်ဝါ"(ခေါ်) ဝိဉာဉ်လောက၊
- ❑ ဒုတိယလောက "အာလမေ့ဒွန္နယာ"(ခေါ်)ယခုပစ္စုပ္ပန်လူ့ဘဝလောက၊
- ❑ တတိယလောက "အာလမေ့ဘာရ်ဇခ်"(ခေါ်)ကဗရ်လောက၊
- ❑ စတုတ္ထလောက "အာလမေ့အာခိရတ်"(ခေါ်) နောင်တမလွန်လောက

လူသားများသည် (အာလမေ့အာရ်ဝါ) ဝိဉာဉ်လောကမှ ရောက်ရှိလာကြ၍ (အာလမေ့ဒွန္နယာ)တွင် အရှင့်အမိန့်တော်များကို နာခံအေဗာဒတ်လုပ်ကြရန်အတွက် ခန္ဓာတစ်ခုနှင့်ဝိဉာဉ်ကိုတွဲဖက်စေကာ (သက်တမ်းအချိန်)တစ်ခုကို သတ်မှတ်ပေးပြီး အလှည့်ကျပင် ဤလူ့ဘဝလူ့လောကသို့ စေလွှတ်ခြင်းခံရသူများဖြစ်ကြပါတယ်။

ဒုတိယလောကလူ့ဘဝမှာ ဝိဉာဉ်နှင့်ခန္ဓာကိုယ်တွဲဘက်၍ လုပ်ဆောင်လာကြခဲ့သော ကောင်းမှု၊ မကောင်းမှုများ၏အကျိုးဆက်များ

ကို ကေယာမသ်မဖြစ်မီစပ်ကြား ခေတ္တနားခိုစံစားရာ၊ ခံစားရာဖြစ်တဲ့ နေရာဌာနကတော့ (ဘရ်ဇခ်လောက) တနည်း(ကဗရ်လောက)ပဲ ဖြစ်တယ်။ ဒါဟာဒုတိယလောကပါ။

စတုတ္ထလောက (အာလမေ့အာခရေတ်)ကတော့ ကေယာမသ် ကမ္ဘာမြေကြီးပျက်စီးယိုယွင်းပြီးနောက် အကြီးအကျယ် စစ်ကျောမေးမြန်းခြင်းကိုခံကြရကာ ဒုတိယလောက (အာလမေ့ဒွန်နယာ) လူ့ဘဝ၌ မိမိတို့ပြုမူဆောင်ရွက်ခဲ့ကြသည်များ၏အစားကို (ကောင်းမှုအစား၊ မကောင်းမှုအစားကို) ပြည့်ပြည့်ဝဝအစားပေးခြင်းကို ခံယူကြရမယ့် လောကပင်ဖြစ်ပါတယ်။

လူသားတို့၏ နောက်ဆုံးစခန်းကတော့ ဂျန္နသ်(သုခဘုံ) သော်လည်းကောင်း၊ ဂျဟန္နမ်(ငရဲဘုံ)သော်လည်းကောင်းဖြစ်ကြပေလိမ့်မည်။ လူသားများသည်ကား (၄)လောကခရီးစဉ်အား ဖြတ်သန်းသွားနေကြသည့် ခရီးသွားများသာလျှင် ဖြစ်ကြပေတယ်။ ထို့ကြောင့် အကြံပြုလိုသည်မှာ ဤလောကီမှာ ခရီးသည်များပမာ နေထိုင်သွားကြပါရန်နှင့် ဤဒွန်နယာကို လောကလူရှာဇရပ်ပမာခေတ္တနားခိုကြရာအဖြစ်သာ ခံယူနေထိုင်သွားကြပါဟု အကြံပြုအပ်ပါသည်။ ကျွန်ုပ်တို့အား အရှင်မြတ် ချီးမြှင့်ထားသော အမျိုးအနွယ်ကောင်းခြင်း၊ ရုပ်ရည်ချောမော လှပခြင်း၊ ပညာရှိခြင်း ၊ ဂုဏ်သိက္ခာရှိခြင်း၊ အေဗာဒတ်လုပ်နိုင်ခြင်း၊ ပစ္စည်းဥစ္စာကြွယ်ဝခြင်း၊ ဝေဒနာကင်း၍ ကျန်းမာကြခြင်း ရာထူးဂုဏ်ထူးများ ရှိကြခြင်းတို့၏အပေါ်တွင် မာန်မာနမဝင်ကြဘဲ (ဤအရာသည်ကား ငါတို့ပိုင်ဆိုင်သည်မဟုတ် ဤဒွန်နယာဖနာလောကတွင် ဖန်ဆင်းရှင်က ခေတ္တပေးသနားချီးမြှင့်ထားသော ဝှားရမ်းသုံးစွဲနေရသည့် အငှားပစ္စည်းများသာလျှင်ဖြစ်ပြီး အဘယ်အရာမှ ကိုယ်နှင့်မကွာ မမြဲကြပါ။ (ဖနာပါ) ဟူ၍ စဉ်းစားဆင်ခြင်တရားသံဝေဂများ ရယူနိုင်ကြရပေမယ်။

ပထမဝိဉာဉ်လောကတွင် အရှင်မြတ်က ဖခင်ကြီးအာဒမ် (အလိုင်ဟစ္စလာမ်)၏ကျောကုန်းမှ ကမ္ဘာဦးအစက ကေယာမသ် နေ့တိုင် ပေါက်ဖွားလာကြမည့် လူသားအပေါင်းတို့၏ ဝိဉာဉ်များကို ထုတ်စေတော်မူခဲ့ပါတယ်။ မြောက်များလှစွာသော ဝိဉာဉ်အားလုံးကို ရှေ့တော်မှောက်မှာ စုရုံးရောက်ရှိစေပြီး အရှင်မြတ်က အမေးတော် တစ်ခုကို မေးတော်မူခဲ့ပါတယ်။

ထိုမေးခွန်းကတော့ (အလပ်စ်တို့ ဗေ့ရဗ်ဗေ့ကွန်မ်) "အသင်တို့အားဖန်ဆင်းသော "အရှင်သခင်" ဟာ "ငါ" မဟုတ်လား"ဟု မေးခွန်းတော်ထဲမှာ အဖြေကိုပါတပါတည်းထည့်ပြီး မေးတော်မူခဲ့ပါတယ်။

ဝိဉာဉ်လောကမှာ လူသားထုတစ်ရပ်လုံးရဲ့ ဝိဉာဉ်များကို မေးတော်မူခဲ့တဲ့ မေးခွန်းသည်ကား "တောင်ဟီးဒ်" တစ်ပါးတည်းအရှင်၊ တစ်ဆူတည်းသောဘုရားကို ဖော်ကျူးမေးမြန်းတော်မူခဲ့သော မေးခွန်းပဲ ဖြစ်ပါတယ်။ ဖန်ဆင်းရှင်(ရဗ်)ကိုသိကြပြီး (ရဗ်)ကို ကိုးကွယ်ကြစေရန် အတွက်ဖြစ်ပါတယ်။

အရှင်မြတ်က ယခုကဲ့သို့ အမေးတော်ထဲမှာ အဖြေကိုပါ တစ်ပါတည်း ထည့်သွင်းမေးမြန်းခဲ့ခြင်းသည်လည်း အမှန်တကယ် အရှင်မြတ်၏ မဟာဂရုဏာတော် သက်ရောက်မှုပင်ဖြစ်ပါတယ်။ ဤအဖြေကိုအရှင်မြတ်က ယခုကဲ့သို့အသိပေးတော်မမူခဲ့ပါလျှင် သိနိုင်ရန်၊ ဖြေဆိုနိုင်ရန်မှာ အကြောင်းမရှိပါပေ။

အရှင်သခင်က မေးခွန်းထဲမှာ အဖြေကိုပါထည့်သွင်း မေးလိုက် သည့်အခါတွင် ချစ်နဗီတမန်တော်မြတ် (စွလောလ္လာဟုအလိုင်းဟိ ဝစ္စလာမ်)သခင်၏ဝိဉာဉ်တော်မှဦးဆောင်သော ဝိဉာဉ်အားလုံးမှလည်း

(ကာလုဗလာ) "ဘာ့ကြောင့် မဟုတ်ရှမှာပါလဲ" လို့မေးခွန်းအတိုင်း ပြန်လည်၍ အဖြေပေးနိုင်ခဲ့ကြပါတယ်။

မေးခွန်းမေးမြန်းတော်မူရခြင်းနှင့် ပြန်လည်၍ အဖြေများ ပေးရခြင်းက အဖန်ဆင်းခံလူသားများထံမှ (အရှင်သည် ဖန်ဆင်းရှင် ဖြစ်ပါကြောင်း) ကတိပဋိညာဉ်ကို ရယူခဲ့တာဖြစ်တယ်။ ထိုအချက်က အရေးအကြီးဆုံးအဓိက အချက်ပဲဖြစ်တယ်။

အရှင်မြတ်က ဝိညာဉ်လောကမှာကတည်းက ကာဖွေရ်၊ မွတ်စ်လင်မ် အားလုံးတို့၏ထံမှ "အရှင်မြတ်သည်သာ ဖန်ဆင်းရှင် အရှင်သခင်ဖြစ်ကြောင်း" ကတိပဋိညာဉ်ကို ဦးစွာရယူလိုက်တာပါ။ သို့ပေမယ့် ကာဖွေရ်တွေရဲ့ ဝိညာဉ်တွေကတော့ ပေးထားပြီးဖြစ်တဲ့ ထိုကတိပဋိညာဉ်အား ချိုးဖောက်လိုက်ကြတယ်။ ဒွန်နယာ လောကကို ရောက်လာသောအခါ ဝိညာဉ်ဘဝက အရှင်မြတ်ကိုပေးထားခဲ့သည့် ကတိစကားကိုမေ့ဖျောက်ပြီး သစ္စာဖောက်လိုက်ကြတယ်။ စိတ်ထင်ရာ ကိုသာ အရှင်သခင်ပြု၍ ကိုးကွယ်မှုကိုပြုခဲ့ကြပါတယ်။

ထိုကတိပဋိညာဉ်ကို အရှင်မြတ်က ရယူခဲ့ခြင်းမှာ ကတိတည် ခဲ့သော မွတ်စ်လင်မ်များကို ဂုဏ်ပြုရန်နှင့်ကတိချိုးဖောက် သစ္စာဖောက်ခဲ့ သည့် ကာဖွေရ်များအား သေးသိမ်မှုပြုရန်အတွက်ပဲဖြစ်ပါတယ်။

ဝိညာဉ်လောကမှာ ဝိညာဉ်အားလုံးထံမှ ထိုကဲ့သို့ ပဋိညာဉ်ကို ရယူပြီးသည်နှင့် (ဖြေဆိုပြီးသည်နှင့်) အရှင်မြတ်က ထိုကတိပဋိညာဉ် တော်အား ဖရစ်ရှ်တာတစ်ပါးကို ဖန်ဆင်းပြီး မျိုချစေခဲ့တယ်။ ဝိညာဉ်အားလုံးရဲ့ ပဋိညာဉ်ကို လုံခြုံစွာသိမ်းဆည်းလိုက်ခြင်းပါပဲ။

ထိုပဋိညာဉ်ကို မျိုချထားသော ဖရစ်ရှ်တာအား အရှင်မြတ်က ကျောက်တုံးအဖြစ် ပြောင်းလဲပစ်တော်မူခဲ့တယ်။ ထိုကျောက်တုံးသည်

ယခု ကအ်ဗာကျောင်းတော် ရွှေတံခါး၏ဘေးတွင် မြှုပ်နှံထားသည့် (ဟာဂျ်ရေ့အစဝပ်) အမည်တွင်သော ကျောက်တုံးပဲဖြစ်ပါတယ်။

ဟာဂျ်ရေ့အစဝပ် ကျောက်တုံးထဲ၌ လူသားအားလုံးတို့၏ ဝိဉာဉ်များထံမှရယူထားသော ကတိပဋိဉာဉ်များက ရှိနေပေ၏။ ကေယာမသ်နေ့ကြီးတွင် ထိုဝိဉာဉ်များပေးထားပြီးသော ထိုကတိပဋိဉာဉ်ကို တည်/မတည်။ ဖောက်/မဖောက်အား အရှင်မြတ်က စစ်ဆေးတော်မူပြီး စီရင်ချက်များကို ချမှတ်တော်မူပြီးလျှင် နောက်ဆုံး စခန်းများဖြစ်ကြသည့် ဂျန္နသ်(သို့မဟုတ်) ဂျဟာန္နမ်တို့မှာ စံစား/ခံစား စေတော်မူမှာဖြစ်ပါတယ်။

ဟာဂျ်ရေ့အစဝပ်နဲ့ပတ်သက်၍ ရစူလ်ကိုယ်တော်က "ထိုကျောက် သည် အရှင်မြတ်၏ရွှေလက်တော်အစား"ဟု မိန့်တော်မူခဲ့ပါတယ်။ အလိုသဘောက ထိုဟာဂျ်ရေ့အစဝဒ်ကျောက်အား ပွတ်သပ်ကိုင်တွယ် ခြင်းမှာ အရှင်မြတ်နှင့်ရွှေလက်တော် ဆက်ရာကျရောက်၍ နမ်းရှုံ့ခြင်းမှာ အရှင်မြတ်၏ရွှေလက်တော်အားနမ်းရှုံ့ခြင်းဖြင့် အလားသဏ္ဍာန် တူပါ ကြောင်းဟူ၏။

ကအ်ဗာကျောင်းတော်တွင် စတင်တပ်ဆင်စဉ်က ဟာဂျ်ရေ့အစဝဒ်၏ အရောင်သည် နို့နှစ်ကဲ့သို့ဖြူဖွေးနေပါကြောင်း အဆိုရှိခဲ့ပါတယ်။ အပြစ် ဂိုနာဟ်မကင်းသော ဗန္နာဟ်ကျေးကျွန်များတို့၏ ပွတ်သပ်ကိုင်တွယ် နမ်းရှုံ့ခြင်းများကြောင့် ထိုကျောက်တုံးအပေါ်တွင် အမဲစက်တို့ ထင်ကျန် ရစ်ရင်း(ထင်ကျန်ရစ်ခြင်းဖြင့်) ယခုအခါတွင် လုံးဝမဲနက်သွားခဲ့လေပြီ။

(အဝိဉာဏက) သက်မဲ့ကျောက်တုံးပင်လျှင် အပြစ်ဂိုနာဟ်တို့ ကြောင့် မဲမှောင်သွားခဲ့ပါသော် သက်ရှိဖြစ်သော လူသားတို့၏ နှလုံးသား မှာလည်း ဂိုနာဟ်များကြောင့် မှချအမှောင်ဖုံး၍ မဲသွားပေမည်

ဖြစ်ကြောင်းကို လူသားတို့မှာစဉ်စားဆင်ခြင်တွေးမြင်ပြီး သဘောပေါက်နားလည်ကြစေရန်အတွက် အရှင်မြတ်က လက်တွေ့ပြသတော်မူခဲ့ခြင်းဖြစ်ပါတယ်။

ဤသို့ - ဤသို့အားဖြင့် ကအ်ဗာကျောင်းတော်ကြီးကား တည်ဆောက်၍ ပြီးစီးသွားခဲ့ပါတယ်။ အိဗ္ဗရာဟီမ်နဗီသခင်က ကအ်ဗာကျောင်းတော်ကြီးကို အရှင်မြတ်ထံ အပ်နှံတော်မူတယ်။ အရှင်မြတ်က နဗီကြီးအား ကအ်ဗာကျောင်းတော် တည်ဆောက်ပြီးစီး၍ ကမ္ဘာသူ/ကမ္ဘာသားများ လာရောက်အေဗာဒတ်ပြု (ဟာ့ဂျ်) ဖတ်ကြရန်အတွက်ကို ဖိတ်ခေါ်ကြေငြာခိုင်းခဲ့ပါတယ်။

နဗီသခင်က (ကျွန်တော်မျိုးအသံမှာ မည်မျှဝေးဝေးသို့ရောက်နိုင်ပါအံ့နည်း)ဟု အရှင့်အားလျှောက်ထားခဲ့ပါတယ်။ အရှင်မြတ်က "ဖိတ်ခေါ်ကြေငြာရန်မှာ သင့်တာဝန်ဖြစ်၍ အသံရောက်ရှိရန်မှာ ငါအရှင်၏ တာဝန်သာဖြစ်တယ်။"ဟုမိန့်တော်မူပြီး အိဗ္ဗရာဟီမ်သခင်၏ ဟာ့ဂျ်ဖိတ်ခေါ်သံကို အရှင်မြတ်အလိုတော်ရှိတော်မူသောသူတို့ထံ ရောက်စေတော်မူခဲ့ပါတယ်။

နဗီကြီး၏ဖိတ်ခေါ်သံအား အလ္လာဟ်အသျှင်မြတ်က (ဟာ့ဂျ်) ဖတ်စေရန် အလိုတော်ရှိသောသူတို့အား ကြားနာစေ၍ (လပ်ဗိုက်က်) ရွတ်ဆိုကာ (ဂျဝါ့ဘ်) ပြန်စေခဲ့ပါတယ်။ ထို့ကြောင့် (လပ်ဗိုက်က်) ရွတ်ဆိုပြီး ဂျဝါ့ဘ်ပြန်ခဲ့ကြသူတိုင်းမှာ မုချမလွဲ ဟာ့ဂျ်ဖတ်ခွင့်အား ရရှိကြမှာဖြစ်ပါတယ်။

အိဗ္ဗရာဟီမ်နဗီသခင် ဟာ့ဂျ်ဖိတ်ခေါ်စဉ်အချိန်က တစ်ချို့လူသားများ ဤလူ့ကမ္ဘာမှာ ရောက်ရှိနေကြပြီးဖြစ်တယ်။ တစ်ချို့ကတော့ မိခင်၏ သားအိမ်အတွင်းသန္ဓေသားဘဝတွင်ရှိနေခဲ့ကြပြီး တစ်ချို့က

ဖခင်၏ကျောရိုးထဲမှာရှိနေကြကာ၊ တစ်ချို့ကတော့ ဝိဉာဉ်ဘဝနဲ့ ဝိဉာဉ်လောကမှာပဲ ရှိနေခဲ့ကြပါတယ်။

ထိုကဲ့သို့ဘဝအသီးသီးထဲမှ ဟာဂျ်ဖိတ်ခေါ်သံကို (ဂျဝါဘ်) ပြန်ခဲ့ကြသူတွေကို အရှင်မြတ်က သဘောတူတော်မူပြီး မသေမီမှချမသွေ ဟာ့ဂျ်ဖတ်ခွင့်အား ပေးသနားတော်မူမှာဖြစ်ပါတယ်။ ဂျဝါဘ်ပြန် (လပ်ဗိုက်က်)ဆိုတဲ့နေရာမှာ တစ်ချို့က(၁)ကြိမ်၊ တစ်ချို့က(၂)ကြိမ်၊ တစ်ချို့ကအကြိမ်ကြိမ်စသည်ဖြင့် (လပ်ဗိုက်က်)ထူးခဲ့ကြပါတယ်။ အဲဒီအရေအတွက်အတိုင်းပင် ဟာဂျ်လုပ်ခွင့်အား ရရှိကြမှာဖြစ်တယ်။ (လပ်ဗိုက်က်) (၁)ကြိမ်ထူးခဲ့သူက (၁)ကြိမ်၊ (၂)ကြိမ် ထူးခဲ့သူက ဟာ့ဂျ်(၂)ကြိမ်၊ အကြိမ်ကြိမ်ထူးခဲ့သူကလည်း ဟာ့ဂျ် အကြိမ်ကြိမ် ဖတ်ခွင့်အား အရှင်မြတ်က ပေးသနားချီးမြှင့်တော်မူမှာဖြစ်ပါတယ်။

စာရှုသူတို့ အလ္လာဟ်အရှင် ရွေးချယ်တော်မူထားပြီးဖြစ်သည့် "ချစ်စံနမူနာရှင်" များကတော့ အိဗ္ဗရာဟီမ်(အလိုင်ဟစ္စလာမ်) သခင်နှင့် မိသားစုပဲဖြစ်တယ်။ တစ်နှစ်တစ်ခါ ယခုကဲ့သို့ ဟာဂျ်ရာသီကာလရောက်တိုင်း အရှင်မြတ်က မိမိ၏ချစ်မိတ်ဆွေ အိဗ္ဗရာဟီမ်(ခလီလွလ္လာဟ်)၏ ရာဇဝင်သမိုင်းကြောင်းကို မွတ်စ်လင်မ်အီမာန်ရှင်များရှေ့မှာ ဖြန့်ခင်းချပြ လျက် ထိုလမ်းစဉ်လမ်းကြောင်းအတိုင်း လျှောက်လှမ်းကြစေရန်ကို လိုလားနှစ်သက်တော်မူသည့်အတွက် နှစ်စဉ်ဟာ့ဂျ်ကျင့်စဉ်အား ပြုလုပ်ဆောင်ရွက်စေတော်မူပြီး "အရှင့်ချစ်သူတို့၏အချစ်ပုံရိပ်" ကို ပြန်လည်၍ ဖော်ကျူးစေတော်မူခဲ့ပါတယ်။

"ဟာဂျ်"ဟူသည်မှာ အခြားမဟုတ်ပါ။

အိဗ္ဗရာဟီမ်(အလိုင်ဟစ္စလာမ်)၏ ချစ်ပုံရိပ်(အရှင့်အမိန့်နာခံမှုများ) ဟာဂျ်ဒါသခင်မကြီး၏ ချစ်ပုံရိပ် (အရှင့်အမိန့်နာခံမှုများ သားတော်

အစ္စမာအီလ် (အလိုင်ဟာစ္စလာမ်)လေး၏ ချစ်ပုံရိပ် (အမိန့်နာခံမှုများ)ကို ပြန်လည်ဖော်ကျူးလုပ်ဆောင်စေခြင်းသာလျှင်ဖြစ်ပါတယ်။

အရှင်သခင်၏ အမိန့်တော်အတွက် အရာရာကို စွန့်လွှတ်ရဲသည့် အိဗ္ဗရာဟီမ်(အလိုင်ဟာစ္စလာမ်)သခင်၏ "အချစ်"။

မိန်းမသားတန်မဲ့ နို့စို့အရွယ်ကလေးငယ်လေးနှင့် လူသူမနီးသော သဲကန္တာရတောတောင်အလယ်မှာ နေခဲ့ရှာသည့် ကြင်ယာတော် ဟာဂျ်ဒါသခင်မ၏ "အချစ်"။

မိမိ၏လည်ပင်းပေါ်ဝယ် ဓားဝဲနေကြားသော်လည်း အရှင့်အမိန့်တော်များအား နာခံရန်အတွက် ကျေနပ်ကြည်ဖြူလျက်ရှိနေသည့် သားတော်လေး အစ္စမာအီလ်(အလိုင်ဟာစ္စလာမ်)တို့၏"အချစ်"။

ထို"အချစ်ပုံရိပ်"တို့အား အရှင်မြတ်က ကျေနပ်နှစ်သက်တော်မူ၍ ကမ္ဘာ့တစ်သက်မပျောက်ပျက်စေရန် နှစ်စဉ်နှစ်တိုင်း ဟာဂျီများကို ခေါ်ဆောင်ပြီး ဖော်ကျူးလုပ်ဆောင်တော်မူစေခြင်းမှာ"အရှင်မြတ်၏ချစ်စံနမူနာ" များအဖြစ် ရွေးချယ်ထားခြင်းကြောင့်ဖြစ်ကြောင်း ထင်ရှား၍နေပါတယ်။

ထိုအချစ်မျိုး(အမိန့်နာခံမှုမျိုး)အား "စံနမူနာ" ထားပြီးလျှင် မိမိတို့၏ ဘဝသက်တမ်းတွင် ကျွန်ုပ်တို့မှ လိုက်နာကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ "ချစ်နည်း"ပုံစံအသစ်ကို ထပ်မံရှာဖွေစရာမလိုပါ။ ဤသခင်(၃)ပါးတို့၏ ချစ်နည်းပုံစံ(အရှင့်အမိန့်တော်နာခံမှုများ)ကို အရှင်မြတ်က "ချစ်စံနမူနာ" အဖြစ် ရွေးချယ်ထားပြီးသားဖြစ်တယ်။

ထို့ကြောင့် ကျွန်ုပ်တို့မှာ ထိုလမ်းစဉ်အတိုင်းပဲ လျှောက်လှမ်းသွားကြရမှာဖြစ်တယ်။ လမ်းသစ်ထွင်ခြင်းက ပင်ပန်းလှပေတယ်။ လမ်းဟောင်းအတိုင်းလိုက်ခြင်းက ပိုမိုပြီးခရီးရောက် လွယ်လှပေတယ်။ ဤလမ်းစဉ်ကား အရှင်လက်ခံတော်မူထားပြီးသားလမ်းစဉ်ပါ။

ပြန်လည်၍အောက်မေ့လွမ်းဆွတ်ဖွယ်ရာ ကောင်းလှပါသော သားအမိ သားအဖ(၃)ပါးတို့၏ အရှင့်အမိန့်နာခံမှုများ(ချစ်ပုံရိပ်များ) ကို ရှေ့ဝယ်ထား၍ ကျွန်ုပ်တို့၏အချစ်စံချိန်(အမိန့်နာခံမှုစံချိန်)များအား ကြိုးစားကာ မြင့်တင်သွားကြရမှာဖြစ်တယ်။ ထို့အတွက် နှစ်စဉ်နှစ်တိုင်း ဤရာသီ ဤအချိန်များသို့ ကျရောက်၍လာလေတိုင်း အရှင်မြတ်က ထိုချစ်စံနမူနာရှင် သခင် ၃-ပါးတို့၏ ချစ်ပုံရိပ်(အမိန့်နာခံမှုများ)ကို ပြန်လည်ဖော်ကျူးစေပြီး ကမ္ဘာသူကမ္ဘာသားများကို ထိုမိသားစု၏ "အချစ်" (အမိန့်နာခံမှုများ၊ ကုရ်ဘာနီပြုစတေးမှုများ)ကို ပြန်လည် အောက်မေ့သတိရစေခဲ့ပါတယ်။ အမှန်တကယ်ပင် ဟာ့ဂျ်ပြုမှု ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်သည် ဤသခင်(၃)ပါး၏ လုပ်ငန်းစဉ်များကို ပြန်လည်ရှင်သန်စေခဲ့တာပဲဖြစ်တယ်။

"ဟာဂျ်"သည် အစ္စလာမ်ဘာသာတော်၏အခြေခံမဏ္ဍိုင်ကြီး(၅)ရပ် အနက်မှ(၁)ရပ်ဖြစ်ပြီး ကြွယ်ဝတတ်နိုင်ကြကုန်သော မွတ်စ်လင်မ်တို့ အတွက်မှာ တစ်သက်လျှင်တစ်ခေါက်သွားရောက်၍ ဟာ့ဂျ်ဖတ်ခြင်းအား (မလုပ်မနေရ)တာဝန်တစ်ရပ်အဖြစ် ပြဋ္ဌာန်းသတ်မှတ်တော်မူထားပါတယ်။

"ဟာဂျ်" ပြုလုပ်ပုံအကျဉ်းချုပ်ကို တင်ပြရမည်ဆိုပါလျှင်. . .

ဟာဂျ်ပြုရန်နှစ်စဉ်နှင့်အမျှ သတ်မှတ်ထားသည့်အချိန်မှာ မက္ကာဟ်မြို့တော်သို့သွားကြရပါတယ်။ (မီကားသ်)ဟု သတ်မှတ်ထားသော နယ်နိမိတ်သို့ ရောက်ကြသည့်အခါမှာ ရေချိုးကြရပါတယ်။(အေဟ်ရာမ်) ခေါ် ဝတ်ဖြူစင်ကြယ်(၂)ပိုင်းကို ဝတ်ဆင်ကြရတယ်။ အမျိုးသားမျ း ဦးခေါင်းပေါ်မှာ တစ်စုံတစ်ရာမဆောင်းကြရပေ။ ထို့နောက် နမားဇ်ဝတ်ပြု ကြရတယ်။

တမန်တော်အီဗရာဟီမ်(အလိုင်ဟစ္စလာမ်)သခင်မှတဆင့် ဟာ့ဂ်ပြုလုပ်ရန် အရှင်မြတ်၏မိန့်ကြားချက်အား ဂျဗ္ဗိုက်ပြန်ဖြေကြားသော အနေနှင့် အောက်ပါအတိုင်း (တလ်ဗေယာတ်သ်)ကို ရွတ်ဖတ်သရဇ္ဈာယ်၍ ဂုဏ်တော် မွှန်းကြရပါတယ်။

• (لبيك اللهم لبيك لبيك لاشريك لك لبيك

ان الحمد و النعمة لك و الملك لاشريك لك)

" လပ်ဗိုက်က အောလ္လာဟွမ္မ လပ်ဗိုက်က၊ လပ်ဗိုက်က လာရှရီးကလက လပ်ဗိုက်က

အင်နဲနလ်ဟမ်းဒ ဝလ်နေ့အ်မတလက ဝလ်မွတ်လ်က လာရှရီးက လက "

"အိုအရှင် အရှင်မြတ်ဆင့်ခေါ်တော်မူသည့်အတိုင်း ကျွန်တော်မျိုး အသင့်ရောက်ရှိလာပါပြီအရှင်၊ ချီးမွမ်းစရာအားလုံး၊ ကျေးဇူးတင်စရာအားလုံး၊ စိုးမိုးမှုအားလုံးတို့ဟာ အရှင်မြတ်အတွက်သာလျှင်ဖြစ်ပါတယ်။ အရှင်မြတ်မှာ ဂုဏ်ရည်တူဟူ၍ တစ်ဦးတစ်ယောက်မှမရှိပါ"ဟု (အေဟ်ရမ်)ဝတ်ရုံဝတ်ကာ ဂုဏ်တော်မွှမ်း၍ အလ္လာဟ့်အိမ်တော်သို့ ဦးစွာပထမ သွားရောက်ကာ ကြည်ညိုကြရပါတယ်။

"မက္ကာမေ့အိဗ္ဗရာဟီမ်"ခေါ်တမန်တော် အိဗ္ဗရာဟီမ်၏ ခြေရာတော်ရှိရာ ဌာနအနီးမှာ နမားဇ်ဝတ်ပြုကြရပါတယ်။ သမိုင်းဝင် (ဇမ်ဇမ်)ရေအား အမြတ်တနိုးသောက်သုံးကြရပါတယ်။ ထို့နောက် စွဖွာရ်နဲ့မရ်ဝါ တောင်ပူစာနှစ်ခုကြားမှာ (စအီ)ပြုပြေးလွှားကြရပါတယ်။

ဇီလ်ဟာဂျ်လ(၇)ရက်နေ့မှာ မက္ကာဟ်မှမီနာသို့ ခရီးထွက်ကြရပါတယ်။ ဇီလ်ဟာဂျ်လ(၉)ရက်နေ့ကျတော့ မီနာမှအရ်ဖာတ်ကွင်းပြင်သို့ ခရီးဆက်ကာ ဂျဗလေ့ရဟ်မသ်(ခေါ်) ဂရုဏာတောင်အနီးတွင် ရပ်နားပြီး အေမာမ်(၁)ပါး၏နောက်မှလိုက်၍ အလ္လာဟ်အရှင်မြတ်အား တစ်သွေး

တည်း၊ တစ်သံတည်း၊ တစ်ဆင်တည်း၊ တစ်ညီတစ်ညွတ်တည်း ဝတ်ပြုကြရပါတယ်။ ဆုပန်ကြရပါတယ်။

ထိုနေ့ ညနေဝင်သည့်အခါမှာ အာရ်ဖသ် ကွင်းပြင်ကြီးမှ (မွတ်ဇ်ဒလေဖ္ဖာ)သို့ ခရီးဆက်ကြရပြန်တယ်။ ညမှာအဲဒီမှာ ရပ်နားကြရတယ်။ နောက်နေ့ဇီလ်ဟာဂျ်လ(၁၀)ရက်နေ့မိုးလင်းသည်နှင့် မီနာသို့ ပြန်လာကြရပါတယ်။ (ဂျမ်ရာဟ်)ဆိုသော သမိုင်းဝင်ဌာနမှာ ခဲပေါက်ကြရတယ်။ ပြီးနောက် ကုရ်ဘာနီပြုရာဌာနမှာ ကုရ်ဘာနီ ပြုလုပ်ကြရပါတယ်။ ဆင်းရဲချမ်းသာမရွေး တည်ခင်းသည့်ခံကျွေးမွေးကြပါတယ်။ ထိုနေ့မှာပဲ အလ္လာဟ့်အိမ်တော်ကို နောက်ဆုံးအကြိမ်ကြည်ညိုဖေယာရတ်ပြုပြီး မက္ကာဟ်မြို့တော်မှ ချစ်ရစူလ်မိုဟမ္မဒ်(စွလလ္လာဟို့အလိုင်းဟေ့ဝပ်စလာမ်)၏ မြို့တော်ဖြစ်သည့် မဒီနာမြို့တော်သို့ ခရီးဆက်ကြရပါတယ်။

မဒီနာရွှေမြို့တော်မှာ အနည်းဆုံး(၈)ရက်ကြာ နေထိုင်ကြရပြီး ကိုယ်တော်၏အပေါ်မှာ စလဝပ်စလာမ်မေတ္တာများ ပို့သကြရပါတယ်။ ထို့နောက်မှ မိမိတို့၏တိုင်းနိုင်ငံအသီးသီးသို့ ပြန်သွားကြရပါတယ်။ ဤသည်မှာ "ဟာဂျ်"ပြုလုပ်ပုံ အကျဉ်းချုပ်ပဲဖြစ်ပါတယ်။

"အစ္စလာမ်" အရင့်အမိန့်နာခံခြင်း၊

"မွတ်စလင်မ်" အရင့်အမိန့်နာခံသူ၊

ကမ္ဘာမှာ "အစ္စလာမ်"ဟူသော အုတ်မြစ်ကိုချမှတ်ခဲ့သူမှာ တမန်တော် အိဗ္ဗရာဟီမ်(အလိုင်ဟစ္စလာမ်) သခင်ပဲဖြစ်တယ်။ အစ္စလာမ်သည် အိဗ္ဗရာဟီမ်သခင်၏ ဝါဒဖြစ်၍ "မွတ်စလင်မ်" ဟူသော အမည်မှာလည်း ထိုတမန်တော်ကြီးပေးခဲ့သည့်အမည်ပဲဖြစ်ပါတယ်။

"ဟာဂျ်"ကလည်းအိဗ္ဗရာဟီမ်သခင်၏ လမ်းစဉ်ဖြစ်ပြီး "ကုရ်ဘာနီ" သည် ထိုတမန်တော်ကြီး၏ မော်ကွန်းဝင်စွန့်လှူပွဲကြီးကို သရုပ်ဖော်သည့် သာသနာ့အလှူပွဲကြီးသာလျှင်ဖြစ်ပေတယ်။

တမန်တော်မြတ်မိုဟမ္မဒ်(စွလ်လလ္လာဟုအလိုင်းဟေ့ဝ်စလ်လမ်) နှစ်ဘဝသခင်ကျေးဇူးတော်ရှင် ပွင့်တော်မူခြင်းမှာလည်း အိဗ္ဗရာဟီမ် သခင်ကြီး၏ ဒိုအာဆုမွန်ကြောင့်ပဲဖြစ်တယ်။ ကိုယ်တော်သည် အိဗ္ဗရာဟီမ်သခင်ကြီး၏ လမ်းစဉ်အတိုင်း ပြည့်စုံစွာပင် ဖဝါးခြေထပ် လိုက်နာလုပ်ဆောင်ပြသသွားခဲ့သော နောက်ဆုံးပွင့်စံပြ တမန်တော်မြတ် ကြီးလည်း ဖြစ်တော်မူပါတယ်။

ယနေ့ကမ္ဘာ့အရပ်ရပ်မှာ ရှိနေကြသည့် ဗလီဝတ်ကျောင်းတော် အသီးသီးတိုင်းမှာ နေ့စဉ်နှင့်အမျှ(အောလ္လာဟုအပ်ကဗရ်) "အလ္လာဟ်သည်သာလျှင် အကြီးကျယ်ဆုံး" ဟူသော-ဟစ်ကြွေးနေသည့် "အစ္စလာမ့်အသံ"သည်လည်း အမှန်တကယ်မှာ တမန်တော်အိဗ္ဗရာဟီမ် ၏ ဟစ်ကြွေးသံပဲဖြစ်ပါတယ်။

ယနေ့ဤကမ္ဘာတွင် ထိုအစ္စလာမ်၊ ထိုမွတ်စ်လင်မ်၊ထိုအိမ်တော် (ကအ်ဗာ)ထိ ဟာဂျ်၊ ထိုအီဒွလ်အဒ္ဟာ၊ ထို ကုရ်ဘာနီများတည်ရှိ နေသရွေ့ ကာလပါတ်လုံးမွတ်စ်လင်မ်အပေါင်းမှာ အိဗ္ဗရာဟီမ် တမန်တော်ကြီး၏ ပြောင်မြောက်လှသော အတိတ်သမိုင်းမော်ကွန်းဝင်ကို မေ့ပစ်နိုင်ကြလိမ့်မည်မဟုတ်ပါပေ။ ထိုတမန်တော်အိဗ္ဗရာဟီမ်၏ အပေါ်တွင်လည်း မေတ္တာ"စလာဝ်"မပို့သဘဲ နေနိုင်ကြမည်မဟုတ်ပါချေ။ ထို့ကြောင့်ပင် အစ္စလာမ်သာသနာဝင်တို့သည် ထိုတမန်တော်ကြီးအား အထူးပဲကြည်ညိုမြတ်နိုးကြပြီး နေ့စဉ်နမားဇ်ဝတ်ပြုရာ (ကာအဒေဒါ)၌ စလာမ်စလဝ်မေတ္တာများကို ပို့သလျက်ရှိနေကြပါတယ်။

အရှင်သခင်၏အမိန့်တော်များကို ဦးထိပ်ထားလျက် သာသနာတော်အတွက် စွန့်လွှတ်စွန့်စား စတေးခဲ့ရှာသော တမန်တော်အိဗ္ဗရာဟီမ် (အလိုင်ဟစ္စလာမ်)သခင်၏ စွန့်လှူမှုများကို ပြန်လည်သုံးသပ်၍ ကြည့်ပါလေသော်・・・

နဗီကြီးသည် "အစ္စလာမ့်"အတွက် မိမိ၏ဖခင်နှင့် မွေးရပ်ဌာနေဇာတိမြေကိုလည်း စွန့်ခဲ့ရှာတယ်။ ဆွေမျိုးသားချင်းတွေကိုလည်း စွန့်ခဲ့ရှာတယ်။ နမရူဒ်ဘုရင်ရဲ့ မီးပုံကြီးထဲမှာလည်း ဆင်းသက်ခဲ့ပြီး မိမိခန္ဓာကိုလည်းစွန့်ခဲ့ရှာတယ်။ သာသနာတော်ထွန်းကားရေးနှင့် အာရေဗျပြည်ကြီး သာယာစည်ပင်ရေးအတွက် မိမိ၏ကြင်ယာတော်နှင့် ရင်သွေးလူမမယ်သားတော်လေးတို့ကိုလည်း လူသူမရှိသော လွင်တီးခေါင် သဲကန္တာရထဲမှာစွန့်ခဲ့ရှာတယ်။

ထိုကဲ့သို့ "စွန့်လွှတ်ခြင်း" ကြီးများစွာနှင့် မိမိအရှင်သခင်၏ အမိန့်တော်များအတွက် စွန့်လှူစတေးခဲ့ရှာသောနဗီတမန်တော်ကြီးသည် မိမိ၏ရင်သွေး သားတော်လေးကို ကုရ်ဘာနီပြုလုပ်ရန် အရှင်မြတ်ဘက်တော်မှ "အမိန့်တော်" ကျရောက်တော်မူလာသည့်အခါမှာလည်း မိမိ၏သားရတနာအား တုပ်နှောင်လှဲပြီး ကိုယ်တိုင်ပင်လီးဖြတ် ကုရ်ဘာနီပြု၍ အရှင်သခင်၏အမိန့်တော်ကို နာခံဆောင်ရွက်ခဲ့ပါတယ်။

နဗီကြီးအတွက် အရှင့်အမိန့်တော်နာခံရာမှာ အဘယ်အရာကမှ မတွန့်ဆုတ် မဟန့်တားနိုင်စေခဲ့ပါချေ။ ဤသည်အရှင်မြတ်ပေါ်တွင် ထားရှိသော အိဗ္ဗရာဟီမ်နဗီကြီး၏ ကြီးမားလှသည့် "အချစ်"ကြောင့်ပဲ ဖြစ်တယ်။ "အချစ်"ကြောင့် အမိန့်နာခံရန် လွယ်ကူသကဲ့သို့ "အချစ်" ကြောင့် အရာခပ်သိမ်းတို့အား စွန့်လှူစတေးရန်မှာလည်း လွယ်ကူသွားစေခဲ့တာ ဖြစ်ပါတယ်။

အိဗ္ဗရာဟင်မ်သခင်က အရှင်မြတ်ထံတော်မှာ ဤသို့လျှောက်ထားခဲ့ပါတယ်။

"အို…အရှင် ကျွန်တော်မျိုးအနေနှင့် ဖခင်နှင့်ဇာတိမြေအား စွန့်ခွာကျောခိုင်းရဲပါတယ်။ သို့သော်လည်း အရှင့်အမိန့်တော်များကိုတော့ မစွန့်ခွာရဲ ကျောမခိုင်းရဲပါ။"

"အို…အရှင် ကျွန်တော်မျိုးအနေနှင့် မိမိ၏ခန္ဓာကိုယ်အား မီးထဲမှာထားပြီး မီးရှို့ရဲပါတယ်။ သို့ပါသော်လည်း အရှင့်အမိန့်တော်များကိုတော့မီးမရှို့ရဲပါ။"

"အို…အရှင် ကျွန်တော်မျိုးအနေနှင့် မိမိ၏ဇနီးနှင့်သားကို လူသူမနီးသောတောတောင်ကြီးထဲမှာ စွန့်ပစ်ရဲပါတယ်။ သို့ပါသော်လည်း အရှင့်အမိန့်တော်များကိုတော့ဖြင့် မစွန့်ပစ်ရဲပါ။"

"အို…အရှင် ကျွန်တော်မျိုးအနေနှင့် မိမိ၏သားအား လည်ပင်းပေါ်မှာ ဓားတင်ထားပြီး လှီးဖြတ်ရဲပါတယ်။ သို့ပါသော်လည်း အရှင့်အမိန့်တော်များကိုတော့မလှီးဖြတ်ရဲပါ။"

နမ်ဗီကြီးဟာ မိမိ၏အရှင့်သခင်အပေါ်မှာ ထားရှိခဲ့သည့် မိမိ၏ အချစ်၊ အမိန့်နာခံမှု/စွန့်လွှတ်စတေးအနစ်နာခံမှုများကို ထိုကဲ့သို့တင်ပြ၍ လျှောက်ထားတော်မူခဲ့ပါတယ်။

အိဗ္ဗရာဟင်မ်(အလိုင်ဟစ္စလာမ်)သခင်ကြီး လျှောက်ထားခဲ့သည့် အထက်ပါအချက်များနှင့် လိုက်လျောညီစွာ စာရှုသူနှင့် ကျွန်ုပ်တို့မှာ အဘယ်မျှ လိုက်နာလုပ်ဆောင်နေကြပါပြီနည်း။ (သို့တည်းမဟုတ်) အဘယ်မျှဆန့်ကျင်စွာ ဆောင်ရွက်လုပ်ကိုင်နေကြပါသနည်း။ ဆိုသည်ကိုတော့ ကိုယ်တိုင်ဝေဖန်ဆန်းစစ်၍ အဖြေရှာကြပါရန် လိုအပ်လှပါပေတယ်။ မိမိတို့ ကိုယ်မိမိတို့ ဆန်းစစ်သုံးသပ်ပြီးနောက် အရှင်မြတ်

အပေါ်မှာထားရှိသော မိမိတို့၏ "အချစ်စံချိန်များ၊ အမိန့်နာခံမှုစံချိန်များ" ကို ပိုမိုတိုးမြှင့်သွားကြရမှာဖြစ်ပါကြောင်း ထပ်လောင်း၍အကြံပြုအပ်ပေ၏။

လူ့လောကတွင် လူသားတစ်ဦးအတွက် မိဘနှင့်ခွဲခွာရခြင်း၊ သားချင်းတို့နှင့်ခွဲခွာရခြင်း၊ မိမိတိုင်းပြည်လူမျိုးဇာတိမြေနှင့်ခွဲခွာရခြင်း၊ မိမိ၏ပစ္စည်းဥစ္စာများကို စွန့်လှူရခြင်းစသော ကိစ္စရပ်များမှာ ဆောင်ရွက်ရန်မှာ လုံးဝမလွယ်ကူလှပေ။

ထိုထက်ပိုမို၍ မိမိရင်သွေးအား မိမိလက်ဖြင့် ကိုယ်တိုင်လှီးဖြတ် စွန့်လှူရမည့်ကိစ္စရပ်ကိုတော့ ပို၍ပင်ခက်ခဲလှလေတယ်။ သို့ပေမယ့် နဗီတမန်တော်ကြီးဟာ အလ္လာဟ့်အမိန့်တော် ကျရောက်လာတဲ့အခါမှာ "မွတ်စ်လင်မ်"(အမိန့်နာခံသူ)ဟူသော ဂုဏ်ရည်ထူးနှင့်အညီ ယတိပြတ်ဆုံးဖြတ်ချက်ချ၍ လက်တွေ့ပြုလုပ်ဆောင်ရွက်ရန်အတွက် "အဆင်သင့်" ဖြစ်သွားခဲ့ရပါတယ်။

နဗီတမန်တော်ကြီး၏ ကုရ်ဘာနီသည် အံ့မခန်းဘွယ်ရာပင်ဤကဲ့သို့အမိန့်နာခံမှုကြောင့်ပင် နဗီကြီးမှာ(ခလီလွလ္လာဟ်) အရှင့်ချစ်မိတ်ဆွေ (အီမာမွန်နားစ်) လူသားတို့၏ ဦးစီးဥက္ကဋ္ဌအစရှိသည့် ဂုဏ်ထူးများနှင့်ချီးကျူးခြင်းကို ခံယူခဲ့ရပါတယ်။

နဗီကြီး၏လမ်းစဉ်အတိုင်း ကျွန်ုပ်တို့၏ချစ်နဗီက လိုက်နာကျင့်သုံး ဆောက်တည်ခဲ့ပါတယ်။ ကျွန်ုပ်တို့၏ချစ်နဗီတမန်တော် လိုက်နာခဲ့တဲ့ လမ်းစဉ်အပေါ်မှာလည်း ကျွန်ုပ်တို့က လိုက်နာကျင့်ကြံဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

လိုက်နာနိုင်သော(သောင်ဖီက်) စွမ်းအားအကြောင်း ညီညွတ်မှုများကို အီမာန်ရှင်တိုင်းအား အလ္လာဟ်အရှင်မြတ် ချီးမြှင့်ပေးသနားတော်မူပါစေ။ (အာမီန်း ဒေအာလ္လာဟွမ္မအာမိန်း)

ကမ္ဘာ့မွတ်စ်လင်မ်များကို ကမ္ဘာတစ်သက် (ဟာဂျ်)ပြုလုပ်နိုင်ကြစေရန်အတွက် နဗီကြီးသည် အလ္လာဟ်အရှင့်အမိန့်တော်အတိုင်း ကအ်ဗာကျောင်းတော်ကြီးအား မွမ်းမံတည်ဆောက်၍ ပြီးစီးသည်နှင့် အရှင်မြတ်ထံတော်တွင် ဤသို့ဆုပန်တော်မူခဲ့ပါတယ်။

"အိုအရှင် အရှင်မြတ်၏ ဒေသနာတော်များကို ဟောကြားမည့် ကျမ်းဂန်နှင့်တကွ နက်နဲသိမ်မွေ့လှသော ပညာများကိုသင်ကြားပို့ချမည့် (လူသားတို့အား) အတွင်းအပြင်စင်ကြယ်သန့်ရှင်းအောင် ပြုလုပ်ပေးမည့် "ကမ္ဘာ့တမန်တော်တစ်ပါး"အား စေလွှတ်ပေးတော်မူပါ။(ကုရ်အာန် ၂း ၁၂၉)

နဗီကြီး၏ဆုမွန်အပေါ်ဝယ် ကျွန်ုပ်တို့၏ချစ်နဗီတမန်တော် မိုဟမ္မဒ်(စွလ္လလ္လာဟို့အလိုင်းဟေ့ဝပ်စလာမ်)ကို အရှင်မြတ်က ပွင့်ပေါ်စေတော်မူခဲ့ပါတယ်။ ကုရ်အာန်ကျမ်းလာဒေသနာတော်များကို ဟောကြားစေတော်မူခဲ့ပါတယ်။ နက်နဲသိမ်မွေ့လှသော ပညာရပ်များကို သင်ကြားပို့ချပေးစေတော်မူခဲ့ပါတယ်။ ဤသည်နဗီကြီး အိဗ္ဗရာဟီမ် (အလိုင်ဟာစ္စလာမ်)၏ ဆုမွန်ဒိုအာပြုမှုရဲ့ အကျိုးကျေးဇူးများပဲဖြစ်ပါတယ်။

ကျွန်ုပ်တို့၏ ချစ်နဗီရစူလ်သည် ဟောကြားရုံသက်သက်၊ ပို့ချရုံသက်သက်သာ ကြိုးပမ်းခဲ့ခြင်းမဟုတ်ဘဲ လူဖြူ/လူမဲ/ဆင်းရဲ/ချမ်းသာ လူတန်းစားမခွဲခြားဘဲ၊ ရန်သူ/မိတ်ဆွေမခွဲခြားဘဲ၊ လူသားတို့အား လူတော်လူကောင်းများဖြစ်အောင် ကိုယ်တိုင်ပင်"ကမ္ဘာ့စံပြမဟာလူသား" အဖြစ် လက်တွေ့လုပ်ဆောင်ပြသသွားခဲ့တာပါ။ (ရဟ်မတွလ်လင်လ် အားလမီန်း) ကမ္ဘာ့ဂုရုထာရှင်ပီပီ ကိုယ်တော်သည် မိတ်ဆွေကို မဆိုထားနှင့် ရန်သူကိုပင် အံ့ဩဘွယ်ရာ ထောက်ထားစာနာ သနားကြင်နာခဲ့ရှာသော နဗီရစူလ်ပါ။

အလ္လာဟ်အရှင်မြတ်က “ အသင်တို့၏ထံပါးသို့ အသင်တို့အတွင်းမှပင် နဗီတမန်တော်တစ်ပါးသည် ပွင့်ရောက်၍လာခဲ့ပေပြီ။ ထိုတမန်တော်သည် အသင်တို့၏ “ဒုက္ခ”အား မိမိ၏“ဒုက္ခ”ဟု မှတ်ယူတယ်။ အသင်တို့၏အကျိုးကိုလည်း အထူးပင်လိုလားတယ်။ (အီမာန်) ယုံကြည်သူများကိုတော့ အထူးပင် သနားကြင်နာ မေတ္တာထားတော်မူတယ်။ ” (၉း၁၂၈)

ကျွန်ုပ်တို့၏ ချစ်နဗီရစူလ်ဟာ မိမိရဲ့အွမ္မတ်သားများ အပေါ်မှာ သောကကြီးမားစွာထားတော်မူသည့်အတွက် အရှင်မြတ်က ကျမ်းမြတ်ကုရ်အာန်တွင် ဤသို့ပင်မိန့်မြွက်သတိပေးတော်မူထားပါတယ်။

“အို ဘမန်တော် ထိုသူများ ဤတရားကို မယုံကြည်ကြပါလျှင် အသင်သည်ထိုသူများအပေါ်မှာ သံယောဇဉ်ကြီးမားစွာဖြင့် ကြေကွဲလျက် မိမိ၏အသက်ကိုပင် စွန့်ပစ်လိုက်တော့မည်လော ” (၁၈ း ၆)

(အလ်ဟမ်းဒို့လစ်လ္လာဟ်) ကျွန်ုပ်တို့၏ အရှင်သခင်က ကျွန်ုပ်တို့အား ဤကဲ့သို့သော ကရုဏာရှင်၊ သောကရှင်ရစူလ်သခင်၏ အွမ္မတ်သားများအဖြစ် သဘောတူတော်မူထားခဲ့ပါတယ်။ ကျေးဇူးပြုတော်မူထားခဲ့ပါတယ်။

ကျမ်းမြတ်ကုရ်အာန်တွင် စကားပြောသည့်နေရာမှာ အကောင်းဆုံး၊ အသာဆုံး၊ အမြတ်ဆုံးသောသူမှာ “အလ္လာဟ်ဘက်တော်သို့ဖိတ်ခေါ်တဲ့သူ၊ ကောင်းမြတ်သော အကျင့်သီလဆောက်တည်ခဲ့သူ၊ ကျွန်ုပ်ဟာ မွတ်စ်လင်မ် (အမိန့်နာခံသူပါ)”လို့ ပြောသည့်သူသာလျှင်ဖြစ်တယ်။ အကောင်းနှင့်အဆိုးဟာမတူပါ။ (အဆိုးကို) အပြေပြစ်ဆုံးနည်းနှင့်သာ တုံ့ပြန်ပါ။ သို့ဆိုလျှင် အသင်၏ရန်သူပင် အသင်၏ အလွန်ရင်းနှီးသည့် မိတ်ဆွေကြီးဖြစ်လာလိမ့်မယ်။ ဤစွမ်းရည်သတ္တိက လူတိုင်းမရ၊

ဖွဲ့သတ္တိရှိသော ခံနိုင်ရည်ရှိသော ပုဂ္ဂိုလ်တွေသာရကြတယ်။ ဤကဲ့သို့ စွမ်းရည်သတ္တိရှိသည့်သူဟာလည်း အလွန်ထူးကဲမြင့်မြတ်သော ဆုလာဘ်ကြီးကိုရရှိတဲ့"သူ" ပါပဲ။ (၄၁ း ၃၃-၃၅)

ကျွန်ုပ်တို့၏ ချစ်နဗီရစူလ်မှာ ကုရ်အာန်ကျမ်းမြတ်မှ ဖော်ပြထားသော စွမ်းရည်သတ္တိများကို ရာနှုန်းပြည့်ရရှိခဲ့သူပဲဖြစ်ပါတယ်။ ကိုယ်တော်ဟာ သာမန်ပုဂ္ဂိုလ်ကိုမဆိုထားနှင့် ရန်သူကြီးတွေ၊ ဘုရင်ကြီးတွေ၏ စိတ်နှလုံးသားများကိုပင် ဆွဲဆောင်နိုင်တော်မူခဲ့ပါတယ်။ ကိုယ်တော်ရဲ့ရန်သူတွေဟာ အဆုံးမှာ ကိုယ်တော်ရဲ့မိတ်ဆွေတွေသာ ဖြစ်လာခဲ့ကြပါတယ်။ ကိုယ်တော်သည် ဤကဲ့သို့ မေတ္တာတရားပွားများ၍ အောင်မြင်မှုများစွာတို့ကို ရယူနိုင်ခဲ့သည့် "နဗီတမန်တော်ချုပ်"ပဲဖြစ်တယ်။

ကျွန်ုပ်တို့၏ ချစ်နဗီရစူလ်တမန်တော်ချုပ်သည် ဦးစွာပထမ ဖန်ဆင်းခြင်းကို ခံယူတော်မူခဲ့ရပြီး ဤဒွန္နယာသို့ နောက်ဆုံးမှ ပွင့်ရောက်တော်မူလာခဲ့ပါတယ်။ နဗီများ၏ပွင့်ရောက်လာခြင်းကို အဆုံးသတ်တော်မူသော (ခါတေမွန်နဗီယီးန်) နဗီတမန်တော်ချုပ်ပဲ ဖြစ်ပါတယ်။ ဤနဗီချုပ်၏နောက်တွင် နောက်ထပ်နဗီပွင့်စရာမရှိတော့ပါ။ ဤသာသနာမှာ "ပြီးပြည့်စုံသောအစ္စလာမ်သာသနာကြီး" ဖြစ်ခဲ့ချေပြီ။

ဤနေရာတွင်အလျဉ်းသင့်သဖြင့် အိဗ္ဗရာဟီမ်(အလိုင်ဟစ္စလာမ်) သခင်၏ ဒိုအာဖြင့် ပွင့်ပေါ်လာခဲ့တော်မူသော ကျွန်ုပ်တို့၏ချစ်နဗီရစူလ်၏ ကြိုးပမ်းမှုအကျဉ်းချုပ်အား အနည်းငယ်ရေးသားတင်ပြပါရစေ။

ကိုယ်တော်သည် "ဒီးန်သာသနာတော်"အတွက် ကြီးမားလှစွာသော ဒုက္ခကြီးများကိုခံယူပြီး အစွမ်းကုန်ပင် မိမိ၏အွမ္မတ်အတွက် သောကဖက်လျက် ကြိုးပမ်းလုပ်ဆောင်အနစ်နာခံ၍ သွားတော်မူခဲ့တာ ဖြစ်တယ်။ ထိုကြိုးပမ်းမှုများအပေါ်ဝယ် အရှင်မြတ်က "အောင်မြင်မှု"

သရေဖူကိုဆောင်းပေးတော်မူခဲ့ပါတယ်။ ကိုယ်တော်သည် "မေတ္တာတရား" (မျှတမှုတရား)ကို ရေမှာထားလျက် အယူဝါဒတွေလွဲမှားနေခဲ့ကြသည့်၊ အကျင့်စာရိတ္တတွေ ပျက်ပြားနေခဲ့ကြသည့်၊ ပညာမဲ့နေခဲ့ကြသည့်၊ အလွန်တရာမှရိုင်းစိုင်းနေခဲ့ကြသည့် သူတစ်လူ၊ ငါတစ်မင်းဆိုသကဲ့သို့ မျိုးဂုဏ်မောက်နေခဲ့ကြသည့် လူဘဝ၏အောက်ဆုံး၊ နောက်ဆုံးမှာ ကျရောက်နေခဲ့ကြသည့် အာရပ်တွေအား "ဒီးန်အစ္စလာမ်"ကို သင်ကြား ပေးတော်မူခဲ့ပါတယ်။

"ဒီးန်အစ္စလာမ်"ကို လက်ဝယ်ရရှိခဲ့ကြသည်နှင့် အာရပ်တွေဟာ အံ့သြဖွယ်ရာအမြင်မှန်များရပြီး၊ ပြောင်းလဲ၍လာခဲ့ကြပေတယ်။ ဒီးန်အစ္စလာမ်ကို လက်ခံနာယူကျင့်သုံးလာကြခြင်းအပေါ်မှာ သူမတူအောင်ပင် အကျင့်စာရိတ္တတွေကောင်းမွန်လာခဲ့ပါတယ်။ အလွန်ယဉ်ကျေးသိမ်မွေ့၍ လာခဲ့ကြတယ်။ ပညာရေးကိုလည်း အထူးပဲလိုက်စားလာခဲ့ကြပါတယ်။ စည်းလုံးညီညွတ်မှုတွေလည်း ဖြစ်လာခဲ့ကြတယ်။ မိသားစုစိတ်ဓာတ်မွေးပြီး လူကိုလူလိုသိမြင်ကာ တန်းတူရည်တူဆက်ဆံလာခဲ့ကြတယ်။ အချင်းချင်းမှာလည်း ထောက်ထားစာနာ (အိကံရာမ်)ပြု၍ လေးစားလာခဲ့ကြပါတယ်။

ကိုယ်တော်သခင် မပွင့်ပေါ်ခင်က လူ့ဘဝ၏အောက်ဆုံး၊ နောက်ဆုံးတွင် ရောက်ရှိနေခဲ့ကြသည့် အာရပ်တို့မှာ ဤသို့ဖြင့် လူ့ဘဝ၏ရှေ့ဆုံး၊ အမြင့်ဆုံးသို့ တက်လှမ်းရောက်ရှိသွားခဲ့ပါချေပြီ။ ဤသည် "ဒီးန်သာသနာတော်"အပေါ်လက်ခံလိုက်နာ ကြိုးပမ်းခဲ့ကြခြင်းကြောင့် ရရှိခဲ့သောအောင်မြင်မှု ဆုလာဘ်တော်တွေပဲဖြစ်ပါတယ်။ ယနေ့ကျွန်ုပ်တို့မှာလည်း "ဒီးန်အစ္စလာမ်"၏ အပေါ်တွင် လိုက်နာကြိုးပမ်း

ကြပါလျှင်ဖြင့် ဤခုလာဘ်မျိုး တိုးတက်ပြောင်းလဲမှုမျိုးအား မုချမသွေ ရယူခံစားကြရမှာဖြစ်ပေတယ်။

ကိုယ်တော်သည်တိုတောင်းလှသော သာသနာပြုမှု(၂၃)နှစ်တာ အချိန်ကာလတွင် အာရေဗျပြည်မှာ ဒီးန်သာသာနာကိုသင်ပေး၍ အောင်မြင်စွာဆွဲဆောင်နိုင်ခဲ့တယ်။ အကောင်းဘက်သို့ ပြောင်းလဲမှု များကိုလည်း ပြုလုပ်ကြီးပမ်းပေးနိုင်ခဲ့ပါတယ်။ အနိမ့်ဆုံးကျေးကျွန်မှအစ ဘုရင်အဆုံးပင် အာရပ်တစ်မျိုးသားလုံးအား စစ်မှန်သည့် လူတော် လူကောင်းများဖြစ်လာအောင် ဆွဲဆောင်နိုင်တော်မူခဲ့ပါတယ်။

ထိုကဲ့သို့ ဆွဲဆောင်ပြောင်းလဲရာမှာ သူတစ်စိမ်းသာလျှင်မက မိမိ၏ပတ်ဝန်းကျင်ရှိ သွေးရင်းသားချင်းတို့ကိုလည်း စံပြမွတ်စ်လင်မ်စစ်များ ဖြစ်ကြစေရန် ဆွဲဆောင်ကြိုးပမ်းနိုင်ခဲ့ပါတယ်။

အစ္စလာမ့်သမိုင်းကြောင်းမှာ ကြင်ယာတော် "ခတီဂျာ" သမီးတော် "ဖွာတေမာ"၊ မြေးတော် "ဟစံ-ဟူစိန်"၊ သားမက်တော် "အလီ"၊ ဦးကြီးတော် "ဟမဇား"၊ ယောက္ခမတော် "အဘူဘာကရ်"၊ ကျွန်တော်ရင်း "ဇိုက်ဒ်"စသည့် သခင်-သခင်မတွေဟာ ရာဇဝင်၌ ပြောင်မြောက်ထူးချွန် ခဲ့ကြသည့် "စံပြမွတ်စ်လင်မ်"ကြီးတွေဖြစ်ခဲ့ကြခြင်းသည် ကိုယ်တော် သခင်၏ ကြိုးပမ်းမှုရလဒ်အဖြေအဖြစ် ထင်ရှားပေါ်လွင်၍နေပါတယ်။

ထိုသခင်-သခင်မများသည် အရှင့်အမိန့်တော်နှင့် ရစူလ်သခင်၏ နည်းတွရီကာပေါ်ဝယ် "ဒီးန်အစ္စလာမ်ပေါ်ဝယ်"၊ တစိုက်မတ်မတ်လိုက်နာ ကျင့်သုံးတော်မူခဲ့ကြတာပါ။ ဒီးန်ကိုသင်ယူပြီး ဒီးန်အပေါ်မှာ ကြိုးပမ်း လိုက်နာကြသည်နှင့် အရည်အချင်းများ ဝင်ရောက်ကာ အရည်အသွေး များ (ကိုယ်ကျင့်တရားများ) တောက်ပလာကြ၍ နောင်လာနောက်သား မွတ်စ်လင်မ်များအတွက်(ကျွန်ုပ်တို့အတွက်) ကောင်းကင်ယံထက်

လင်းလက်လျှက်ရှိသော "လမ်းပြကြယ်"များသဖွယ် ကျွန်ုပ်တို့ကို ဦးဆောင်လမ်းပြလျက်ရှိနေပေတယ်။ ကျွန်ုပ်တို့ကလည်း အစ္စလာမ့် ရာဇဝင်မှ စွဟာဘာသာဝကတော်ကြီးများနှင့် ဘိုးဘေးဘီဘင် သူတော်စင် စံပြမွတ်စ်လင်မ်ကြီးများ၏ လျှောက်လှမ်းတော်မူခဲ့ကြသော လမ်းစဉ်အပေါ်မှာ လျှောက်လှမ်းကာ သွားကြရမှာဖြစ်တယ်။ သို့မှသာ အောင်မြင်ကြပေမယ်။

အိမ္မာရာဟီမ်နဗီကြီး ခုပန်တော်မူခဲ့သည့်အတိုင်း ပွင့်ရောက်တော် မူလာခဲ့သည့် နဗီတမန်တော်ချုပ်သည် အရှင်သခင်၏လမ်းညွှန် ကျမ်းတော်မြတ်ကုရ်အာန်ကို ဦးထိပ်ထားပြီး သာသနာ့အသိတရား (အေလင်မ်)ပညာများကို ပေးခဲ့ပါတယ်။ မေတ္တာတရား(မျှတမှုတရား)ကို ရှေ့ဝယ်ထားပြီးတော့လည်း လူသားတို့ကို ကိုယ်ကျင့်တရား စာရိတ္တ ကောင်းများကို ညွှန်ပြသွန်သင်ပေးခဲ့တယ်။ ကိုယ်တိုင်လည်း ဒီနန်သာသနာ အပေါ်မှာ လိုက်နာကြိုးပမ်း၍ စံပြနေထိုင်ကျင့်ကြံတော်မူခဲ့ပါတယ်။ လူသားတို့ကို ရိုင်းရာမှယဉ်အောင်၊ နိမ့်ရာမှမြင့်အောင်၊ အတွင်းအပြင် ဖြူစင်အောင်၊ လူကောင်းများဖြစ်အောင် လူတော် လူမြတ်များဖြစ်အောင် ပြုပြင်ကြိုးပမ်းပေးတော်မူခဲ့ပါတယ်။ ရန်သူကြီးတွေကိုပင် ချစ်မိတ်ဆွေ ဖြစ်လာအောင် ဆွဲဆောင်ကြိုးပန်းတော်မူခဲ့တာဖြစ်တယ်။ ဤသည် ကျွန်ုပ်တို့၏လမ်းပြနဗီ တမန်တော်ချုပ်၏ ဂုဏ်ယူဘွယ်ရာ"စံ"ထား ဘွယ်ရာ သူမတူသော အရည်အချင်းတွေပါ။

ကိုယ်တော်သည်ကား အတူမရှိသောလူသားဖြစ်တယ်။ ဘာသာခြား သုတေသနပညာရှင်များကပင် ဤလူ့ဇမ္ဗူတွင် နံပါတ်(၁) လူသားအဖြစ် ကိုယ့်တော်အား "စံ"ထားဆုံးဖြတ်၍ ရွေးချယ်ခဲ့ကြ

ပါတယ်။ ဤလူကမ္ဘာကို တရားဝင် မှတ်တမ်းတင် ကြေငြာခဲ့ကြတယ်။ ဗဟုသုတယူဖွယ်အဖြစ် ထပ်ဆင့်၍ တင်ပြရမည်ဆိုပါလျှင်…

Cornell University ကျောင်းထွက် New York Law School မှ L.L.B ဘွဲ့ရ Adephi University မှ M.S ဘွဲ့ရ Princeton University မှ Ph-D ဘွဲ့များကိုရယူခဲ့ပြီး ယခု System And Upplied Science Corporation in Riverdale Maryland တွင် သုတေသနပညာရှင်အဖြစ် အမှုထမ်းလျှက်ရှိသော Michael H.Hart ကခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်ကို မျက်ခြေမပြတ် လေ့လာသုံးသပ် သုတေသနပြုပြီး (ဇမ္ဗူတစ်လူ)လူသားအား အောက်ပါ အတိုင်း "စံ" ထား၍ ရွေးချယ်ခဲ့ပါတယ်။

၁။ လူပုဂ္ဂိုလ်မျိုးစုံအနက်မှ လောကီ/လောကုတ္တရာ ပရိသတ်တွင် အစုအစီးအများဆုံးသော "လူ"။

၂။ လူသားတို့အား အကျိုးပြုသော အတွေးအခေါ်စိတ်ပိုင်းဆိုင်ရာတို့တွင် အထူးခြားဆုံးအောင်မြင်ခဲ့သော "လူ"။

၃။ လူတို့၏နေ့စဉ်နေထိုင်သော ဘဝလမ်းကြောင်းအပါအဝင် ယုံကြည်မှုနှင့် နိုင်ငံအုပ်ချုပ်ရေးတို့မှာလည်း မည်သူမှမယှဉ်နိုင်အောင်ပင် ကောင်းမွန်အောင်မြင်ခဲ့သော "လူ"။

၄။ လူသမိုင်းတွင် သြဇာတိက္ကမ အရှိဆုံးသော "လူ"။

စသည့် အချက်အလက်များကို "စံ" ထား၍ (၁၉၇၀) ပြည့်နှစ်တွင် လူပေါင်း(၁၀၀)အား ပဏာမရွေးထုတ်ပြီးလျှင် အထူးခြားဆုံး၊ အကျော်ကြားဆုံး၊ ကြီးကျယ်မြင့်မြတ်ဆုံးသော လူသားများအဖြစ် (ကျော်စွာ-၁၀၀)ဟု အမည်ပေးကာ ရွေးချယ်ခဲ့ကြပါတယ်။

ထိုရွေးချယ်ထားပြီးသော လက်ရွေးစင်လူသား(ကျော်စွာ-၁၀၀) အနက်မှ (၁၉၉၂)ခုနှစ်တွင် "မုဟမ္မဒ်"(စွလေလ္လာဟုအလိုင်းဟေဝဆလာမ်) သခင်အား ကျော်စွာနံပါတ်(၁)၊ "ဇမ္ဗူတစ်လူ"အဖြစ် ရွေးချယ်ခဲ့ကြပြီးလျှင် တရားဝင်မှတ်တမ်းတင်ကာ ဤလူကမ္ဘာမှာကြေငြာခဲ့ကြပါတယ်။

ဤကဲ့သို့လူသားဘို့တွင် အထွဋ်အထိပ်ဖြစ်တော်မူသော အတုမရှိ ရစူလ်သခင်၏ နောက်လိုက်အွမ္မတ်သားများဖြစ်ရခြင်းအတွက် ကျွန်ုပ်တို့မှာ ဝမ်းမြောက်ဝမ်းသာစွာဖြင့် အလ္လာဟ်အသျှင်မြတ်အပေါ်တွင် (အလ်ဟမ်းဒိုလစ်လ္လာဟ်)ဖတ်၍ ကျေးဇူးတော်အမြောက်အများပင် တင်ရှိကြရမှာဖြစ်ပါတယ်။

ရေနဲ့ဆောင်အေမာမ်နဗီသခင်၏ မြင့်မြတ်မှုအပေါ်မှာ နောက်လိုက်သား အွမ္မတ်များ ကျွန်ုပ်တို့မှာလည်း မွန်မြတ်ခဲ့ကြလေပြီ၊ မွန်မြတ်သည့် အွမ္မတ်သားသမီးများပီပီ မိမိတို့၏အတွင်းအပြင် ကိုယ်ကျင့်တရားများကို မွန်မြတ်ထူးကဲအောင် အမလ်ပြုကြိုးပမ်းသွားကြရမည်မှာလည်း ကျွန်ုပ်တို့၏ သမိုင်းပေးတာဝန်တစ်ရပ်ပင်ဖြစ်ပေတယ်။

ထို့ကြောင့် ကျွန်ုပ်တို့မှာ အိဗ္ဗရာဟီမ်နဗီကြီးမိသားစု၏ "ချစ်စံနမူ" (တနည်းအားဖြင့်) "အရှင့်အမိန့်နာခံမှု"ပုံစံမျိုးအား ရှေ့ဝယ်မှာ ထားပြီး ချစ်ရစူလ်သခင်ပြသသွားခဲ့သည့် ကိုယ်ကျင့်တရား နည်းတွင်ရီကာ များအပေါ်တွင် လိုက်နာကြိုးပမ်း၍ သွားကြရမည်သာလျှင်ဖြစ်ပေတယ်။

သို့မှသာအောင်မြင်ကြပေမည်။

"အို…အရှင် (လာအေလာဟ အစ်လောလ္လာဟို မိုဟမ္မဒွရ် ရစူလွလ္လာဟ်) ကလေမာဟ်တော်သစ္စာစကား အမှန်တရား၏အပေါ်တွင် သေထိတိုင် တည်ကြည်နိုင်မြဲစွာ ရပ်တည်ကြိုးပမ်းသွားနိုင်သည့်

(တောင်ဖိက် စွမ်းအား) အကြောင်းညီညွှတ်မှုများကို ဤအွမှတ်သား အားလုံးတို့၏အပေါ်မှာ ချီးမြှင့်ပေးသနားတော်မူပါအရှင်" (အာမီန်း)

ဤချစ်စံနမူစာစဉ်ကို အချစ်နှင့်ပတ်သက်သော အကြောင်း အရာနှစ်ရပ်ဖြင့် ထပ်ဆင့်မွမ်းမံအပ်ပါတယ်။

မတ်စ်နဗဝီကျမ်းရှင် မောင်လာနာရူမီ(ရဟ်မတွလ္လာဟ်) သခင်ကြီးက အချစ်နှင့်ပတ်သက်သော အကြောင်းအရာတစ်ခုအား ဤသို့ရေးသားပြုစုခဲ့တယ်။

တစ်နေ့လူတစ်ယောက်က ချောမောလှပသည့် မိန်းကလေး တစ်ယောက်ကို ချစ်ရေးဆိုခဲ့တယ်။ သူ့အနေနဲ့မိန်းကလေးအပေါ်မှာ မည်မျှမည်မျှ ချစ်ခင်စွဲလမ်းရပါကြောင်းကို ရင်ဖွင့်ကာတင်ပြခဲ့တယ်။ မိန်းကလေးကလည်း မိမိ၏ဘဝတစ်ခုလုံးကိုပုံအပ်၍ ခရီးဆုံးထိအောင် လက်တွဲရမယ့်သူဖြစ်လေတော့ စဉ်းစဉ်းစားစားနဲ့ ယခုကဲ့သို့ ထိုးထွင်း ဉာဏ်ကိုသုံးကာ စမ်းသပ်ခဲ့ပါတယ်။

"ရှင်က ကျွန်မကိုချစ်နေတယ်နော်။ ဒါပေမယ့်ကျွန်မရဲ့ညီမက ကျွန်မထက်ပိုပြီး ချောမောလှပပါတယ်။ ယခုသူမဟာ ရှင့်ရဲ့နောက် ဘက်မှာ ရောက်နေပါတယ်" ပြောလိုက်တဲ့အခါမှာ ထိုလူဟာ ချာကနဲ နောက်ဘက်ကို လှည့်ပြန်လှည့်ကြည့်လိုက်ပါတယ်။

အမှန်တကယ်မှာ သူမ၏ညီမရောက်လာနေတာမဟုတ်ပါ။ ထိုလူ့အာရုံဟာ သူမရဲ့အပေါ်မှာ တည်တံ့ခိုင်မြဲမှု ရှိ/မရှိဆိုတာ မိန်းကလေးက အမြော်အမြင် (ထိုးထွင်းဉာဏ်)သုံး၍ ရုတ်တရက် စမ်းသပ်ခဲ့ခြင်းသာလျှင်ဖြစ်တယ်။ ထိုလူနောက်ဘက်ကို လှည့်ကြည့် လိုက်တာနဲ့ တပြိုင်နက် မိန်းကလေးက ထိုလူကို လက်ညှိုးငေါက်ငေါက် ထိုးကာ ပိုးစိုးပက်စက်ပြောလိုက်ပါတယ်။

"ရှင်ဟာ လူလိမ်လူညာတစ်ယောက်ပဲ သစ္စာမရှိတဲ့သူ (မှန်ကန်မှုမရှိတဲ့သူ)ဖြစ်တယ်။ ခုပဲကျွန်မကိုချစ်ပါတယ်။ စွဲလန်းပါတယ်လို့ပြောခဲ့တယ်။ ကျွန်မထက်ပိုလှတဲ့၊ ပိုချောတဲ့ညီမ ရောက်နေတယ်ဆိုတော့လည်း ရှင်ဟာ ချာကနဲ နောက်ဘက်ကို လှည့်ကြည့်ခဲ့တယ်နော်။ ဒါဟာ မမှန်ကန်သူတို့ရဲ့လုပ်ရပ်ဖြစ်တယ်။ အချစ်ဆိုတာ သစ္စာရှိမှ၊ တည်တံ့ခိုင်မြဲမှ အချစ်စစ်မည်ပေတယ်။" လို့ပြောဆိုကာ သစ္စာမရှိ (မှန်ကန်မှုမရှိ)သော ထိုလူသားကို ကျောခိုင်း၍စွန့်ခွာသွားခဲ့တယ်။

မော်လာနာ ရူမီသခင်က ဤအကြောင်းအရာကို ရေးသားတင်ပြခြင်းက စာဖတ်သူတို့အား မည်သည့်ရည်ရွယ်ချက်နှင့် မည်သည့်အရာကို တင်ပြချင်၊ သိစေချင်ပါသနည်း ဆိုသည်ကို ကျွန်ုပ်တို့ စဉ်းစားဆင်ခြင်သုံးသပ်၍ ကြည့်ကြပါလျှင်...

ဖန်ဆင်းရှင် အလ္လာဟ်၊ ရိဇ်ဇီရိကျွာပိုင်ရှင် အလ္လာဟ်၊ စိုးပိုင်ရှင် အလ္လာဟ်အသျှင်မြတ်၏ အပေါ်တွင် အီမာန်တည် ယုံကြည်ပြီးသည့်နောက်တွင် နောက်ထပ်အရှင်သခင်သစ်ကို မရှာကြရန်။ "အချစ်သစ်" မရှာကြပါရန် မော်လာနာဆပ်ကြီးက ရည်ရွယ်ရင်းဖြစ်တယ်။ (တောင်ဟီးဒ်)ကိုလမ်းညွှန်ထားတာပါ။

"အလ္လာဟ်"ကို လက်ခံယုံကြည် အီမာန်တည်ပြီးသည့်နောက်မှာ အနှိုင်းမဲ့အရှင် "အလ္လာဟ်" နှင့် မည်သူ၊ မည်သည့်အရာကိုမှ (ရှရ်စ်က်) ပြု နှိုင်းပြိုင်တုဖက်မှု မပြုမိကြစေရန်နှင့် (တောင်ဟီးဒ်) တစ်ဆူတည်းသော"အလ္လာဟ်အသျှင်မြတ်"ကိုသာလျှင် စွဲမြဲစွာခဝပ်ပြု ဆည်းကပ်၍ ကိုးကွယ်ကြပါရန် မော်လာနာက ရည်သန်ရေးသားခဲ့တာပါ။

ထို့ကြောင့် "အလ္လာဟ်"ကိုရထားပြီးသည့်နောက်မှာ ဘယ်ဒါရ်ဂါ၊ ဘယ်ညောင်ပင်၊ ဘယ်ဗေဒင်ဆရာတို့၏ထံကိုမှမသွားကြပါနှင့်။ မည်သူ မည်သည့်အရာ မည်သည့်သာသနာကိုမှ အားကိုးသမှုဖြင့် လှည့်၍ပင် မကြည့်မိကြပါစေနှင့်။

ထိုသို့သောသူများကို "အလ္လာဟ်အသျှင်မြတ်"က မလိုလား။ "ဒီးန်အစ္စလာမ်"အဖြစ်မှ စွန့်ပစ်ခြင်းကို ခံကြရမည်ဖြစ်ကြောင်း သာသနာ့ အသိတရားများနှင့် "သတိ"ထားကြစေလိုပါတယ်။

မတ်စ်နဝီကျမ်းရှင် မော်လာနာရူမီသခင်ကြီးက ဤလောကဠ ဖြစ်လေ့ဖြစ်ထရှိတတ်သော အကြောင်းအရာလေးတစ်ခုအား ပမာတင်ထား၍ "တောင်ဟီးဒ်"တစ်ဆူတည်းမှ လွဲဖယ်၍မသွားမိကြစေရန်အတွက် အီမာန်ရှင်တို့အား မယိမ်းမယိုင်သစ္စာခိုင်အောင် လမ်းညွှန်ပြသထားသည့် အလွန်အဆင့်မြင့်မားသော ရေးသားတင်ပြမှုပဲဖြစ်ပါတယ်။

အချစ်နှင့်ပတ်သက်သည့် နောက်ထပ်အကြောင်းအရာမှာ တစ်နေ့သောအခါ "ဂျိုနိုက်ဘဂ်ဒါဒီ"ဝလီသူတော်စင်ကြီး၏ ထံတော်ပါးသို့ အမျိုးသမီးတစ်ယောက်က ရောက်ရှိလာခဲ့ပါတယ်။ အကြောင်းကတော့ သူမရဲ့ခင်ပွန်းနဲ့ပတ်သက်ပြီး တိုင်တန်းရန်ရောက်လာခဲ့ခြင်းဖြစ်တယ်။ အမျိုးသမီးသည် (ပါရ်ဒါ)အပြည့်နှင့်၊ မျက်နှာကိုလည်း (နေကာဗ်)ပြု ဖုံးအုပ်ထားတာဖြစ်ပါတယ်။

ထိုအမျိုးသမီးက သူမ၏ခင်ပွန်းမှာ နောက်အိမ်ထောင်ပြုရန် စီစဉ်နေပါကြောင်းကို သူတော်စင်ကြီးအား ပြောပြတိုင်တန်းခဲ့ပါတယ်။ သူတော်စင် ဂျိုနိုက်သခင်ကလည်း ရှရီအတ်တရားတော်တွင် အမျိုးသား တို့အတွက် မဟာရ်(စားစရိတ်)နှင့်တကွ ဇနီးမယားများကို သာတူညီမျှ

ထားနိုင်ကြပါလျှင် (ဒုတိယ၊ တတိယ၊ စတုတ္ထ)စသည်ဖြင့် နောက်ထပ်နေကာဟ်များကို ပြုလုပ်ခွင့်ပေးထားပြီးဖြစ်ခြင်းကြောင့် သူမအနေနှင့် စွဗရ်တရားရေဝယ်ထားပြီး နေထိုင်သွားပါရန် ထိုစွဗရ်၏အစား မုချပင် အရှင်မြတ်ထံတော်ပါးမှ အကျိုးဆဝါးဗ်များကို ရရှိမည်ဖြစ်ကြောင်းကို အမျိုးသမီးအားပြောပြ၍ တရားပြနှစ်သိမ့်ခဲ့ပါတယ်။

ထိုအခါ အမျိုးသမီးကစကားရပ်အချို့အား သူတော်စင်ကို ပြန်လည်ဖြေကြားပြောဆိုခဲ့ပါတယ်။ အမျိုးသမီး၏ စကားရပ်များ အပေါ်တွင် သူတော်စင်မှာ သတိလစ်မေ့မျော၍ပင် သွားခဲ့ပါတော့တယ်။

"သူတော်စင်ကြီးရှင့် အကယ်၍သာ ကျွန်မအနေနဲ့ မျက်နှာပေါ်မှာ ဖုံးအုပ်ထားတဲ့ နေကာဗ်ကိုဖွင့်လှစ်ပြသ၍ ကျွန်မ၏အလှအား သူတော်စင်ကြီးမှ ရှုမြင်ရပါလျှင် ကျွန်မကိုယခုကဲ့သို့ တရားချနှစ်သိမ့်လိမ့်မည်မဟုတ်ဘဲ "ဤရုပ်ဤမျှချောမောလှပသော အမျိုးသမီးတစ်ယောက်ကို ရရှိထားလျက်နှင့် နောက်ထပ်နေကာဟ်အတွက် စိစဉ်နေသော ကျွန်မ၏ ခင်ပွန်းလင်သည်သာ မှားယွင်းကြောင်းကို" မုချပင်အပြစ်တင်မှာ ဖြစ်ပါတယ်"ဟုပြောဆိုကာ လာလမ်းအတိုင်းပြန်သွားခဲ့တယ်။

ထိုစကားရပ်များကြောင့် ဂျုနိုက်သ်ဘဂ်ဒါဒီသူတော်စင်မှာ သတိလစ်၍ သွားခဲ့ပါတယ်။ အနီးအနားမှာရှိနေသည့် တပည့်ဖြစ်သူက သူတော်စင်ကြီး သတိရလာသောအခါ "ဆရာကြီးခင်ဗျား အမျိုးသမီး၏ အလှကိုပင် မမြင်ရသေးပါဘဲလျက် ပြောပြရုံဖြင့်ပင် သတိလက်လွှတ်ဖြစ်သွားခဲ့ရပါသလော"ဟု သူတော်စင်ကြီး၏ အခြေအနေမှန်နှင့် မြင့်မားမှုအဆင့်အတန်းကိုနားမလည်ဘဲ အံ့သြကြီးစွာနဲ့မေးမြန်းခဲ့တယ်။

ထိုအခါ သူတော်စင်ကြီးက "ငါ၏သတိလစ်ခြင်းမှာ ထိုသူမ၏ အလှအပနှင့် မည်သို့မှုမပတ်သက်ပေ။ သို့ရာတွင် အမျိုးသမီးက

သူမ၏အလုအပပေါ်တွင် အလွန်ယုံကြည်အားကိုးစွာဖြင့် ပြောကြားခဲ့သော စကားရပ်များအပေါ်မှာ ကျွန်ုပ်သည် မိမိ၏"အရှင်သခင်"အား သတိရသွားစေခဲ့ပါတယ်။

မိမိကိုအဆင့်ဆင့်ပြုစုပျိုးထောင် မွေးမြူဖန်ဆင်းတော်မူသည့်"အရှင်"၊ သန္ဓေသားဘဝမှ ယခုထိတိုင် ကျွေးမွေးစောင့်ရှောက်တော်မူသည့်"အရှင်"၊ သေထိတိုင် ရိဇ္ဇိရိကျွာပေးတော်မူမည့်"အရှင်"၊ ကျွန်ုပ်တို့၏ ဤဘဝ၊ နောင်ဘဝအား စိုးမိုးထားတော်မူသည့်"အရှင်"ကို ငါရဲ့အာရုံမှာ ပေါ်လွင်စွာမြင်ယောင်လာခဲ့ပြီး ငါ၏နှလုံးအိမ်တွင်းမှာ လွန်မင်းစွာခံစားထိခိုက်ခြင်းဖြင့် သတိလစ်မေ့မျော၍ သွားခဲ့ရခြင်းဖြစ်ပေတယ်။

"ထိုအမျိုးသမီးပြောသကဲ့သို့ပင် ကျွန်ုပ်တို့အတွက် ပြည့်စုံလုံလောက်တော်မူသော "အလ္လာဟ်အရှင်"မြတ်ကို လက်ဝယ်ရရှိထားပါလျက် ထပ်မံ၍အားကိုးရာရှာဖွေခြင်း၊ ဖန်ဆင်းရှင်(အလ္လာဟ်)ကိုထားပြီး အခြားသောအဖန် ဆင်းခံများအပေါ်တွင် စိတ်စွဲလန်းအာရုံဝင်နေကြခြင်း၊ ထပ်မံ၍အရှင်သခင်အသစ်ကို ရှာဖွေနေကြခြင်းများမှာ လုံးဝမှားယွင်း၍ မပြုအပ်ပါကြောင်းကို ထိုအမျိုးသမီး၏စကားရပ်များက ညွှန်ပြနေပါတယ်။ ထိုစကားရပ်များအပေါ်တွင် တွေးမြင်ဆင်ခြင်သုံးသပ်မိပြီး သတိလစ်မေ့မျော၍ သွားခဲ့ရခြင်းဖြစ်တယ်"ဟု တပည့်ဖြစ်သူကိုရှင်းပြခဲ့ပါတယ်။

ဝလီသူတော်စင်တို့မည်သည်မှာ မိမိတို့၏ရှေ့မှောက်၌ ဖြစ်ပျက်နေသည့် အခြေအနေအရပ်ရပ်တိုင်းတွင် မိမိအရှင်သခင်၏အပေါ်မှာ ထားရှိသော ချစ်စိတ်၊ စွဲလန်းစိတ်တို့ဖြင့်သာလျှင် စဉ်းစားတွေးခေါ်နိုင်းယှဉ်သုံးသပ်ပြီး တရားသံဝေဂ ရယူလေ့ရှိတတ်ကြပါတယ်။ သူတော်စင်တို့၏ စဉ်းစားတွေးခေါ်မှု၊ ပြောဆိုမှု၊ ပြုမူလုပ်ကိုင်ဆောင်ရွက်မှု

အားလုံးတို့မှာ အရှင်မြတ်အတွက်သာလျှင် ဖြစ်ကြပါတယ်။ အရှင်မြတ်၏ အချစ်တော်ဝလီများ၏ အဆင့်သည်ကား ဤကဲ့သို့မြင့်မားလှပါပေတယ်။ ကြုံလာကြရတဲ့ အခြေအနေတိုင်းကိုလည်း တရားသံဝေဂနဲ့ပဲ ရှုမြင်တတ်ကြတယ်။ ဤသည် ဝလီသူတော်စင်တို့၏ ဓလေ့ပဲဖြစ်ပါတယ်။ ဝလီများနှင့် သာမန်လူတို့၏အဆင့်မှာ ကွာခြားလှပြီး အကြည့်ခြင်းလည်းမတူ၊ အမြင်ခြင်းလည်းမတူ၊ စဉ်းစားတွေးခေါ်သုံးသပ်ချင်းမှာလည်း မတူညီနိုင်ကြသည့်အတွက် "ရလဒ်"ချင်းမှာလည်း လုံးဝတူညီနိုင်ကြလိမ့်မည်မဟုတ်ပါလေ။

စာရှုသူတို့ ဂျိုနိုက်သ်ဘာဂ်ဒါဒီ ဝလီသူတော်စင်ကြီး၏ စဉ်းစားသိမြင် သုံးသပ်ချက်ကဲ့သို့ပင် အလ္လာဟ်အရှင်မြတ်ထက် အခြားအရာများအပေါ်မှာ ပိုမိုချစ်ခင်စွဲလန်းခြင်းမျိုး၊ အရှင်မြတ်ထက် အခြားအရာများအပေါ်မှာ အားကိုးအားထားပြုခြင်းမျိုး၊ ခဝပ်ကိုးကွယ်ခြင်းမျိုး၊ အရှင်မြတ်စွမ်းသကဲ့သို့ အခြားအရာများကိုလည်း စွမ်းနိုင်သည်ဟု ထင်မှတ်ယုံကြည်ခြင်းမျိုး၊ စသည်(စသည်)များသည် လုံးဝမှားယွင်းကြောင်း ကျွန်ုပ်တို့မှ သိမြင်နားလည်ထားကြရပေမယ်။ ဤသည်အဆင့်မြင့်သော ဝလီသူတော်စင်တို့၏ တန်ဘိုးရှိလှသည့် စဉ်းစားတွေးခေါ်မှုတွေ၊ ခံစားသိမြင်မှုတွေက ရရှိလာခဲ့သော "အဘိုးတန်ရလဒ်"များပဲဖြစ်ပါတယ်။

စာရှုသူတို့… အလ္လာဟ်အရှင်မြတ်ကို ချစ်မြတ်နိုးကြသည့် အချစ်တော် ဝလီသူတော်စင်တို့၏ "ချစ်သူတို့လျှောက်လှမ်းသောလမ်း"ကို သင်သည်လည်း လျှောက်လှမ်းချင်ပါတယ်ဆိုလျှင် ထိုသူတော်စင်များ၏ အတွေးအခေါ်၊ အရေးအသား၊ ခံစားမှုများ၊ အတ္ထုပ္ပတ္တိများကို များစွာလေ့လာရှာဖွေ ဖတ်ရှုကြရဦးမှာဖြစ်ပါတယ်။

အိဗ္ဗရာဟီမ်(အလိုင်ဟာစ္စလာမ်) သခင်ကြီး၏ အမိန့်နာခံမှုများ အပေါ်ဝယ် အရှင်မြတ်က (ခလီလွလ္လာဟ်) "အရှင့်ချစ်မိတ်ဆွေ"ဟူသော ဘွဲ့နာမကို ပေးအပ်ချီးမြှင့်တော်မူခဲ့ပါတယ်။ ထိုအခါ ကောင်းကင်ယံထက် (အရရှ်)တော်၏ပတ်လည် ဖရစ်ရှ်တာများ၏ ဝန်းကျင်တစ်ခွင်မှာ (အိဗ္ဗရာဟီမ့်ခလီလွလ္လာဟ်)ဆိုသည့် အသံများကဘာဝင်ည်နေခဲ့တယ်။ ထိုအသံနဲ့ပတ်သက်ပြီး ဖရစ်ရှ်တာကောင်းကင်တမန်တော်များက အံ့သြကြီးစွာနှင့် အရှင်မြတ်ထံတော်မှာ လျှောက်မေးခဲ့ကြပါတယ်။

အရှင်မြတ်က (အိဗ္ဗရာဟီမ်သည် ငါအရှင်မြတ်၏ ကျေးကျွန် နဗီတမန်တော်တစ်ပါးဖြစ်၍ ငါအရှင်မြတ်၏ စမ်းသပ်မှုအရပ်ရပ်တိုင်းမှာ ကြံ့ခိုင်မှုနှင့်အတူ အောင်မြင်မှုရရှိခဲ့ပြီးဖြစ်ကြောင်း ထို့အတွက်(ခလီလွလ္လာဟ်) ငါအရှင်မြတ်၏ချစ်မိတ်ဆွေဟူသော ဘွဲ့နာမကို ချီးမြှင့် ပေးအပ်တော်မူခဲ့ကြောင်း အိဗ္ဗရာဟီမ်သည် ငါအရှင်ချီးမြှင့်တော်မူသော ဘွဲ့နာမနှင့် ညီ/ညီမကို သင်တို့မှလည်းစမ်းသပ်နိုင်ကြောင်း)ကို မိန့်တော်မူခဲ့ပါတယ်။

ဖရစ်ရှ်တာဟ် ကောင်းကင်တမန်တစ်ပါးက အိဗ္ဗရာဟီမ်နဗီ သခင်ကို စမ်းသပ်ရန် လူယောင်ဆောင်ပြီး နဗီကြီး သိုး/ဆိတ်ကျောင်းရာ တောထဲရှိ သစ်ပင်ကြီးတစ်ပင်အောက်မှာထိုင်လျက် မနီးမဝေးရှိ နဗီကြီး ကြားစေရန် "အလ္လာဟ်"ဟူသော အရှင်မြတ်၏နာမံတော်ကို အလွန်တရာ ချိုသာစွာဖြင့်တ,သခဲ့ပါတယ်။

သာယာချိုမြလှသည့် ဖရစ်ရှ်တာ၏ တ,သသံကို ကြားနာရတဲ့ အိဗ္ဗရာဟီမ်(အလိုင်ဟာစ္စလာမ်)သခင်ဟာ မိမိ၏"ချစ်သူ"(အလ္လာဟ်အရှင်မြတ်) နာမံတော်အား ကြားနာလိုက်ရသည်နှင့် ချစ်ဇောအဟုန်နှင့်နှလုံးသား မှာ လိုက်လှဲစွာခံစားရပြီး မူးမေ့မတတ်ဖြစ်သွားခဲ့ရတယ်။ နဗီကြီး၏

အရှင်သခင့်အပေါ်မှာထားရှိတဲ့ "အချစ်"ကတော့ဖြင့် ထူးခြားဆန်းကျယ် အံ့ဩဖွယ်ရာပါပဲ။

နမီကြီးက မိမိ"ချစ်သူ"ရဲ့နာမံတော်ကို တ,သသောအသံရှင်ကို ရှာဖွေလိုက်တော့ သစ်ပင်အောက်က တသသူအသံရှင်ကို တွေ့မြင်ခဲ့ရပါတယ်။ မေးမြန်းကြည့်ခဲ့တယ်။

"ကျွန်ုပ်ချစ်သူ၏ နာမံတော်ကို အသင်တသလိုက်သည်လား။" လူယောင်ဆောင်ထားသည့် ဖရစ်ရှိတာဟ်ကဟုတ်မှန်ကြောင်းဖြေတဲ့အခါ နမီကြီးက"ကျွန်ုပ်ချစ်သူရဲ့နာမံတော်ကို နောက်တစ်ကြိမ်ထပ်မံ၍ တသပေးပါ"ဟု ရိုကျိုးစွာပန်ကြားရာတယ်။

ဖရစ်ရှိတာဟ်က (တ,သရင်ဘာပေးမလဲ)ဟု အပေးအယူ သဘောမျိုးပြောခဲ့တယ်။ နမီကြီးက (အရှင့်နာမံတော် ကြားနာရန် အတွက်) သူပိုင်တဲ့သိုးတွေ၊ ဆိတ်တွေကို လက်ညှိုးညွှန်ပြပြီး သိမ်းပိုက်ပါရန် ပန်ကြားခဲ့တယ်။

အံ့ဩဖွယ်ရာပါပဲ နမီကြီးဟာ မိမိချစ်သူ (အရှင်သခင်)၏ နာမံတော်ကို ကြားနာရရန် သူပိုင်ဆိုင်သည့်ပစ္စည်းများကို ပေးအပ်စွန့် လွှတ်ခဲ့ပါတယ်။ နမီကြီး၏တောင်းဆိုမှုဖြင့် ဖရစ်ရှိတာက အလ္လာဟ့် နာမံတော်ကို အလွန်ချိုသာစွာနဲ့တလိုက်ပြန်ပါတယ်။ ချစ်သူ၏နာမံတော် ကို ကြားနာရပြီး နမီကြီးခမျာမှာ ကြည်နူးမှုပီတိအဟုန်နှင့် သတိလစ် မေ့တတ်ဖြစ်သွားခဲ့ရှာတယ်။

ဤသို့ချစ်သူ၏ နာမံတော်ကြားရခြင်းအပေါ်မှာ နမီကြီးသည် နားဝင်ချိုမြ၍ အရသာရှိလွန်းလှသောကြောင့် မတင်းတိမ်မရောင့်ရဲနိုင်ရှာတဲ့ ထပ်မံ၍ တ,သပေးပါရန် ဖရစ်ရှိတာဟ်ရဲ့ထံမှာ တောင်းဆိုပြန်ပါတယ်။ (ဘာပေးဦးမလဲ)ဟု ဖရစ်ရှိတာဟ်ကမေးပြန်တယ်။ နမီကြီးကလည်း

ခန္ဓာကိုယ်ပေါ်က အဝတ်အထည်တွေပြပြီး (ဒီအဝတ်တွေကိုရယူပါ) လို့ပေးအပ်ပြန်တယ်။ ဒီတော့လည်း ဖရစ်ရှိတာက အရှင့်နာမံတော်ကို အလွန်ချီမြှသာယာစွာနဲ့ တ,သခဲ့ပြန်ပါတယ်။

ချစ်သူ၏နာမံတော်ကို ကြားလိုက်ရသော နဗီကြီးမှာ အရသာရှိမှု အထွင့်အထိပ်ထိခံစားရကာ သတိလစ်မေ့မျောမှုနီးပါးဖြစ်သွားခဲ့ပါတယ်။ ဒီတော့အားမရ၊ မတင်းတိမ်နိုင်ပြန်တော့ ထပ်မံ၍တောင်းဆိုမိပြန်တယ်။ (နောက်တစ်ကြိမ်တသပေးပါဦး)။ ဖရစ်ရှိတာဟ်ကလည်းမေးပြန်တယ်၊ (အသင့်သိုးတွေဆိတ်တွေလည်းကုန်ပြီ အဝတ်အထည်တွေလည်းကုန်ပြီ တသမှုအတွက် နောက်ထပ်အသင့် ဘာပေးမည်နည်း) နဗီကြီးက "ကျွန်ုပ်၏ ခန္ဓာကိုယ်အားပေးအပ်ပါမည်။ ကျွန်ုပ်ကို ကျွန်ပြုပါ၊ သို့ရာတွင် "အရှင့်နာမံတော်"အား နောက်ထပ်တစ်ကြိမ်ထပ်မံ၍ တသပေးပါ") ခယ,တောင်းပန်ပြန်တယ်။

မည်မျှအံ့သြဖွယ်ရာ ဖြစ်ပါဘိသနည်း။ မိမိအရှင်သခင်၏ နာမံတော်အား တစ်ကြိမ်ကြားနာရမှုအတွက် နဗီကြီးက မိမိ၏ကိုယ်ခန္ဓာအား ကျွန်ပြုရန်အပ်နှံခဲ့လေတယ်။ အရှင်သခင်၏အပေါ်တွင် ထားရှိခဲ့လေသော ထိုနဗီကြီး၏ "အချစ်"က ကျွန်ုပ်တို့အတွက် "စံ" နမူနာယူဖွယ်ဖြစ်ခဲ့လေပြီ။

ဖရစ်ရှိတာဟ်က နောက်တစ်ကြိမ်ထပ်မံ တသခဲ့လေရာ နဗီကြီးမှာ မူးမေ့မတတ် အရသာကြီးစွာခံစားရင်း မိမိ၏ခန္ဓာကိုယ်အား ကျွန်ပြုရန် ကတိအတိုင်းအပ်နှင်းခဲ့လေတယ်။ ဖရစ်ရှိတာဟ်က အစမှအဆုံးတိုင် အကျိုးအကြောင်းကို ပြန်လည်တင်ပြပြောဆိုခဲ့တယ်။ (သူသည်လူသားစင်စစ် မဟုတ်ကြောင်း ဖရစ်ရှိတာဟ် ကောင်းကင် တမန်တစ်ပါးဖြစ်ကြောင်း၊ ကောင်းကင်ယံထက် ဘဝဂ်ည်နေအောင်

ကြွေးကြော်ခြင်းကို ခံနေရသော (အိဗ္ဗရာဟီမ်ခလီလွလ္လာဟ်) "အီဗရာဟီမ်သည် အရှင်မြတ်၏ချစ်မိတ်ဆွေ" ဟူသော ဘွဲ့နာမအတွက် ထိုက်တန်/မထိုက်တန်ကို စမ်းသပ်လိုပါက သွားရောက်စမ်းသပ်ပါ ဟူသည့် အရှင်မြတ်၏အမိန့်တော်မြတ်အရ လာရောက်၍စမ်းသပ် ရပါကြောင်း အမှန်တကယ်ပင် အိဗ္ဗရာဟီမ်(အလိုင်ဟစ္စလာမ်) သခင်မှာ (ခလီလွလ္လာဟ်) "အလ္လာဟ်၏ချစ်မိတ်ဆွေ"ဟူသော ဘွဲ့နာမနှင့် လျော်ညီ ထိုက်တန်ပါကြောင်း)ကို ချီးကျူးစကားပြောကြားပြီးလျှင် နဗီကြီး၏ ပစ္စည်းများကို ပြန်လည်ပေးအပ်၍ ကောင်းကင်ယံထက်သို့ ပြန်တက်ကာသွားခဲ့ပါတယ်။

အိဗ္ဗရာဟီမ်(အလိုင်ဟစ္စလာမ်) သခင်ကြီး၏ "အရှင်သခင်" အပေါ်တွင်ထားရှိခဲ့သော "အချစ်"က ထူးခြားဆန်းကျယ်၍ အံ့သြဖွယ်ရာ ပါဘဲ။ ချစ်သူ၏နာမံတော်အား ကြားနာရရန်အတွက် အရာရာကို စွန့်လွှတ်စတေးရဲခဲ့ပါတယ်။

နဗီကြီးသည် အလ္လာဟ့်ကိုရရန်တစ်နည်း၊ အလ္လာဟ်၏နှစ်သက်မှုကိုရရန်တစ်နည်း၊ "ချစ်သူ၏အချစ်"ကိုရရန် အရာအားလုံးကို စွန့်လွှတ်စတေးရဲခဲ့ပါတယ်။

အလားတူဖြစ်ရပ်လေးတစ်ခုကိုလည်း မှတ်သားခဲ့ရဖူးပေ၏။ ထပ်ဆင့် လက်ကမ်းရမည်ဆိုပါသော် -

အစ္စလာမ့်ရာဇဝင်၌ ဟာရွန်ရရှီးဒ်ဘုရင်၏အကြောင်းများကို ဖတ်ဖူးမှတ်ဖူးကြပေလိမ့်မည်။ ထိုဘုရင်သည်တရားရှိပြီး၊ များစွာသော အေဗာဒတ်ခဝပ်မှုပြုသော ဘုရင်လည်းဖြစ်တယ်။ ထိုဘုရင်ကြီး၏ အသက်အရွယ်(၁၆)နှစ်သားအရမှာ ဝလီသူတော်စင်အဆင့်ဝင်ခဲ့ပြီး၊ ဇနီးကြင်ယာတော် (ဇိုဘိုင်ဒါ) သခင်မက (နဟ်ရေဇိုဘိုင်ဒါ) အမည်တွင်

သော တူးမြောင်းများကိုတူးဖော်၍ တိုင်းသူပြည်သားများအား အထင်ကရ အကျိုးပြုခဲ့ပါတယ်။

ဟာရွန်ရရှီးဒ်ဘုရင်ကြီးက တစ်နေ့သောအခါ တိုင်းပြည်ကို ကြေငြာခဲ့တယ်။ ယနေ့အလှူကြီးတစ်ခုပေးလှူမယ်။ ထိုအလှူကတော့ ဘုရင်ပိုင်သည့် ဘဏ္ဍာတော်တိုက်ကိုဖွင့်ပြီး တိုင်းသူပြည်သားတိုင်းသည် ထိုဘဏ္ဍာတိုက်မှ မိမိတို့ရယူလိုရာပစ္စည်း တစ်မျိုးကျစီကို ရယူနိုင်ပါကြောင်း ကြေငြာခဲ့ပါတယ်။ ထို့နောက် ဘဏ္ဍာတိုက်ကို ဖွင့်ပေးလိုက်တယ်။ ပြည်သူပြည်သားအားလုံး ပျော်ရွှင်မဆုံးနဲ့ ယူလိုကြသည်ကို တစ်ခုကျစီ စိတ်ကြိုက်ရယူခဲ့ကြပါတယ်။

တစ်ပါးသူတို့အား စိတ်ပျော်ရွှင်စေခြင်းသည် အလွန်ပင် အကျိုးဆက်ဝိပါက် ကြီးမားများပြားလှပါပေ၏။ ရစူလ်ကိုယ်တော်ကသူတစ်ပါး၏ လိုအပ်ချက်အား ထိုသူစိတ်ပျော်ရွှင်စေရန်အတွက် ဖြည့်စွက်ပေးသူသည် ငါရစူလ်အား ပျော်ရွှင်စေသူဖြစ်၏။ ငါရစူလ့်ကို ပျော်ရွှင်စေသောသူသည် အရှင်မြတ်အား ပျော်ရွှင်စေသူဖြစ်၏။ အရှင်မြတ်ကို ပျော်ရွှင်စေသောသူ အား အရှင်မြတ်က ဂျန္နတ်သုခဘုံသို့ ဝင်ရောက်ကာ ပျော်ရွှင်စေတော်မူပေမည် ဟု မိန့်တော်မူထားခဲ့ပါတယ်။

ထိုဟဒီးဆ်သြဝါဒတော်အရဆိုလျှင် ဟာရွန်ရရှီးဒ် ဘုရင်ကြီး၏ အလှူကမွန်မြတ်၍ အကျိုးကြီးမားလှပေတယ်။ ဘုရင်ကထိုကဲ့သို့ စိတ်ကြိုက်တစ်မျိုးတစ်ခုစီ ရယူခွင့်ပေး၍ ဘဏ္ဍာတိုက်ကို ဖွင့်ပေးလိုက် တဲ့အခါ ပြည်သူအားလုံးမှာ ပျော်တပြုံးပြုံးနှင့် သူထက်ငါ ယူနေကြတာပေါ့။

အဲဒီလိုအချိန်မှာ အသားမဲမဲနှင့် မိန်းကလေးတစ်ယောက် ဘုရင်ကြီး၏မနီးမဝေးမှာ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ထိုင်နေခဲ့တယ်။ ဘုရင့်အမိန့်တော်နဲ့ ဘဏ္ဍာတော်တိုက်က တစ်ခုကျစီ ရယူရမယ့်ဝေစု ကိုလည်းဝင်မယူခဲ့ဘူး။

အချိန်တွေကြာလာခဲ့ပြီ နေ့လည်းကုန်တော့မယ်။အလှူခံသူတွေလည်းရယူကြပြီး လှူကုန်နေပြီ ၊ ဘဏ္ဍာတိုက်လည်းပိတ်တော့မယ်။ သို့ပေမယ့် ဆိတ်ငြိမ်နေသည့် မိန်းကလေးဖြင့် မတုန်မလှုပ်နေရာမှာပင် ငုတ်တုတ်ထိုင်နေသေးတော့ ဘုရင်ကမိန့်တယ်။

"အသင်မလည်း တစ်ခုခုကိုရယူပါ"

မိန်းကလေးက ပြန်မေးလျှောက်ထားခဲ့တယ်။ (ဒီနေ့ဘာကိုပဲယူယူ ဘုရင်ကြီးအနေနှင့်ခွင့်ပြုပါသလား) ဘုရင်ကြီးက (ဒီနေ့အသင်မအတွက် ဘာကိုပဲယူယူ တစ်ခုခုကိုရယူပါခွင့်ပြုကြောင်း) ထပ်၍မိန့်တယ်။ ထိုအခါ မိန်းကလေးက ဘုရင်ကြီးရဲ့ အင်္ကျီအမိတ်စကိုလှမ်းကိုင်ပြီး။

"ကျွန်မဘုရင်ကြီးကို ရယူလိုပါတယ်။" လို့ ပြောဆိုကြေငြာခဲ့တယ်။ မိန်းကလေးရဲ့ရယူမှုက ထူးဆန်းလွန်းလို့ ကြားရတဲ့ တိုင်းသူပြည်သားများကပင် အံ့သြကြီးစွာ ဖြစ်သွားခဲ့ကြရတယ်။ ထိုအံ့သြမှုများအတွက် မိန်းကလေးကထပ်၍ ရှင်းပြခဲ့တာက (ဘုရင်ကိုရယူခဲ့ခြင်းမှာ သူမအတွက် ပြည့်စုံလုံလောက်ပြီဖြစ်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဘုရင်ကိုရယူခြင်းအားဖြင့် ဘုရင်ပိုင်ဆိုင်သောအရာတိုင်းမှာ(တိုင်းပြည်နှင့်ဘဏ္ဍာတိုက်ကိုပါ) ရရှိပြီးဖြစ်ပါကြောင်း) ပြောဆိုရှင်းပြခဲ့ပါတယ်။

အထက်ပါ သမိုင်းကြောင်းလေးကို ဖတ်ရှုလေ့လာကြပြီး သုံးသပ်ဆင်ခြင်ကြရမှာက မိန်းကလေးပြောဆိုခဲ့သည့်အတိုင်း "ဘုရင်ကြီးကို ရယူပြီးခြင်းမှာ အရာခပ်သိမ်း(အားလုံး)ကိုရပြီးဖြစ်သကဲ့သို့ပင်။

ကျွန်ုပ်တို့အီမာန်ရှင်များသည်လည်း ပြည့်စုံလုံလောက်တော်မူသော "အရှင်မြတ်"အား နှလုံးသားထက်ဝယ် ရယူထားပြီးသည့်နောက် မည်သည့်အတွက်ကိုမှ စိုးရိမ်ကြောင့်ကျစရာမလိုအပ်တော့ပြီ။ အားလုံး(အားလုံး)မှာ ပြည့်စုံလုံလောက်ပေပြီ။ ကျွန်ုပ်တို့အတွက် အလွှာပ်

အသျှင်မြတ်သည် ပြည့်စုံလုံလောက်တော်မူပေသည်။ "အလ္လာဟ်ကိုရရှိခြင်း (တနည်းအားဖြင့်) အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကို ရရှိခြင်း"သည် ကျွန်ုပ်တို့အတွက် ပြည့်စုံလုံလောက်ပြီဖြစ်ပါတယ်။

အရာခပ်သိမ်းပြည့်စုံလုံလောက်စေရန်အတွက်"အရှင့်နှစ်သက်မှု" အား ရှာဖွေကြရာဝယ် ကျွန်ုပ်တို့သည် လိုအပ်ပါသော မိမိတို့၏အချိန်၊ ဥစ္စာပစ္စည်း သားသမီးနှင့်မိမိတို့၏ အသက်ကိုပင် ကုရ်ဘာနီပေးပြီး စတေးနိုင်ကြရပေမယ်။

ထို့ကြောင့် အောက်ပါအမိန့်စကားအား လက်ကိုင်ထား၍ လိုက်နာကျင့်သုံးပါလေ။

"မည်သူသည် အလ္လာဟ့်အတွက်ဖြစ်မည်နည်း။ အလ္လာဟ်သည် ထိုသူအတွက်ဖြစ်မည်"ဟူသကဲ့သို့ပင်။

ကျွန်ုပ်တို့က "ကျေးကျွန်" ပီသစွာဖြင့် အရှင့်အမိန့်တော်များကို နာခံဆောင်ရွက်နေသရွေ့ အရှင်မြတ်ဘက်တော်မှလည်း ကျွန်ုပ်တို့ အပေါ်တွင် ပြည့်စုံလုံလောက်စေတော်မူမှာဖြစ်ပါတယ်။

အကယ်၍ကျွန်ုပ်တို့မှ အရှင့်အမိန့်တော်များကို မနာခံ၊ မလုပ်ဆောင်သရွေ့မှာတော့ ကျွန်ုပ်တို့၏လိုအပ်ချက်များနှင့် လိုအင်ဆန္ဒ များမှာလည်း ပြည့်စုံလာလိမ့်မည်မဟုတ်ပါပေ။ အမြဲချို့တဲ့၍ နေမည်သာပင်။

ထို့ကြောင့် အရှင်မြတ်၏အမိန့်တော်များကို နာခံနေကြရန် အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုတို့အား ရှာဖွေနေကြရန်မှာ လွန်စွာ အရေးကြီးလှပါကြောင်းကို ကျွန်ုပ်တို့မှ ကောင်းစွာသတိထားပြီး နားလည် သင့်ကြပါတယ်။

အိဗ္ဗရာဟီမ်နဗီတမန်တော်ကြီး မိသားစုကြိုးပမ်းကြသကဲ့သို့ ကျွန်ုပ်တို့သည်လည်း မိသားစုလိုက်ပင် အရှင့်အမိန့်တော်များကို

နှာခံကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ မိမိတို့၏အရှင်သခင် ကျေနပ်နှစ်သက်တော်မူစေရန်အတွက် "ဒီးန်အစ္စလာမ်"၏အပေါ်တွင် မိသားစုလိုက် အနစ်နာခံ၍ ကြိုးပမ်းသွားကြရမှာပါ။ သို့မှသာလျှင် မိသားစုလိုက် ဂျန္နတ်သုခဘုံတွင် ပျော်ရွှင်စွာဝင်ရောက်စံမြန်းကြရမှာ ဖြစ်ပါတယ်။

မိဘနှစ်ပါးကဂျန္နတ်မှာ၊ သားသမီးများက ဂျဟာန္နမ်မှာ(သို့မဟုတ်) သားသမီးများက ဂျန္နတ်မှာ၊ မိဘနှစ်ပါးက ဂျဟာန္နမ်မှာဆိုပါလျှင် မည်သူသည် ပျော်ရွှင်နိုင်ပါတော့မည်နည်း။

ထို့ကြောင့် မိသားစုလိုက် သုခဘုံတွင် ဝင်ရောက်ပျော်ရွှင်နိုင်ကြစေရန်အတွက်မှာ နဗီအိဗ္ဗရာဟီမ်မိသားစုကဲ့သို့ပင် မိသားစုလိုက် "ဒီးန်သာသနာတော်"၏အပေါ်တွင် ကြိုးပမ်းသွားကြစေလိုပါတယ်။ "ဒီးန်သာသနာ"သာလျှင် အဓိကဖြစ်ပါတယ်။

ပြည့်စုံလုံလောက်တော်မူသော မိမိတို့အရှင်သခင်၏ "ကျေနပ်နှစ်သက်မှု"ကို ရယူခံယူရခြင်းမှာ (မိန်းကလေးက ဘုရင်ကို ရယူလိုက်သောအခါတွင် ဘုရင်၏စည်းစိမ်အားလုံးကို ရရှိပြည့်စုံသွားဘိသကဲ့သို့ အလားတူပင်) ကျွန်ုပ်တို့သည်လည်း လိုအပ်ချက်အလုံးစုံ၊ လိုအင်ဆန္ဒအလုံးစုံတို့မှာလည်း ပြီးပြည့်စုံ၍ အောင်မြင်မှုသရဖူကို ရရှိကြပေမည်မှာ အသေအချာပင်။

စိုးရိမ်ကြောက်ရွံ့ဖွယ်ရာ စခန်းများဖြစ်ကြသည့် စကားရားသ်၊ ကဗရ်၊ အာခေရတ်၊ ပွလ်စွေရတ်၊ မီဇာန်၊ ဂျန္နတ်၊ ဂျဟာန္နမ် စသည့် ခန်းစဉ်တိုင်းအတွက်ပင် ပူပင်သောကဖက်ရန်မလိုတော့ပေ။

"အရှင်သခင်၏ ကျေနပ်နှစ်သက်ခြင်း"က "ကျွန်"တို့အတွက် ပြည့်စုံလုံလောက်ပြီး ဖြစ်လေတယ်။

ထို့ကြောင့် နိဂုံးချုပ်ရပါလေသော် "အရှင်မြတ်၏ ကျေနပ်နှစ်သက်မှု"အား ကျွန်ုပ်တို့ရှာဖွေကြရာဝယ် နဗီတမန်တော်အိဗ္ဗရာဟီမ် (အလိုင်ဟစ္စလာမ်)သခင်ကြီး ၏ လမ်းစဉ်တော်အပေါ်၌ ဖဝါးခြေထပ် လျှောက်လှမ်းတော်မူခဲ့ပါသော် ကျွန်ုပ်တို့၏လမ်းပြရှုလ် နဗီတမန်တော်ချုပ် မိုဟမ္မဒ်(စွလောလ္လာဟို အလိုင်းဟေဝစ်စလာမ်)သခင်၏ နည်းတွရီကာများနှင့်အညီ ရှာဖွေလိုက်နာကြိုးပမ်းသွားကြရမှာ ဖြစ်ပါကြောင်းကို ထပ်လောင်း၍ တင်ပြအပ်ပါတယ်။

ဤတွင် "ချစ်စံနမူ"စာစဉ်အား ရေးသားပြုစုတင်ပြမှုပြီးဆုံးပေပြီ။

စာရှုသူများအနေနှင့် ဤစာစဉ်ကို ဖတ်ရှုလေ့လာသုံးသပ်ပြီးသည့်နောက်တွင် "အရှင်သခင်"၏အပေါ်မှာ ထားရှိသော မိမိတို့၏ "အချစ်"များ (အမိန့်နာခံမှုများ) စံချိန်များအား ပိုမိုတိုးတက် မြင့်မားလာအောင် ဆောင်ရွက်နိုင်ကြမည်ဆိုပါလျှင်ဖြင့် ဤစာစဉ်အား ရေးသားပြုစုတင်ပြရကျိုးနပ်ပြီဖြစ်ပါတယ်။

"အရှင့်အမိန့်တော်နာခံခြင်း" တည်းဟူသော ဓား အောက်တွင် နဖ်စ်အမ္မာရာ၏ ဆန္ဒရိုင်းများကို လည်စင်း၍ ကုရ်ဘာနီပြု စွန့်လွှတ်စတေးနိုင်ကြပါစေ။

စေတနာမွန်ဖြင့် -

ချမ်းမြေ့ကြည်သာ (သာစည်)

□□□□□

မှီငြမ်းကျမ်းစာများ

၁။ အစ္စလာမ်ပေါင်းချုပ်ကျမ်း
၂။ ယာဇီ့အသံ
၃။ အလ်မီဇာန်
၄။ ကုရ်ဟာနီသဘောတရား သမိုင်းနှင့်အနှစ်သာရ